

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများအတွင်း

# ရေရှည်ရွှေ့ပြောင်းထွက်ပြေးနေရမှု နှင့် နာတာရှည်ဆင်းရဲမွဲတေမှုအခြေအနေ

၂၀၁၀

ထိုင်း – မြန်မာနယ်စပ်ဒေသဆိုင်ရာ ကူညီစောင့်ရှောက်ရေး ညှိနှိုင်းပေါင်းအသင်း

ထိုင်း – မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း
၂၀၁၀ ခုနှစ်

# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများအတွင်း ရေရှည်ရွှေ့ပြောင်းထွက်ပြေးနေရမှု နှင့် နာတာရှည်ဆင်းရဲမွဲတေမှုအခြေအနေ

အောက်ဖော်ပြပါ အဖွဲ့အစည်းများက ကွင်းဆင်းသုတေသနလုပ်ငန်းများနှင့်
နောက်ဆုံးအခြေအနေ သတင်းများ ပေးပို့ကူညီခဲ့ကြပါသည်။

ကရင် ပြည်တွင်းဒုက္ခသည်များဆိုင်ရာ ကော်မီတီ (CIDKP)
ကရင် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးရုံး (KORD)
ကရင်နီ လူမှုဖူလုံရေးနှင့်ဖွံ့ဖြိုးရေးဌာန (KSWDC)
မွန် ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေး ကော်မီတီ (MRDC)
ရှမ်း ကယ်ဆယ်ရေးနှင့်ဖွံ့ဖြိုးရေး ကော်မီတီ (SRDC)

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း
Thailand Burma Border Consortium
12/5 Convent Road, Bangrak, Bangkok, 10500, Thailand
tbbcbkk@tbbc.org

www.tbbc.org

ရှေ့မျက်နှာဖုံးဓါတ်ပုံ။ ။ နောက်တကြိမ် ရွှေ့ပြောင်းထွက်ပြေးရပြန်ခြင်း၊ သံတောင်မြို့နယ်၊ ၂၀၁၀ ခုနှစ်။ (CIDKP)

ဒီဇိုင်း။ ဝန်တာနီ မာနီဒါန်း (Wantanee Maneedang)

ပုံနှိပ်စက်။ ဝါနီဒါ ပုံနှိပ်စက်၊ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံ။

# မာတိကာ


**အစီရင်ခံစာ အကျဉ်းချုပ်** ..... ၁

**၁။ နိဒါန်း** ..... ၇

၁။ ၁။ မြန်မာနိုင်ငံအတွင်း မတည်ငြိမ်သည့်လူသားချင်းစာနာမှု အခြေအနေ ..... ၈

၁။ ၂။ ဆောင်ရွက်ပုံနည်းနာ ..... ၁၂

**၂။ ရေရှည် အိုးအိမ်အခြေပျက်ခြင်းနှင့် စစ်တပ်များ တိုးချဲ့ချထားခြင်း။** ..... ၁၉

၂။ ၁။ စစ်တပ်များ တိုးချဲ့ချထားခြင်း နှင့် ထိခိုက်နစ်နာမှု အကြောင်းများ။ ..... ၂၀

၂။ ၂။ ရွှေ့ပြောင်းထွက်ပြေးရသည့် ပမာဏအတိုင်းအဆနှင့် ပျံ့နှံ့တည်ရှိနေပုံ။ ..... ၂၆

**၃။ နာတာရှည် ဆင်းရဲမွဲတေမှု** ..... ၃၁

၃။ ၁။ လူဦးရေဖိစီးမှု အကြောင်းများ ..... ၃၂

၃။ ၂။ အိုးအိမ်၊ ရေကောင်းရေသန့် ရရှိမှုနှင့် သန့်ရှင်းမှု အခြေအနေ ..... ၃၅

၃။ ၃။ ကလေးများ၏ ပညာရေးနှင့် အာဟာရ ချို့တဲ့မှု အခြေအနေ ..... ၃၉

၃။ ၄။ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ပိုင်ဆိုင်မှုများ ..... ၄၃

၃။ ၅။ အိမ်ထောင်စု ဝင်ငွေနှင့် အသုံးစရိတ်များ ..... ၄၈

၃။ ၆။ စားနပ်ရိက္ခာ ဖူလုံမှု (လုံခြုံမှု) ..... ၅၁

၃။ ၇။ စားဝတ်နေရေးတုန်လှုပ်ခြောက်ချားမှုများ၊ ကြွေးမြီနှင့် ဖြေရှင်းရေးနည်းနာများ ..... ၅၇

**၄။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသ နောက်ဆုံးအခြေအနေ** ..... ၆၃

၄။ ၁။ ရှမ်းပြည်နယ်တောင်ပိုင်း ..... ၆၄

၄။ ၂။ ကရင်နီပြည်နယ် ..... ၆၇

၄။ ၃။ ကရင်ပြည်နယ် မြောက်ပိုင်းဒေသများ ..... ၇၀

၄။ ၄။ ကရင်ပြည်နယ် အလယ်ပိုင်းဒေသများ ..... ၇၂

၄။ ၅။ မွန်ဒေသများ ..... ၇၅

၄။ ၆။ တနင်္သာရီတိုင်း ..... ၇၈

**နောက်ဆက်တွဲများ** ..... ၈၁

**၁။ ပြည်တွင်း ဒုက္ခသည်ဦးရေ ခန့်မှန်းချက် (၂၀၁၀)** ..... ၈၂

**၂။ ၂၀၁၀ ခုနှစ်အတွက် မေးခွန်းလွှာ** ..... ၈၃

## မြေပုံများ


မြန်မာနိုင်ငံအရှေ့ပိုင်းအတွင်း အိမ်ထောင်စုစစ်တမ်းကောက်ယူသည့်ရွာများ၊ ၂၀၁၀ ခုနှစ်...... ၁၃
မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် စစ်တပ်တိုးချဲ့ချထားလာမှု...... ၂၁
၂၀၁၀ ခုနှစ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆက်စပ်နေသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ...... ၂၅
မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ရွှေ့ပြောင်းထွက်ပြေးရသည့် ကျေးရွာများ (၁၉၉၆–၂၀၁၀)...... ၂၇
မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးရမှု (၂၀၁၀)...... ၂၉
ရှမ်းပြည်နယ် တောင်ပိုင်း...... ၆၅
ကရင်နီ ပြည်နယ်...... ၆၉
ကရင်ပြည်နယ် မြောက်ပိုင်းဒေသများ...... ၇၁
ကရင်ပြည်နယ် အလယ်ပိုင်းဒေသများ...... ၇၃
မွန်ဒေသများ...... ၇၇
တနင်္သာရီတိုင်း...... ၇၉


## ပုံများ


ပုံ ၁။ အိမ်ထောင်စု စစ်တမ်းကောက်ယူမှုတွင် ဖြေကြားသူများ၏ လူဦးရေဆိုင်ရာ အကြောင်းများ...... ၁၇
ပုံ ၂။ မြန်မာနိုင်ငံတွင် ရွေးချယ်ထားသည့် အချို့ဒေသများ၏ အသက်အရွယ် ဖွဲ့စည်းပုံ...... ၃၃
ပုံ ၃။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် နိုင်ငံသားဖြစ်မှု အခြေအနေ...... ၃၄
ပုံ ၄။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့်အချို့ဒေသများတွင်အိမ်ဆောက်လုပ်သည့် အဓိကပစ္စည်းများ...... ၃၅
ပုံ ၅။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် သောက်သုံးရေ အရင်းမြစ်နေရာ...... ၃၇
ပုံ ၆။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် ယင်လုံအိမ်သာ (အဆင့်မြင့်ကျန်းမာ သန့်ရှင်းရေး) ရရှိနိုင်မှု အခြေအနေ...... ၃၈
ပုံ ၇။ မြန်မာနိုင်ငံရှိ မူလတန်းကျောင်းနေ ကလေးများကျောင်းထွက်ရသည့် အကြောင်းအရင်း...... ၄၀
ပုံ ၈။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကလေးများ ယာယီနှင့် ပြင်းထန်စွာဖြစ်ပေါ်သည့် အာဟာရ ချို့တဲ့မှု...... ၄၂
ပုံ ၉။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု အခြေအနေ...... ၄၄
ပုံ ၁၀။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် လယ်ယာစိုက်ပျိုးရေး ပစ္စည်းများ၏ ပိုင်ဆိုင်မှု...... ၄၅
ပုံ ၁၁။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်မွေးတိရိစ္ဆာန်များ ပိုင်ဆိုင်မှု အခြေအနေ...... ၄၇
ပုံ ၁၂။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် ငွေကြေးဝင်ငွေ အဓိကရရှိသည့် နေရာ...... ၄၉
ပုံ ၁၃။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်ထောင်စုများ၏ အဓိက သုံးစွဲ ကုန်ကျမှု...... ၅၀
ပုံ ၁၄။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် ဆန် အဓိကရရှိသည့် ရင်းမြစ်နေရာ...... ၅၂
ပုံ ၁၅။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အစားအစာ စားသောက်မှု ပုံစံ...... ၅၉

ပုံ ၁၆။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အသက်မွေးဝမ်းကျောင်းအပေါ်
ရုတ်ချည်း ထိခိုက် သက်ရောက်မှု အဓိကအကြောင်းများ ............ ၅၇
ပုံ ၁၇။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်ထောင်စုများ တင်ရှိနေသည့်
ကြွေးမြီများ ............ ၅၉

## စာရင်းဇယားများ

စာရင်း ၁။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် လိင် နှင့် အသက်ကွဲပြားမှုအလိုက်
နမူနာ လူဦးရေ............ ၃၄
စာရင်း ၂။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ဆောက်လုပ်သည့် အဓိက ပစ္စည်းများ............ ၃၆
စာရင်း ၃။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် သောက်သုံးရေ အရင်းမြစ်နေရာ ............ ၃၈
စာရင်း ၄။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ယင်လုံအိမ်သာ (အဆင့်မြင့်ကျန်းမာသန့်ရှင်းရေး)
ရရှိနိုင်မှု အခြေအနေ............ ၃၉
စာရင်း ၅။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် မူလတန်းကျောင်း တက်သည့်နှုန်း............ ၄၀
စာရင်း ၆။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် မူလတန်းကျောင်းနေ
ကလေးများကျောင်းထွက်ရသည့် အကြောင်းအရင်း............ ၄၁
စာရင်း ၇။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု အခြေအနေ............ ၄၅
စာရင်း ၈။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် ထုတ်လုပ်ရေး
ပစ္စည်းများ ပိုင်ဆိုင်မှု အခြေအနေ............ ၄၆
စာရင်း ၉။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် အိမ်မွေးတိရစ္ဆာန်
ပိုင်ဆိုင်မှု အခြေအနေ............ ၄၇
စာရင်း ၁၀။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ငွေကြေးဝင်ငွေ အဓိကရရှိသည့် နေရာ ............ ၄၉
စာရင်း ၁၁။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုများ၏ အဓိက သုံးစွဲကုန်ကျမှု............ ၅၁
စာရင်း ၁၂။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ဆန် အဓိကရရှိနိုင်သည့် ရင်းမြစ်နေရာ............ ၅၃
စာရင်း ၁၃။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် ဆန်သိုလှောင်မှု............ ၅၄
စာရင်း ၁၄။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ပျမ်းမျှ အစားအစာ စားသုံးမှု စံချိန်............ ၅၅
စာရင်း ၁၅။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ပျမ်းမျှ အစားအစာ စားသုံးမှုစံချိန်............ ၅၆
စာရင်း ၁၆။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အစားအစာ စားသောက်မှု ပုံစံ............ ၅၈
စာရင်း ၁၇။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အသက်မွေးဝမ်းကျောင်းအပေါ် ရုတ်ချည်း
ထိခိုက် သက်ရောက်မှု အဓိကအကြောင်းများ ............ ၆၀
စာရင်း ၁၈။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စု ကြွေးမြီများ............ ၆၁



တောင်တန်းများပေါ်တွင် အိုးအိမ်စွန့်ခွာပြေးတိမ်းရှောင်နေရသူများ၊ ကျောက်ကြီးမြို့နယ်၊ ၂၀၁၀ ခုနှစ် (KORD)

# အစီရင်ခံစာ အကျဉ်းချုပ်

# အစီရင်ခံစာ အကျဉ်းချုပ်

နှစ် ၂၀ ကြာပြီးနောက် မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏ ရလဒ်များက မည်သို့ထွက်ပေါ်လာသည် ဖြစ်စေ၊ အသစ်တက်လာမည့် အစိုးရနှင့် နိုင်ငံတကာ မိသားစုအနေဖြင့် နိုင်ငံ၏ ယိုရွှင်းကျဆင်းနေသည့် လူမှု–စီးပွားရေး အခြေအနေများကို ရှေ့ဆက် လျစ်လျူပြုထား၍ ဖြစ်နိုင်မည် မဟုတ်ချေ။ အထူးသဖြင့် ပြည်တွင်းစစ်မီး ဆက်လက်တောက်လောင်နေ လျှက်ရှိသည့် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင်၊ လူသားချင်းစာနာမှုအကူအညီများလည်း တားမြစ်ကန့်သတ်ထားသည်ဖြစ်ရာ၊ နာတာရှည် ဆင်းရဲမွဲတေမှုသို့ ဆိုးရွားစွာ တွေ့ကြုံခံစားနေကြရပြီး အရေးပေါ် အာရုံစိုက်ရန် အထူးလိုအပ်နေပါသည်။

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း (တီဘီဘီစီ) အနေနှင့် တိုင်းရင်းသားများ၏ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ အကူအညီဖြင့် မြန်မာနိုင်ငံ အရှေ့ပိုင်း ဒေသရှိ အခြေအနေများကို ၂၀၀၂ ခုနှစ်မှစတင်၍ မှတ်တမ်းတင်လာခဲ့ပါသည်။ ယခုနှစ်တွင် တိုင်းနှင့် ပြည်နယ် ၆–ခု တွင် အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးနေရမှုများကို အသစ်ဖြည့်စွက် မှတ်တမ်းတင်ရုံမျှ သာမက၊ မြို့နယ် ၆–ခုတွင် ဆင်းရဲမွဲတေမှုအခြေအနေ စစ်တမ်းကောက်ယူမှုကိုပါ ဆောင်ရွက်ခဲ့ ပါသည်။ ဆင်းရဲမွဲတေမှုစစ်တမ်းကောက်ယူခြင်းကို ရန်ကုန်အခြေစိုက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသော အဖွဲ့အစည်းများနှင့် တိုင်ပင်အကြံရယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ယုံကြည် လက်ခံနိုင်လောက်သော တနိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမှုလည်းရှိသည့် အိမ်ထောင်စုများ၏ ထိခိုက်နစ်နာဖွယ်အခြေအနေ သတင်းအချက်အလက် ဒေတာဘေ့စ် (database of indicators for household vulnerability) တခုအတွက် တတ်စွမ်းသမျှဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

အစိုးရ၏ စာရင်းအင်းကိန်းဂဏန်းများက နစ်နာခံစားနေရသော အခြေအနေများကို ဖုံးကွယ် ပုံဖျက်ထားပြီး၊ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ဆင်းရဲမွဲတေမှုသိပ်မရှိ ဟုဖော်ပြထားသည်။ အကြောင်းမှာ အချို့သောနေရာများတွင် စစ်တမ်းကောက်ယူမှုများကို ခွင့်မပြုဘဲ၊ အချို့သော အထူး ဆင်းရဲမွဲတေနေသည့် ကွက်ကျားနေရာဒေသများကိုလည်း ထည့်သွင်းတွက်ချက်ခြင်း မပြုပါ။ ပြည်နယ် နှင့်တိုင်းအဆင့်အတွက် စုပေါင်းတွက်ချက်ထားသည့် ကိန်းဂဏန်းများကိုသာ ဖော်ပြလေ့ရှိပါသည်။ သို့ သော်လည်း ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ အိမ်ထောင်စုများ၏ ထိခိုက်နစ်နာဖွယ်အခြေအနေညွှန်းကိန်းများသည် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အခြားသော နေရာဒေများတွင် တွေ့ရှိရသည့် အဆိုးရွားဆုံး အခြေအနေများနှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ စစ်တမ်းနမူနာအဖြစ် ကောက်ယူခဲ့သည့် ကျောက်ကြီးမြို့နယ်ရှိ လူထုတဝက်ခန့်မှာ အိုးအိမ်ပြောင်းရွှေ့ ထွက်ပြေးရခြင်း၊ အတင်းအကျပ်အလုပ်ခိုင်းစေခံရခြင်း၊ ခရီးသွားလာမှု တင်းကျပ်ကန့်သတ်ခံရခြင်းများ ကြုံတွေ့နေရကာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအတွက် အထူးကျပ်တည်းထိခိုက်စေပြီး၊ ဆင်းရဲမွဲတေမှုအဆိုးရွားဆုံးအခြေအနေကို ပြီးခဲ့သည့် ၆–လတာကာလအတွင်း လေ့လာတွေ့ရှိ ရပါသည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် လူဦးရေ ဖွဲ့စည်းမှုအကြောင်းများကို စိစစ်သုံးသပ်သည့်အခါ၊ ကလေးမွေးဖွားမှုနှုန်းမြင့်မားခြင်း၊ ကလေးသေနှုန်းမြင့်မားခြင်းနှင့် လူ့ပျမ်းမျှသက်တမ်း နိမ့်ကျနေခြင်းတို့ကို တွေ့ရှိရပါသည်။ အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိလူဦးရေအနည်းငယ်ကိုသာ အလွန်အမင်း မှီခိုရှင်သန်နေရသည်ကို တွေ့ရသည်။ ထို့အပြင် စစ်တမ်းကောက်ယူခဲ့သည့် လူဦးရေအတွင်း နိုင်ငံသားစိစစ်ရေးကဒ်ပြား အထောက်အထားများ ရှိမနေကြပါ။ ဤသို့ ထိခိုက်နစ်နာဖွယ်အခြေအနေများမှာ တနိုင်ငံလုံး ပျမ်းမျှညွှန်းကိန်းများထက်စာလျှင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ အခြေအနေများနှင့် ပို၍ နှိုင်းယှဉ်ကြည့်၍ ရနိုင်ဖွယ်ရှိပါသည်။

တရားဝင် ကိန်းဂဏန်းဖော်ပြချက်များအရ တနိုင်ငံလုံးတွင် ကချင်ပြည်နယ်နှင့် မကွေးတိုင်းတွင် ဆင်းရဲမွဲတေမှုအဆိုးရွားဆုံးဟု ဖော်ပြထားပါသည်။ သို့သော်လည်း ဤစစ်တမ်းကောက်ယူမှု၏ တွေ့ရှိချက်အရ သန့်ရှင်းသောသောက်သုံးရေရရှိမှု၊ ယင်လုံအိမ်သာ (အဆင့်မြင့် ကျန်းမာသန့်ရှင်းရေး အခြေအနေ) သုံးစွဲနိုင်မှု စသည့် အခြေခံလူနေမှုဘဝမှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် အထူးဆိုးရွားနိမ့်ကျနေပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ဖြစ်ပွားနေသော ရေရှည်ပြည်တွင်းစစ်ဒဏ်ကြောင့် ရေရှည်ခံသည့် အမိုးအကာချို့တဲ့နေကြပြီး၊ ရောဝတီတိုင်းတွင် ပြင်းထန်ဆိုးရွားသော နာဂစ်မုန်တိုင်းဒဏ်သင့်ရပြီးနောက် တနှစ်ကြာအခြေအနေနှင့် ထပ်တူ ဖြစ်နေပါသည်။

အစိုးရ၏ စာရင်းဇယားများအရ စိုက်ပျိုးရေးလုပ်ကိုင်နေကြသော အိမ်ထောင်စုများသည် ပျမ်းမျှအားဖြင့် လယ် ၆–ဧက ရှိသည်ဟု ဖော်ပြထားသော်လည်း၊ ယခု စစ်တမ်းကောက်ယူမှု၏ တွေ့ရှိချက်အရ ၆၄% သော အိမ်ထောင်စုများသည် မြေ ၂–ဧက ထက်နည်း၍ ပိုင်ဆိုင်ကြကာ၊ ၁၃% သော အိမ်ထောင်စုများသည်သာ ရေသွင်းစနစ်ရှိသော စိုက်မြေကို ပိုင်ဆိုင်လုပ်ကိုင်နိုင်ကြပါသည်။ ဤသို့တွေ့ရှိသည့်အတွက်ကြောင့် မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်လုပ်ကိုင်နိုင်မှုနှင့် ပတ်သက်၍ အကြီးအကျယ် မညီမျှမှုရှိနေပြီး၊ ရှိနေသည့် စာရင်းကိန်းဂဏန်းများနှင့် ဆန့်ကျင်ဖော်ပြနေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်အားကို အဓိကအသုံးချရမှုလည်း ထင်ရှားနေပါသည်။ စစ်တမ်းအရ ၈၀% သော လယ်သမားများသည် လယ်ယာသုံးစက် ကိရိယာများ မရှိကြသောကြောင့်၊ အခြေခံကိရိယာများသာသုံး၍ လယ်လုပ်ကိုင် စိုက်ပျိုးနေကြသည်ကို တွေ့ရှိရသည်။

အစိုးရက ဖော်ပြသည့် ကိန်းဂဏန်းများအရ မြန်မာနိုင်ငံ အခြားဒေသများထက်စာလျှင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသသည် စားနပ်ရိက္ခာမဖူလုံမှု ပို၍ခံစားနေရကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ဤစစ်တမ်း၏တွေ့ရှိချက်အရ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသများသည်လည်း အလားတူပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ အိမ်ထောင်စုများ၏ (လေးပုံသုံးပုံ) သည် စစ်တမ်းမကောက်ယူမီတလတွင် အစားအစာပြတ်လပ်မှုကြုံရကြောင်း ဖော်ပြကြပါသည်။ ထို့အပြင် အလားတူ အချိုးရှိသော လူထုများမှာ နောက်တကြိမ်သီးနှံထွက်ရှိမည့်အချိန် မတိုင်မီ ၃–လတွင် ဆန်ပြတ်လပ်မှုအတွက် ပြင်ဆင်နေကြကြောင်း တွေ့ရပါသည်။ အစားအစာ စားသုံးမှု သုံးသပ်ချက်အရ စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ၆၀% သည် အာဟာရ လုံလောက်

မှုမရှိဘဲ၊ ကလေးများတွင် ယာယီနှင့် ပြင်းထန်စွာဖြစ်သည့် အာဟာရချို့တဲ့မှုနှုန်းမှာ မြင့်မားနေပြီး ကြီးလေးသည့် လူထုကျန်းမာရေးပြဿနာတရပ်လည်း ဖြစ်နေပါသည်။

အခြားသော ညွှန်းကိန်းအများအရ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ပြင်းထန်သည့် ထိခိုက်နစ်နာဖွယ်အကြောင်းများ တွေ့ရှိနေရပြီး၊ အသက်ရှင်သန်နိုင်ရုံ ရပ်တည်နေထိုင်နေကြရသည်၊ ခံနိုင်ရည်လည်း အထူးမြင့်မားကြသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုများ (လေးပုံသုံးပုံ) ၏ အဓိက အစားအသောက်ရရှိနိုင်သည့်ရင်းမြစ်မှာ သူတို့၏ စပါးခင်းများ၊ သို့မဟုတ် လူမှုရေး ကွန်ရက်များမှ ရရှိကြခြင်းဖြစ်ပါသည်။ ငွေကြေးဝင်ငွေ ရရှိနိုင်သည့်အခြေအနေမှာ နိုင်ငံ၏ အခြားသော ဒေသများထက် များစွာအကန့်အသတ်ရှိပါသည်။ ကုန်သွယ်မှုအပေါ် မှီခိုရှင်သန်မှု နည်းပါးပြီး၊ အိမ်ထောင်စုများ၏ အသုံးစရိတ်တွင် စား သောက်မှုအတွက် ကုန်ကျနည်းပါးနေသည်ကို ကြည့်ခြင်းအားဖြင့် ကိုယ့်ခြေထောက်အပေါ် ကိုယ်ရပ်တည်ရှင်သန်နေရမှု မြင့်မြင့်မားမား ရှိနေသည် ကို ဖော်ပြနေပါသည်။ ဤအချက်သည် ဆင်းရဲမွဲတေမှု နိမ့်ပါးသည်ဟု ယေဘုယျညွှန်းကိန်းတခုအဖြစ် ယူဆနိုင်သော်လည်း၊ ပြည်တွင်းစစ် ဆက်လက်ဖြစ်ပွားနေသည့် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ခရီးသွားလာမှုကို တင်းကျပ်ကန့်သတ်ထားခြင်း၊ ဈေးကွက်များသို့ ထိတွေ့နိုင်မှုနည်းပါးခြင်းဟူသည့် အချက်များ ထည့်သွင်းစဉ်းစားလိုက်သည့်အခါ ဆင်းရဲမွဲတေမှုနိမ့်ပါးသည်ဟူသည့် ဥပမာဖော်ပြချက် မှာ လွဲချော်ပုံဖျက်ထားသကဲ့သို့ ရှိနေပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ဆင်းရဲမွဲတေမှုသည် စစ်တပ်တိုးချဲ့ချထားမှုကြောင့် ထွက်ပေါ်လာ ရသည့် ရလဒ်ဖြစ်သလို၊ ဤအတွက်ကြောင့်လည်း အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးရမှုများ ဖြစ်ပေါ်လာ ခြင်းလည်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ်အတွင်းတွင် (နအဖ) စစ်အစိုးရက တိုင်းရင်းသား အပစ်အခတ် ရပ်စဲရေးအဖွဲ့များကို နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းစေရန် တိုး၍ဖိအားပေးလာခဲ့ရာ၊ မူလကနိုင်းယှဉ်မှုအရ တည်ငြိမ်နေခဲ့သောနေရာများတွင် မလုံခြုံမှုများ ဖြစ်ပေါ်လာခဲ့သည်။ အဓိက အပစ်အခတ်ရပ်စဲရေးအင်အားစုများက ဤတောင်းဆိုချက်ဖိအားပေးမှုကို ခုခံငြင်းဆန်ခဲ့ကြပြီး၊ ၎င်းတို့က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန်နှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုပြုပါရန်သာ တောင်းဆိုခဲ့ကြသည်။ ဤအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အစိုးရ၏ မြန်မာ့တပ်မတော်က ၎င်းတို့ကို ထောက်ခံသည့် တိုင်းရင်းသား ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့စည်းရန် အတင်းအကျပ် လူနှင့် ငွေကောက်ခံ စုဆောင်းမှုများ ပြုနေပြီး၊ အကယ်၍ အပစ်အခတ်ရပ်စဲရေးပျက်ပြားပါက သူတို့၏ အရံတိုင်းရင်းသား တပ်ဖွဲ့အဖြစ် အသုံးချနိုင်ရန် ဆောင်ရွက်နေကြပါသည်။

ယခုနှစ်စစ်တမ်းကောက်ယူမှု၏ ခန့်မှန်းချက်အရ ၂၀၀၉ ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ အတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် အတင်းအကျပ်ပြုမှုကြောင့် အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးရသူ (၇၃,၀၀၀) ရှိမည်ဟု ခန့်မှန်းပါသည်။ ကရင်ပြည်နယ် မြောက်ပိုင်းဒေသတွင် အိုးအိမ်ပြောင်းရွှေ့ ထွက်ပြေးရမှု အမြင့်မားဆုံးနှုန်းရှိနေသည်ကို လေ့လာတွေ့ရှိရပြီး၊ မြန်မာစစ်တပ်၏ လက်နက်ကြီးဖြင့် အရပ်သားများအပေါ် ပစ်ခတ်တိုက်ခိုက်မှု၊ အိုးအိမ်ရွှေ့ပြောင်းစေရန် အမိန့်အမိန့်များကြောင့် ရွာသား

(၂၆,၀၀၀) ကျော် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရပါသည်။ မွန်ဒေသ တောင်ပိုင်းတွင်မူ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအမိန့်များနှင့် အတင်းအကျပ်ပြောင်းရွှေ့စေမှုများကြောင့် မတည်ငြိမ်မှုနှင့် ပဋိပက္ခများ တိုး၍ ဖြစ်ပေါ်လာပြီး၊ ကျေးရွာလူထု (၈,၀၀၀) ကျော် ထွက်ပြေးလာခဲ့ကြပါသည်။

၁၉၉၆ ခုနှစ်မှစ၍ ကျေးရွာ သို့မဟုတ် လူမှုအသိုက်အဝန်း (၃,၆၀၀) တို့သည် အိုးအိမ် ဖျက်ဆီးခံရခြင်း၊ အတင်းအကျပ်ရွှေ့ပြောင်းစေခြင်း၊ သို့မဟုတ် အတင်းအကျပ်စွန့်ခွာစေခြင်း တို့ကြောင့် နေရပ်ရင်းစွန့်ခွာထွက်ပြေးခဲ့ကြရသည်ကို (တီဘီဘီစီ) ၏ မိတ်ဖက်အဖွဲ့အစည်းများက မှတ်တမ်းတင်ထားနိုင်ခဲ့ကြပါသည်။ ၎င်းကျေးရွာများတွင် ပြီးခဲ့သည့်နှစ်အတွင်း ရွှေ့ပြောင်းထွက် ပြေးခဲ့ကြရသည့် ကျေးရွာနှင့် ရွှေ့ပြောင်းထွက်ပြေးနေကြရာ ရွာပုန်းရွာရှောင် ၁၁၃ ခုလည်း အပါအဝင် ဖြစ်ပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ၏ အတင်းအကျပ်ဆောင်ရွက်တတ်သည့် လုပ်ရပ်များကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပြီး၊ မြန်မာနိုင်ငံအရှေ့ဖျားဒေသများတွင် ၂၀၁၀ ခုနှစ် အကုန်၌ အိုးအိမ်ပြောင်းရွှေ့ ထွက်ပြေးနေရသူ ပြည်တွင်းဒုက္ခသည် အနည်းဆုံး (၄၄၆,၀၀၀) ရှိနေပါသည်။ ဤသို့ လျှော့ပေါ့ခန့်မှန်းချက်သည် မြန်မာနိုင်ငံ၏ မြို့နယ် (၃၇) ခုကိုသာ လွှမ်းခြုံနိုင်မှု ရှိပြီး၊ မြို့ပြဒေသများကို ထည့်သွင်းတွက်ချက်နိုင်ခြင်းမရှိပါ။ ဖြစ်နိုင်သည်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေရသူဒုက္ခသည် သန်းတစ်ဝက် (၅ သိန်း) ခန့် ရှိနေနိုင်ပါသည်။

ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင် စစ်တပ်က ခန့်ထားသူကိုယ်စားလှယ်များနှင့် အဆွယ်အပွား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ အစိုးရကိုဆက်လက်ထိန်းချုပ်ထားနိုင်ဖွယ်ရှိပြီး၊ လာမည့်အနီးကပ်ကာလတွင် မြန်မာနိုင်ငံ၌ လူအများခံစားကြုံတွေ့နေရသော ဒုက္ခများအပေါ် နိုင်ငံရေးအရ လျစ်လျူပြုဥပက္ခာထားမှု ချက်ချင်းလက်ငင်းပြောင်းလဲသွားဖွယ် မမြင်ရသေးပါ။ အစစ်အမှန် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရေးအတွက် နှင့် လူ့ အခွင့်အရေးကိုအခြေခံသော ဥပဒေနည်းကျအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး စိန်ခေါ်မှု ပြဿနာများ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။ နိုင်ငံအာဏာပိုင်များနှင့် ဆက်လက်၍ ဖိအားပေးမှုများ၊ ဆက်ဆံမှုများဖြင့် ပြောင်းလဲလာစေရန် ဆက်လက်ဆောင်ရွက်သွားရဖို့လည်း ရှိနေပါသည်။

သို့သော်လည်း၊ ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ကူညီရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် အရေးပေါ်လိုအပ်နေပါသည်။ ရန်ကုန်အခြေစိုက်နှင့် နယ်စပ်အခြေစိုက် အကူအညီပေးရေးအဖွဲ့များ၌လည်း ချက်ချင်းတိုးမြှင့်လာမည့် အပိုဆောင်း အကူအညီများကို လက်ခံအကောင်အထည်ဖော်နိုင်ရန် စွမ်းရည်များလည်း အဆင်သင့်ရှိနေကြ ပါသည်။ ၎င်းလူသားချင်းစာနာမှုအကူအညီများနှင့် ဖွံ့ဖြိုးရေးအကူအညီများသည် နိုင်ငံရေး ရည်ရွယ်ချက်အတွက် ပေးခြင်းထက်စာလျှင်၊ လူအများ၏ လိုအပ်ချက်နှင့် ထိခိုက်နစ်နာဖွယ် အကြောင်းများကို ထောက်ထား၍ပေးခြင်း၊ အစီအစဉ်ချမှတ် အကောင်အထည်ဖော်ခြင်း ဖြစ်သင့်ပါသည်။

“(ကုလသမဂ္ဂ) အထွေထွေညီလာခံသည် … … မြန်မာနိုင်ငံရှိ ပဋိပက္ခ ဖြစ်ပွားနေ သောဒေသများနှင့် နယ်စပ်ဒေသများ အပါ အဝင်၊ အရပ်ဒေသအားလုံး၌ အချိန်နှင့် တပြေးညီ၊ လုံခြုံစွာ နှင့် အပြည့်အဝ၊ ဟန့်တားနှောက်ယှက်မှု မရှိဘဲ ကုလသမဂ္ဂ (အဖွဲ့အစည်းများ)၊ နိုင်ငံတကာ လူသားချင်းစာနာမှု ကူညီပေးရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် သူတို့၏ မိတ်ဖက်အဖွဲ့အစည်းများက သွားရောက်ထိတွေ့ ခွင့်ရှိရန် အာမခံချက်ပေးရန်အတွက် မြန်မာအစိုးရကို တောင်းဆိုအပ်ပါသည်။ နိုင်ငံတဝှမ်းရှိ အကူ အညီလိုအပ်နေသူများ အားလုံးထံသို့ (အိုးအိမ်ရွှေ့ပြောင်း ထွက်ပြေးနေရသူများ အပါအဝင်ထံသို့) လူသားချင်းစာနာမှုဖြင့် အကူအညီများ ပေးပို့နိုင်ရေး အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါရန် တောင်းဆိုအပ်ပါသည်။”

ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ဆုံးဖြတ်ချက် အမှတ် ၆၄/၂၃၈၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ၊ ဒီဇင်ဘာလ ၂၄ ရက်၊ ၂၀၀၉ ခုနှစ်။ အပိုဒ်–၈ နှင့် ၂၂။

# အခန်း (၁)




# နိဒါန်း

## ၁။ ၁။ မြန်မာနိုင်ငံအတွင်း မတည်ငြိမ်သည့်လူသားချင်းစာနာမှု အခြေအနေ

*“ကျနော်တို့ဘိုးဘွားတွေက ဒီမြေကို အပ်နှင်းခဲ့ကြတယ်။ ကျနော်တို့က ဒီရွာမှာပဲ ကြီးပြင်းလာခဲ့ ကြတယ်။ ကျနော်တို့ သွားလာခွင့်တွေကို ကန့်သတ်ထားတော့ အခုတော့ရှင်သန်ဖို့တောင် ခက်နေကြပြီ။ ဒါပေမယ့် ကျနော်တို့ဒီမှာ ဆက်နေနေဦးမယ်။ ကျနော်တို့ တချို့မိတ်ဆွေတွေက နယ်စပ်ဒေသကို ထွက်သွားကြတယ်။ သူတို့လည်း အခက်အခဲတွေနဲ့ပဲ။ ကျနော်တို့ဘယ်မှာပဲနေနေ၊ အခက်အခဲတွေက ရှိနေမှာပဲ။ ဒါပေမယ့် ဒီနေရာက ကျနော်တို့အိမ်ပါ။”*

ကရင်လူထုတဦး၊ သံတောင် မြို့နယ်။ (CIDKP) တွေ့ဆုံမေးမြန်းခန်း၊ မတ်လ ၂၀၁၀ ခုနှစ်။

မြန်မာနိုင်ငံတဝှမ်းတွင် နာတာရှည်ဆင်းရဲမွဲတေမှုကို ကြုံတွေ့ခံစားနေရပါသည်။ အစိုးရ၏ ကိန်းဂဏန်း ဖော်ပြချက်များအရ လူဦးရေ၏ ၃၂% သည် ဆင်းရဲစွာနေထိုင်နေကြရပြီး၊ သူတို့၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိကြပါ။[၁] ဆယ်စုနှစ်ပေါင်းများစွာ စစ်တပ်က အုပ်ချုပ်ထားခဲ့ သည့်အတွက် စီးပွားရေးအရ လွဲချော်မှားယွင်းသော စီမံခန့်ခွဲမှုများ၊ လူမှုရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အကြီးအကျယ် လစ်ဟာလိုအပ်နေခြင်းများ၊ လူ့အခွင့်အရေးကို ထင်တိုင်းကြဲအပြစ်ပေးအရေးယူခံရ ခြင်းမရှိဘဲ ချိုးဖောက်ကျူးလွန်နိုင်သောအခြေအနေတို့ ဖြစ်ပေါ်လာစေသည်။ ဤပြဿနာများသည် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ရေရှည်ဖြစ်ပွားနေသည့် ပြည်တွင်းစစ် ပဋိပက္ခကြောင့် ပိုဆိုးလာစေပြီး၊ ယေဘုယျအားဖြင့် စစ်တပ်၏ တိုင်းရင်းသားအပစ်ရပ်အုပ်စုများနှင့် အခြား တိုင်းရင်းသားအင်အားစုများကို ညှိနှိုင်းစေ့စပ်လိုစိတ်မရှိခြင်းကြောင့် ပြေလည်နိုင်ဖွယ်အနေ အထားလည်း မမြင်ရပေ။[၂]

ဤအခြေအနေကိုတုံ့ပြန်နိုင်ရန် ဆောင်ရွက်နေကြသည့် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေး အကူအညီပေးရေးအဖွဲ့များ၏ စွမ်းဆောင်ချက်များကိုလည်း နိုင်ငံအာဏာပိုင်များနှင့် နိုင်ငံခြားအစိုးရ များ၏ ကန့်သတ်ချုပ်ချယ်မှုများကြောင့် အခက်အခဲကြုံတွေ့နေကြရပါသည်။ ၁၉၈၀ ခုနှစ်များတိုင် ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံကိုမိမိဘာသာ အထီးကျန်ပိတ်ဆို့ထားခဲ့သည့်အတွက်ကြောင့် နိုင်ငံ အာဏာပိုင်များက နိုင်ငံရပ်ခြားအကူအညီဆိုလျှင် သံသယမျက်လုံးဖြင့် အထူးကြည့်နေကြပါသည်။ အကူအညီများပေးအပ်ရေးတွင် အထူးတင်းကျပ်ကန့်သတ်ထားခြင်းနှင့် ရှည်လျားလှသော

---

1 မြန်မာနိုင်ငံ စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။ ၂၀၀၇ ခုနှစ်–ဆင်းရဲမွဲတေမှု အခြေအနေ။ မြန်မာနိုင်ငံတွင် အိမ်ထောင်စုများ နေထိုင်မှုဘဝ ဖက်စုံစစ်တမ်းကောက်ယူမှု။ Ministry of National Planning and Economic Development, 2007, *Poverty Profile : Integrated Households Living Conditions Survey in Myanmar*, p3

2 ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးမှူး ချားလ်စ် ပေထရီ၏ မြန်မာနိုင်ငံ တာဝန်ကာလ (၂၀၀၃–၂၀၀၇) အပြီး အစီရင်ခံစာ။ Charles Petrie, 2008, “End of Mission Report : UN Resident and Humanitarian Coordinator, UNDP Resident Representative for Myanmar 2003-2007”

ဗျူရိုကရေစီယန္တရားများကို ကြာမြင့်စွာဖြတ်သန်းနေရခြင်းများက ဤအချက်ကို ယခုတိုင် ထင်ဟပ်ဖော်ပြနေပါသည်။ အခြားတဖက်တွင်လည်း ၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီရေး ဆန္ဒပြတောင်းဆိုသူများကို အကြမ်းဖက်ဖိနှိပ်ဖြိုခွဲခဲ့ချိန်မှစ၍ အနောက်တိုင်းနိုင်ငံအစိုးရများက ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အလေးပေးဆောင်ရွက်လာကြပါသည်။ မြန်မာနိုင်ငံတွင် လူမှု–စီးပွားရေးအခြေအနေများ ယိုယွင်းကျဆင်းလာသော်လည်း၊ ယေဘုယျအားဖြင့် ဆင်းရဲမွဲတေမှုလျော့ပါးစေရေးမှာ အနောက်နိုင်ငံအစိုးရများ၏ နိုင်ငံခြားရေးမူဝါဒ ဦးစားပေးအကြောင်းအရာတခု ဖြစ်မလာခဲ့ပါ။ သို့အတွက်ကြောင့် နိုင်ငံရပ်ခြားအကူအညီတွင် များစွာကျဆင်းလျော့နည်းလာစေပြီး၊ ထောက်ပံ့သောရန်ပုံငွေများကို စစ်အစိုးရထံ မရောက်ရှိစေရန်အတွက် တင်းကျပ်သည့်တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားခဲ့ကြပါသည်။

တရားဝင် နိုင်ငံရပ်ခြားအကူအညီသည် ၁၉၈၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၃၅ သန်း ရရှိနေရာမှ၊ ၁၉၈၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၅သန်းသို့ ကျဆင်းသွားခဲ့ရပြီး၊ ၁၉၉၆ ခုနှစ်တွင်မူ အမေရိကန်ဒေါ်လာ ၃၉သန်းတိုင် ကျဆင်းလာခဲ့ရသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များက သူတို့၏ လွတ်လပ်အမှီခိုကင်းမှုကို ပြသနိုင်ပြီး၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်နိုင်ချေ တိုးတက်မှုမရှိ ဖြစ်နေရသည့်အခါ အကူအညီများက ၂၀၀၇ ခုနှစ်တွင်၊ အမေရိကန် ဒေါ်လာ ၁၉၈ သန်းသို့တိုင် အနည်းငယ်ပြန်၍ တိုးတက်လာခဲ့ရသည်။ နာဂစ်ဆိုက်ကလုန်း မုန်တိုင်းပြီးနောက်တွင် အဆင့်မြင့် သံတမာန်ရေးကြားဝင်ဆောင်ရွက်မှုများကြောင့်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အတိုင်းအတာကြီးမားသော ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အကူအညီပေးရန် ဖြစ်ပေါ်လာစေပြီး၊ ၂၀၀၈ ခုနှစ်တွင် နိုင်ငံရပ်ခြား အကူအညီ ၅၃၃ သန်းသို့တိုင် တိုးတက်လာစေသည်။ [၃]

သို့သော်လည်း ယခုအခါ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ) နှင့် ကုလသမဂ္ဂတို့၏ အထူးကြီးကြပ်စောင့်ကြည့်ရေးလုပ်ငန်းစဉ်များလည်း သက်တမ်းကုန်ဆုံးခဲ့ရပြီ ဖြစ်ရာ၊ အကူအညီပေးရေးအဖွဲ့အစည်းများသည်လည်း ရန်ပုံငွေလျော့ကျဆင်းလာမှုကို ရင်ဆိုင်ဖြေရှင်းရန် ပြင်ဆင်နေကြရပြီ ဖြစ်သည်။ [၄] အကယ်၍ နာဂစ်ဆိုက်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ မတူထူးခြားစွာ အကူအညီပေးခဲ့မှုကို ထည့်သွင်းမတွက်ချက်ပါက၊ မြန်မာနိုင်ငံတွင် နှစ်စဉ်ရရှိနေသည့် နိုင်ငံရပ်ခြားအကူအညီသည် လူတဦးတနှစ်လျှင် အမေရိကန် ၄ ဒေါ်လာမျှသာ ရှိပါသည်။ ဤပမာဏသည် အလားတူ ဆင်းရဲမွဲတေမှုခံစားနေကြရသည့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မဖြစ်စလောက် သာ

[3] ကမ္ဘာ့ဘဏ်။ စုစုပေါင်း နိုင်ငံရပ်ခြား အကူအညီရရှိမှု–ကမ္ဘာ့ဖွံ့ဖြိုးမှု ညွှန်းကိန်းများ။ World Bank, “World Development Indicators : Net Official Development Assistance Received”, http://data.worldbank.org/indicator/DT.ODA.ODAT.CD (Accessed 18/10/10).

[4] IRIN, 30 July 2010, “Myanmar : NGOs cut programmes as government takes on recovery oversight”, UN OCHA, http://www.irinnews.org/report.aspx?Reportid=90015 (accessed 18/10/10)

ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လူတဦးလျှင် အမေရိကန် ၉ ဒေါ်လာ ရရှိပြီး၊ လာအိုနိုင်ငံတွင်မူ လူတဦး အမေရိကန် ၆၈ ဒေါ်လာမျှ ရရှိနေပါသည်။ [၅]

စစ်အစိုးရ၏ သောင်းကျန်းသူ ချေမှုန်းရေး မဟာဗျူဟာများကြောင့် လူသားဆိုင်ရာလုံခြုံမှုအပေါ် များစွာဆိုးကျိုးသက်ရောက်စေသည်ကို အများကမှတ်တမ်းတင်ထားကြပြီး ဖြစ်ပါသည်။ ထိုသို့ စစ်ဆင်ရေးများကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ရပ်ရွာများအပေါ်တွင် ထိခိုက်နစ်နာရမှု အကြောင်းများ တိုး၍ဖိစီးစေပါသည်။ [၆] လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံတကာဥပဒေများကို စနစ်တကျနှင့် အကျယ်အပြန့် ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း အတွက် ကုလသမဂ္ဂက ပြစ်တင်ဝေဖန်သော ဆုံးဖြတ်ချက်များ အကြိမ်ကြိမ်ချမှတ်ခဲ့သော်လည်း၊ စစ်အစိုးရက ဤသို့လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်ဆိုင်းလိုသည့် စိတ်ဆန္ဒမရှိသေးပါ။ [၇] ၂၀၁၀ ခုနှစ်၊ မတ်လတွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာကိုယ်စားလှယ် စုံစမ်းတင်ပြသူ အထူးသံ အရာရှိက ယခုဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူသားမျိုးနွယ် တရပ်လုံး အပေါ် ကျူးလွန်ချိုးဖောက်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများတိုင် သက်ရောက်ဖြစ်ပေါ်ခြင်း ရှိ–မရှိ စုံစမ်းလေ့လာနိုင်ရန်အတွက် စုံစမ်းရေးကော်မရှင်တရပ် ဖွဲ့စည်းရန်ပင် အကြံပြုခဲ့ပါသည်။ [၈] ဤအကြံပြုချက်အပေါ် နိုင်ငံတကာအစိုးရ ၁၀–ခုကျော်က ထောက်ခံအတည်ပြုထားပြီး၊ ၎င်းအကြံပြု ချက်အရ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအတွက် အပေး အယူကိစ္စအဖြစ် ပြန်ပေးဆွဲထားမှု မရှိစေရန်၊ တပြိုင်နက်တည်းမှာပင် ဤအကူအညီများကို တရားမျှတမှု နှင့် လူသားချင်းစာနာမှုဆိုင်ရာ ကာကွယ်ပေးမှုကို ပြည်သူအများခံစားရရှိနိုင်စေရန် ကိစ္စများနှင့် ချိတ်ဆက်ထားစေမှု မရှိစေရန်လည်း အကြံပြုခဲ့ကြပါသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း၌နိုင်ငံအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအတွက် လုပ် ပိုင်ခွင့်နယ်ပယ်ကျယ်ဝန်းလာသည် မှန်သော်လည်း၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ စစ်ပွဲများ ဆက်လက်ဖြစ်ပွားနေရာဒေသများတွင် အကူအညီပေးရေးအဖွဲ့အစည်းအေဂျင်စီများအပေါ် ကန့် သတ်ချုပ်ချယ်မှုများ ပြေလျော့သွားခြင်း မရှိသေးပါ။ [၉] မြန်မာနိုင်ငံတွင် ရရှိနေသည့် နိုင်ငံရပ်ခြား

---

[5] UNDP, *Human Development Report : 2009*, New York, Table E, page 160-161, http://hdr.undp.org/en/media/HDR_2009_EN_Complete.pdf (accessed 4/10/10)

[6] Internal Displacement Monitoring Centre, 29 January 2010, *Myanmar : Increasing Displacement and Fighting Resumes in the East*, www.internal-displacement.org (accessed 18/10/10)

[7] United Nations General Assembly, Resolution 64/238, Situation of Human Rights in Myanmar, 24 December 2009, paragraph 1. http://ap.ohchr.org/documents/dpage_e.aspx?m=89 (accessed 18/10/10) ICRC, 29 June 2007, "Press Release: Myanmar – ICRC denounces major and repeated violations of international humanitarian law", Yangon / Geneva, (accessed 18/10/10) http://www.icrc.org/web/eng/siteeng0.nsf/htmlall/myanmar-news-290607?opendocument

[8] Tomas Ojea Quintana, 10 March 2010, "Progress report of the Special Rapporteur on the situation of human rights in Myanmar", UN Human Rights Council, A/HRC/13/48, paragraphs 121 & 122 http://ap.ohchr.org/documents/dpage_e.aspx?m=89 (accessed 18/10/10)

[9] Morten Pedersen, 8 May 2009, "Setting the scene: Lessons from 20 years of foreign aid", http://www.nbr.org/Downloads/pdfs/ETA/BMY_Conf09_Pedersen.pdf (accessed 18/10/10)

အကူအညီများ၏ ၄% ထက် လျော့နည်း၍သာ ဤဒေသများသို့ရောက်ရှိပါသည်။ ဤသို့ရောက်ရှိခြင်းမှာလည်း ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများက နယ်စပ်ဖြတ်ကျော်၍ တိတ်တဆိတ်ပေးပို့နိုင်ခြင်းကြောင့်သာ ရောက်ရှိခံစားနိုင်ကြခြင်းဖြစ်ပါသည်။ အစိုးရကိန်းဂဏန်းများတွင် လူထုများနစ်နာခံစားနေရသည့်ကိစ္စကို ပုံဖျက်ဖုန်းကွယ်ဖော်ပြထားသည့်အကြောင်းမှာ အချို့သောနေရာများတွင် စစ်တမ်းကောက်ယူမှုများကို ခွင့်မပြုဘဲ၊ အချို့သော အထူးဆင်းရဲမွဲတေနေသည့် ကွက်ကျားနေရာဒေသများကိုလည်း ထည့်သွင်းတွက်ချက်ခြင်း မပြုပါ။ ပြည်နယ်နှင့် တိုင်းအဆင့်အတွက် စုပေါင်းတွက်ချက်ထားသည့် ကိန်းဂဏန်းများကိုသာ ဖော်ပြလေ့ရှိသောကြောင့် ဤသို့မမြင်သာခြင်းဖြစ်သည်။

ဤသို့သောအခြေအနေမျိုးတွင် အကူအညီပေးရေးမူဝါဒနှင့်ပတ်သက်၍ တိုက်တွန်းပြောဆိုနေကြသူများက မြန်မာနိုင်ငံရှိ သိပ်ပြီးတင်းကျပ်အကဲဆတ်မှုမရှိသောနေရာများတွင် တည်ရှိနေပြီးသားစွမ်းရည်၊ အရည်အသွေးများကိုအသုံးချနိုင်ရန် လက်ရှိရန်ပုံငွေထောက်ပံ့မှုများကို တိုးတက်ပေးပါရန် တိုက်တွန်းနေကြသည်။ [10] ဤသို့ မဟာဗျူဟာမြောက်စွာ နှင့် တဖြည်းဖြည်း မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုဆိုင်ရာကူညီပေးနိုင်ရေးနယ်ပယ်ကို ချဲ့ထွင်ရန်သည် အထူးအရေးပါသည့်ကိစ္စဖြစ်ပြီး၊ ဆင်းရဲမွဲတေမှုလျော့ချရေးကိစ္စနှင့် လူ့အခွင့်အရေးမြှင့်တင်ပေးရေးကို လိုလားသည့် အင်အားစုတိုင်းက ထောက်ခံပံ့ပိုးပေးသင့်သော နည်းနာချည်းကပ်ပုံလည်း ဖြစ်ပါသည်။ တပြိုင်နက်တည်းမှာပင် စစ်မက်ဘေးကြောင့် ထိခိုက်နစ်နာနေရသူပြည်သူများ၏လိုအပ်ချက်ကို နောက်ထပ်ဖယ်ကျဉ်ချန်ထားရန် မဖြစ်သင့်ပါ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသအတွက် နယ်စပ်ဖြတ်ကျော်ပေးမည့်အကူအညီများကိုလည်း အလားတူ တိုး၍ပေးသင့်ပါသည်။

နစ်နာခံစားနေရသည့်ဒုက္ခများအတွက် တုံ့ပြန်ဆောင်ရွက်ရာတွင် ရန်ကုန်အခြေစိုက် အကူအညီပေးရေးအဖွဲ့အစည်းများရော၊ နယ်စပ်ဖြတ်ကျော်ကူညီနေကြသည့် အဖွဲ့အစည်းများပါ တူညီသည့်ရည်မှန်းချက်၊ တာဝန်များရှိနေကြပြီး၊ မြန်မာနိုင်ငံရှိ ရပ်ရွာလူထုများ၏ ရင်ဆိုင်ဖြေရှင်းရေးမဟာဗျူဟာများကို အားဖြည့်ပေးရန် လိုအပ်ပါသည်။ သို့အတွက်ကြောင့် အိမ်ထောင်စုများထိခိုက်နစ်နာဖွယ်အခြေအနေများဆိုင်ရာ ညွှန်းကိန်းများနှင့်ပတ်သက်၍ ယုံကြည်လက်ခံနိုင်လောက်သောသတင်းအချက်အလက် ဒေတာဘေ့စ်တခုပြုစုရေးသည် အရေးတကြီးလိုအပ်နေပါသည်။ သို့မှသာ လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍၊ အရင်းအမြစ်များကိုလည်း ဤလိုအပ်ချက်အရ ဖြန့်ခွဲအသုံးချနိုင်မည် ဖြစ်သည်။ ယခု အစီရင်ခံစာသည် တနိုင်ငံလုံး အတိုင်းအတာဖြင့် ဆင်းရဲမွဲတေမှုအကဲဖြတ်ခြင်း (nation-wide poverty assessment) အတွက် တစုံတရာအကျိုးဖြစ်ထွန်းစေမည် ယူဆပါသည်။ မြို့နယ်အဆင့်အထိ သတင်းအချက်အလက် ဒေတာများကိုခွဲခြမ်းဖော်ပြထားပါသည်။ နောက်ဆုံးအနေဖြင့် အကူအညီပေးရေးအစီအစဉ်များသည် နိုင်ငံရေးရည်ရွယ်ချက်ထက်စာလျှင် ဤနည်းအားဖြင့် လူသားချင်းစာနာမှုအရလိုအပ်ချက်အပေါ် ပို၍စဉ်စားဖြည့်ဆည်းနိုင်လိမ့်မည် ဖြစ်ပါသည်။

---

[10] Richard Horsey, 8 May 2009, “Strategies and priorities in addressing the humanitarian situation in Burma”, http://www.nbr.org/Downloads/pdfs/ETA/BMY_Conf09_Horsey.pdf (accessed 18/10/10)

## ၁။ ၂။ ဆောင်ရွက်ပုံနည်းနာ

> *"မွန်ပြည်သစ်ပါတီနဲ့ (နအဖ) စစ်အစိုးရအကြား မတည်ငြိမ်တဲ့ အပစ်အခတ် ရပ်စဲရေးကြောင့် အခုလို အိမ်ထောင်စု စစ်တမ်း ကောက်ယူတော့ အခက်အခဲတွေ၊ အန္တရာယ်တွေ အများကြီး ကြုံရတယ်။ "*
>
> ကွင်းဆင်းဝန်ထမ်းတဦး၊ မွန်ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မီတီ၊ ဩဂုတ်လ ၂၀၁၀ ခုနှစ်။

(တီဘီဘီစီ) အဖွဲ့က တိုင်းရင်းသားလူမှုအသိုက်အဝန်း အခြေခံလူမှုအဖွဲ့အစည်းများမှတဆင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများရှိ ရွှေ့ပြောင်းထွက်ပြေးနေရမှုအခြေအနေကို ၂၀၀၂ ခုနှစ်မှစတင်၍ မှတ်တမ်းပြုစုလာခဲ့ပါသည်။[၁၁] မြန်မာနိုင်ငံအရှေ့ပိုင်းဒေသအများစုသည် နိုင်ငံတကာမှ လေ့လာသူများ မသွားရောက်မထိတွေ့နိုင်ဘဲ ရှိနေဆဲဖြစ်ပြီး၊ လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားနေရာဒေသများတွင် သတင်းအချက်အလက်များစုဆောင်းရယူရာ၌ အန္တရာယ်များလွန်းလှပါသည်။ တိုင်းရင်းသားလူမှုအသိုက်အဝန်းအခြေစိုက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်ပိုင်းဖြတ်လုပ်ဆောင်မှုနှင့် သတ္တိပြောင်မြောက်စွာ စွန့်စားလုပ်ဆောင်မှုမရှိဘဲနှင့် ယခုအစီရင်ခံစာထွက်ပေါ်လာဖွယ် မရှိပါ။

ပြည်တွင်း၌ရွှေ့ပြောင်းထွက်ပြေးနေကြရသည့် ဒုက္ခသည်များကို စာရင်းပြုစုဖော်ပြရာ၌ နှိုင်းယှဉ်ချက်အရဆိုလျှင် လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက ပြည့်စုံကုံလုံသော စမ်းသပ်စစ်ဆေးမှုများ မရှိသေးသော်လည်း၊ (တီဘီဘီစီ) အဖွဲ့၏ အတွေ့အကြုံများအရ ကမ္ဘာတဝှမ်းရှိ လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်း၌ ဆောင်ရွက်နေကြသည့်အေဂျင်စီအဖွဲ့အစည်းများအတွက် အထောက်အကူဖြစ်စေမည့် ဆောင်ရွက်ပုံနည်းလမ်းများဆိုင်ရာ အကြံပြုချက်များကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။[၁၂] ယခုနှစ် စစ်တမ်းကောက်ယူမှုတွင် တိုင်းနှင့်ပြည်နယ် ၆–ခုရှိ ရွှေ့ပြောင်းထွက်ပြေးနေရမှုများ၏ ပမာဏနှင့် အတိုင်းအဆ၊ ပျံ့နှံ့တည်ရှိနေပုံများကို သတင်းအသစ်၊ ဖြစ်ပေါ်မှုအသစ်များဖြင့် ထပ်မံဖြည့်စွက်နိုင်ခဲ့သည့်အပြင်၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ မြို့နယ် ၆–ခုတွင် ဆင်းရဲမွဲတေမှုအဆင့် စစ်တမ်းကောက်ယူခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရွှေ့ပြောင်းထွက်ပြေးနေရမှုအတိုင်းအဆနှင့် ပျံ့နှံ့တည်ရှိနေမှုအပေါ် အရေအတွက်အရ စစ်တမ်းကောက်ယူမှုနှင့် စစ်တပ်တိုးချဲ့နေရာချထားခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ အကောင်အထည်ဖော်မှု၏ နောက်ဆက်တွဲဆိုးကျိုးများကို မြို့နယ် (၃၇) မြို့ရှိ အဓိက သတင်းပံ့ပိုးပေးသူများနှင့် တွေ့ဆုံဆွေးနွေးကာ အခြေခံစုဆောင်းနိုင်ခဲ့ကြပါသည်။[၁၃] ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ မှ ၂၀၁၀ ခုနှစ်၊


---

[11] ယခင် စစ်တမ်းကောက်ယူမှုများကို အင်တာနက်စာမျက်နှာ www.tbbc.org/resources/resources.htm တွင် ရယူနိုင်ပါသည်။ (accessed 18/10/10)

[12] UN OCHA and the Internal Displacement Monitoring Centre, April 2008, *Guidance on Profiling Internally Displaced Persons*, Geneva, www.internal-displacement.org

[13] ယခု စစ်တမ်းကောက်ယူမှုအတွက် လမ်းညွှန်ချက်များကို နောက်ဆက်တွဲ (၅) တွင် ပြန်လည် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူမှု (နမူနာ)



ဇူလိုင်လတွင်း လူဦးရေခန့်မှန်းတွက်ချက်မှုများကို အောက်ဖော်ပြပါလူထုများအတွက် စုဆောင်းကောက်ယူနိုင်ခဲ့ပါ သည်။

- (နအဖ) ကင်းလှည့်စစ်ကြောင်းများရန်ကြောင့် ထွက်ပြေးလာရသူနှင့် စစ်ရေးအရ တိုက်ပွဲများပြင်းထန်နေဆဲဒေသအတွင်း ပုန်းအောင်းနေကြရသူ
- နှင်ထုတ်ခံကြရသူများနှင့် (နအဖ)၏ စုစည်းကျေးရွာများသို့ အတင်းအကျပ် ရွှေ့ပြောင်းနေထိုင်စေသူ
- လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ပွဲအကျိုးဆက်များကြောင့် ထွက်ပြေးလာကြရသူများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်း (လုပ်ဆောင်သူများ)ကြောင့်၊ အတင်းအကျပ် ရွှေ့ပြောင်းခံခဲ့ရသူများ၊ ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်းများမှ ပြန်လာကြသူများ ဖြစ်ပြီး၊ အပစ်အခတ်ရပ်စဲရေးတိုင်းရင်းသားအဖွဲ့များ ထိန်းချုပ်ရာဒေသအတွင်း ခိုလှုံနေကြရသူများ ဖြစ်ကြသည်။

ယခင်နှစ်များကဲ့သို့ပင် အိမ်များမှရွှေ့ပြောင်းထွက်ပြေးရန် အကြောင်းရှိသောလူဦးရေကို အတိအကျခန့်မှန်းဖော်ပြနိုင်ခဲ့ခြင်းမရှိပါ။ သို့သော်လည်း မြို့ပြဒေသများနှင့် ရောထွေးအုပ်ချုပ်ရေးဒေသများတွင် ပြည်တွင်း၌ရွှေ့ပြောင်းထွက်ပြေးနေရမှုများ ဆက်လက်ဖြစ်ပေါ်တည်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပါသည်။ နေရာဒေသကွဲပြားမှုအပေါ် တိတိကျကျသတ်မှတ်ခွဲခြားရန် ရှုပ်ထွေးခက်ခဲသကဲ့သို့၊ နေရာရွှေ့ပြောင်းထွက်ပြေးကြရသည့် လူဦးရေ၊ နေထိုင်နေသောလူဦးရေကို ခန့်မှန်းဖော်ပြရာတွင်လည်း အခက်အခဲရှိပါသည်။ လူဦးရေအရေအတွက်မှာ အကောင်းဆုံးခန့်မှန်းဖော်ပြထားချက်သာ ဖြစ်ပါသည်။

ဆင်းရဲမွဲတေမှုအကဲဖြတ်ချက်ကို အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူခြင်းအပေါ် အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ ရန်ကုန်ရှိ နိုင်ငံတကာလူသားချင်းစာနာမှုအကူအညီပေးရေး အဖွဲ့အစည်းများနှင့် တိုင်ပင်အကြံရယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အခြားသောဒေသများတွင် ယခင်ကအိမ်ထောင်စုစစ်တမ်းကောက်ယူရာ၌ မေးမြန်းခဲ့သောမေးခွန်းများကိုလည်း တိုက်ဆိုင် စုဆောင်းခဲ့ပါသည်။ အကြောင်းမှာ စုဆောင်းရရှိသောအချက်အလက်ဒေတာများကို စံချိန်တပြေးညီထည့်သွင်းနိုင်ရန် ဖြစ်ပါသည်။ နမူနာထုတ်ယူခြင်း **(sampling)** နည်းနာများကိုလည်း တိုင်ပင်အကြံရယူခဲ့ပါသည်။ သို့မှသာ စစ်တမ်းကောက်ယူမှုပုံစံဒီဇိုင်းအပေါ်တွင် ပို၍ ယုံကြည်ကိုးစားမှုရနိုင်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသစစ်တမ်းမှ ရရှိသည့်ရလဒ်များကိုလည်း မြန်မာနိုင်ငံ၏ အခြားသောဒေသများတွင် အခြားနိုင်ငံတကာအဖွဲ့အစည်းများ က ဆောင်ရွက်ခဲ့ကြသည့် ဒေသအလိုက်အိမ်ထောင်စုစစ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။ အခြားစစ်တမ်းကောက်ယူမှု အစီရင်ခံစာများကို (တီဘီဘီစီ) အဖွဲ့က အပြည့်အစုံလက်ခံရရှိခဲ့သော်လည်း၊ ယခုအစီရင်ခံစာတွင်မူ ကိုးကားဖော်ပြနိုင်ခြင်းမရှိပါ။ ရန်ကုန်တွင်အခြေပြုသည့် သက်ဆိုင်ရာအဲန်ဂျီအိုအဖွဲ့အစည်းများက ဤသို့မဆောင်ရွက်ရန် မေတ္တာရပ်ခံထား သောကြောင့် ဖြစ်ပါသည်။

(တီဘီဘီစီ) အဖွဲ့၏ ယခင် အိမ်ထောင်စုအလိုက် စစ်တမ်းကောက်ယူခြင်းများအတွက် အဆင့်များစွာ အစုလိုက် နမူနာထုတ်ယူခြင်းနည်း (multi-stage cluster sampling method) ကို အသုံးပြုခဲ့ပြီး၊ နမူနာစစ်တမ်းကောက်ယူမေးမြန်းခဲ့သူများသည် ပြည်နယ်နှင့် တိုင်း (၆) ခုမှ သေချာကိုယ်စားပြု၍ ပါဝင်ခြင်းဖြစ်စေရန် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မတူကွဲပြားသည့် အာဏာပိုင်များ၏အောက်တွင် နေထိုင်ရသည့် ရွှေ့ပြောင်းရွာရှောင်များ၊ တိုင်းရင်းသားအပစ်ရပ်ဒေသများ၊ (နအဖ) စစ်အစိုးရ၏ စုစည်းကျေးရွာများ၊ နှင့် ရောထွေးအုပ်ချုပ်ရေးဒေသများမှလူထုများ အစုံဖြစ်စေရန်လည်း သေချာ ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် မတူကွဲပြားသည့် နေထိုင်ရာအရပ်များမှ အိမ်ထောင်စုများ ရင်ဆိုင်ကြုံတွေ့နေရသော ထိခိုက်နစ်နာဖွယ်အကြောင်းများကို ရှာဖွေ ဖော်ထုတ်ရာ၌ အသုံးဝင်သော်လည်း၊ ပြည်နယ် နှင့် တိုင်းကဲ့သို့ ကျယ်ပြန့်သည့် ဧရိယာဒေသများ အတွက်မူ နမူနာထုတ်ယူထားမှုအရွယ်အစားမှာ လွန်စွာငယ်ရွယ်လွန်းနေပါသည်။ သို့အတွက် ကြောင့် ယခုနှစ် စစ်တမ်းကောက်ယူမှုတွင် နမူနာထုတ်ယူမှုကို ပြောင်းလဲထားပါသည်။ ၆–မြို့နယ်မှ အိမ်ထောင်စု ၂၀၀ စီကို တွေ့ဆုံမေးမြန်းထားပါသည်။ သို့မှသာ ရလဒ်များကို မြန်မာနိုင်ငံရှိ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်လေ့လာကြည့်နိုင်မည်ဖြစ်သည်။ လာမည့်နှစ်များတွင် စစ်တမ်း ကောက်ယူမှုအတွက် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ကျန်ရှိနေသေးသည့်မြို့နယ်များတွင် ယခု အိမ်ထောင်စုစစ်တမ်းကောက်ယူမှုချည်းကပ်ပုံဗျူဟာကိုပင် အလားတူ ဆင့်ပွားကျင့်သုံးသွားမည် ဖြစ်သည်။

မြို့နယ်တခုတိုင်းအတွက် ယုံကြည်လက်ခံနိုင်လောက်သည့် မူလကတည်းက ရှိထားသည့် အခြေခံ အချက်အလက်ဒေတာများ (baseline data) မရှိသည့်အတွက်ကြောင့် ပထဝီအနေအထားကို အခြေပြုသည့် အစုလိုက်နမူနာထုတ်ခြင်းနည်း (geographically based cluster sampling) ကို အသုံးပြုခဲ့ရပါသည်။ မြို့နယ်တခုတိုင်းကို ဧရိယာအလိုက် လေးထောင့်ကွက်များအဖြစ် ပိုင်းခြား ပါသည်။ ထို့နောက် စစ်တမ်းကောက်ယူသည့်အဖွဲ့က စတုရန်းကွက်တိုင်း၏ ဗဟိုချက်မနှင့် နီးကပ် သောနေရာတွင် နေထိုင်သူ အိမ်ထောင်စု (၅၀) စီကို ဖြစ်နိုင်ပါက တွေ့ဆုံမေးမြန်းပါသည်။ အချို့သောနေရာများတွင် ဗဟိုချက်မနှင့် နီးသောနေရာ၌ လူနေအိမ်ယာများမရှိသောကြောင့် အမြဲတမ်း မဖြစ်နိုင်ပါ။ မိုင်းတုံနှင့် ဖားဆောင်းမြို့နယ်များတွင် လုံခြုံရေးအကန့်အသတ်များကြောင့် မဖြစ်နိုင်ခဲ့ပါ။ ကွင်းဆင်း စစ်တမ်းကောက်ယူသည့်အဖွဲ့က ကျေးရွာတခုတွင် အိမ်ထောင်စု (၂၅) ထက်မပိုသော လူနေအစုတခုရှိ အိမ်ထောင်စု (၃) ခုလျှင် တအိမ်ထောင်ကို တွေ့ဆုံမေးမြန်းမှု ပြု ပါသည်။ လူဦးရေ (၇,၈၈၂) ကို ကိုယ်စားပြုနိုင်သော အိမ်ထောင်စုပေါင်း (၁,၂၀၀) ကို ကျေးရွာပေါင်း (၁၀၇) ခုတွင် ၂၀၁၀ ခုနှစ်၊ မေလမှ ဇွန်လ အတွင်း အိမ်ထောင်စု စစ်တမ်းကောက်ယူမှု နမူနာမြေပုံက ကိုယ်စားပြုထားသည့်အတိုင်း တွေ့ဆုံမေးမြန်းနိုင်ခဲ့ပါသည်။


ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေရသည့် ဒုက္ခသည်များနှင့် သက်ဆိုင်သည့် လူဦးရေခန့်မှန်းချက် ပို၍တိကျစွာ ပြုနိုင်ပြီး၊ အိမ်ထောင်စုစစ်တမ်းကောက်ယူမှုသည် ယေဘုယျလူဦးရေကို ကိုယ်စားပြု ပါသည်။ ပုံ (၁) တွင် ဖော်ပြထားသည့်အတိုင်း စစ်တမ်းကောက်ယူမှု ဖြေဆိုသူများတွင် ကျား–မ

လိုင်အရသော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးနှင့် ဘာသာကိုးကွယ်မှု ကွဲပြားသူများလည်း စုံလင်စွာ ပါဝင်ပါသည်။ ဖြေဆိုကြသူများတွင် စကောကရင်လူမျိုးများ အများအပြားပါဝင်နေခြင်းသည် ဤစစ်တမ်းကောက်ယူမှုက ဖာပွန်၊ ဖားဆောင်း၊ ကျောက်ကြီး၊ ပုလောမြို့နယ်များတွင် ရောက်ရှိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ဟပ်ဖော်ပြနေပါသည်။ နမူနာထုတ်ယူခြင်းနည်းကို သီးခြား လွတ်လပ်စွာ နှင့် အင်အားစုအားလုံး ကိုယ်စားပြုမှုသဘာဝရှိစွာ ဆောင်ရွက်နိုင်ခြင်းကို ယခုဖြေဆိုသူ များသည် ဤစစ်တမ်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် (တီဘီဘီစီ) ၏ မိတ်ဖက် အဖွဲ့အစည်းများထံမှ ပြီးခဲ့သည့်နှစ်အတွင်း အကူအညီကို လက်ခံရရှိသူများမဟုတ်နေခြင်းက ထင်ဟပ်ဖော်ပြနေပါသည်။


ယခု အစီရင်ခံစာတွင် ဖော်ပြထားသည့်မြေပုံများအားလုံးကို ယခုတွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်စဉ်အတွင်း ရရှိလာသည့် ကောင်းကင်မြေတိုင်း သတင်းအချက်အလက်များကို (တီဘီဘီစီ) အဖွဲ့၏ မိတ်ဖက်အဖွဲ့အစည်း (၅) ခုက ဒစ်ဂျစ်တယ်ဖောင် ပုံစံသွင်းကြပြီး ထုတ်ယူပြုစု ထားခြင်းဖြစ်ပါသည်။ မြေပုံပါ ဖော်ပြချက်များကို အကောင်းဆုံး ခန့်မှန်းရေးဆွဲခဲ့ခြင်းဖြစ်သော်လည်း၊ အချို့သောနေရာများနှင့် ဒေသများမှာ အတိအကျဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်။ သို့သော်လည်း ပထဝီအနေအထားအရ အခြေခံသည့်ယူနစ်စနစ် (GPS units) ကို အသုံးပြု မှတ်တမ်းတင်ထား သောကြောင့် အိမ်ထောင်စုစစ်တမ်းကောက်ယူမှုအတွက် မြေပုံကို ပို၍တိကျစွာထုတ်ယူနိုင်ခဲ့ပြီး၊ အချို့သောနေရာကိစ္စများမှာ ပို၍တိကျနိုင်ပါသည်။

# ပုံ ၁။ အိမ်ထောင်စု စစ်တမ်းကောက်ယူမှုတွင် ဖြေကြားသူများ၏ လူဦးရေဆိုင်ရာ အကြောင်းများ


ဖြေဆိုသူများ ကျား–မ လိင်အရ ကွဲပြားပုံ





ဖြေဆိုသူများ ဘာသာကိုးကွယ်မှုအရ ကွဲပြားပုံ




ဖြေဆိုသူများ လူမျိုးစုအရ ကွဲပြားပုံ




ဖြေဆိုသူများ ပြီးခဲ့သည့်နှစ်က အကူအညီရရှိခဲ့သူများ ဟုတ်–မဟုတ်



*"လူ့အခွင့်အရေးကောင်စီသည် ... ... မြန်မာနိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသ အပါအဝင် ဖြစ်သော ဒေသ များ၌ တိုင်းရင်းသား လူအုပ်စုတစု၏ ပိုင်ဆိုင်မှုများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း၊ စစ်ဆင်ရေးများတွင် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း အပါအဝင်၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများနှင့် လူသားချင်း စာနာမှု ဥပဒေများ ချိုးဖောက် နေခြင်း၊ မုဒိမ်းမှုနှင့် အခြားသော ပုံသဏ္ဍာန်များဖြင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ချိုးဖောက်နေခြင်း အပေါ် ရပ်ဆိုင်းရန်အတွက် အရေးပေါ်စီမံဆောင်ရွက်မှုများ ပြုပါရန် ပြင်းထန်စွာ တောင်းဆိုပါသည်။ ဤသို့ ကျူးလွန်ချိုးဖောက်နေမှု များအပေါ် ပြစ်ဒဏ်ပေးခြင်းမရှိဘဲ ကင်းလွတ်ခွင့်ရှိနေစေခြင်းကိုလည်း မဆိုင်းမတွ ရပ်ဆိုင်းစေရန် လိုအပ်သည်။"*

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၊ ဧပြီလ ၁၅ ရက်၊ ၂၀၁၀ ခုနှစ်။ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ အစီရင်ခံစာ။ (A/HRC/ Res/13/25, paragraph 4)

# အခန်း (၂)



နယ်ခြားစောင့်တပ်ဖွဲ့ရေး တင်းမာမှုကြောင့် အိုးအိမ်စွန့်၍ ထွက်ပြေးရခြင်း၊ ရေးမြို့နယ်။ ၂၀၁၀ ခုနှစ်။ (MRDC)

# ရေရှည်အိုးအိမ်အခြေပျက်ခြင်းနှင့် စစ်တပ်များတိုးချဲ့ချထားခြင်း

## ၂။ ၁။ စစ်တပ်များ တိုးချဲ့ချထားခြင်း နှင့် ထိခိုက်နစ်နာဖွယ် အကြောင်းများ။

*"ပထမတုန်းကတော့ ကျနော်တို့ တချို့သစ်ပင်အောက်မှာပဲ ပုန်းကြတယ်။ မြန်မာစစ်တပ်က မော်တာသီး နည်းနည်းပါးပါးပစ်ထဲ့တယ်ပဲ ထင်နေမိတယ်။ ကျနော် မော်တာသီးတွေကျတာ တလုံးပြီးတလုံးရေတွက်နေတာ ၄၁ လုံး ရောက်တဲ့အထိပဲ။ နောက်တော့ သေနတ်သံတွေ ကြားရပြီး၊ စစ်တပ်တွေကလည်း ရွာကိုကပ်လာတာတွေ့ရတယ်။ တချို့တွေလည်း အော်နေကြတယ်။ ဗမာစစ်သားတွေလာပြီး– ပြေး– ပြေး အော်နေကြတယ်။"*

ကရင်တဦး၊ ဖာပွန်မြို့နယ်၊ (KORD) တွေ့ဆုံမေးမြန်းခန်း၊ ၂၀၁၀ ခုနှစ် ဇူလိုင်လ။

ပြင်းအားနိမ့်သည့်လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေခဲ့သည့် ဆယ်စုနှစ်များကာလအတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရနှင့် ၎င်း၏ ယခင်ဆက်ခံသောအစိုးရများတို့သည် ၎င်းတို့၏ သောင်းကျန်းသူနှိမ်နင်းရေးမဟာဗျူဟာကို ကျင့်သုံးရာ၌ အရပ်သားများအပေါ် ပစ်မှတ်ထား၍ဆောင်ရွက်ခဲ့ကြသည်။ 'ဖြတ်လေးဖြတ်' မူဝါဒသည် တိုက်ပွဲဖြစ်ပွားရာနယ်မြေများမှ ရွာသူ၊ ရွာသား များကို အစိုးရထိန်းချုပ်ရာနယ်မြေများသို့ အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းခြင်းအားဖြင့် အတိုက်အခံလက်နက်ကိုင်အဖွဲ့အစည်းများအား တပ်သားသစ်၊ သတင်းအချက်အလက်၊ အထောက်အပံ့ပစ္စည်းများနှင့် ဘဏ္ဍာငွေကြေးတို့ မရရှိနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤမူဝါဒသည် အတိုက်အခံလက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ရာ "အမဲရောင်" နယ်မြေများကို သူတပြန်ကိုယ်တပြန်သြဇာလွှမ်းရာ"အညိုရောင်"နယ်မြေများ အဖြစ်သို့ပြောင်းလဲပစ်ရန်နှင့် နောက်ဆုံး၌ နေပြည်တော်အခြေစိုက် အစိုးရထိန်းချုပ်ရာ "အဖြူရောင်" နယ်မြေများအဖြစ်သို့ပြောင်းပစ်ရန် ရည်ရွယ်ထားသည်။ ရွှေ့ပြောင်းရမည်ဟု ထုတ်ဆင့်ထားသော အမိန့်ကို မနာခံသူများကို သူပုန်ထောက်ခံအားပေးသူများအဖြစ် သဘောထားသည်။ တိုက်ကင်းများက ဤအရပ်သားများအပေါ် ပစ်မှတ်ထားခြင်းကြောင့် နောက်ထပ်အိုးအိမ်အခြေပျက်မှုများ၊ ထွက်ပြေးရမှုများ ဖြစ်ပွားခဲ့ပြန်သည်။ ဤသို့ပစ်မှတ်ထားခြင်းသည် မြန်မာအစိုးရက တရားဝင်သဘောတူလက်မှတ်ရေးထိုးခဲ့သသော နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်းဖြစ်သည်။ [၁၄]


မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများမှာ လူသားလုံခြုံရေးအပေါ် အဓိကခြိမ်းခြောက်မှုများသည် စစ်တပ်များနေရာအနှံ့တိုးချဲ့ချထားမှုနှင့် ဆက်စပ်နေပါသည်။ နိုင်ငံတော်တည်ဆောက်ရေးဟူသော မျက်နှာဖုံးစွပ်အောက်တွင် မြန်မာစစ်တပ်၏ အင်အားသည် (၁၉၈၈) ခုနှစ်တွင် စစ်အင်အား (၁၈၀,၀၀၀) ရှိရာမှနေ၍ (၁၉၉၆) ခုနှစ်အရောက်တွင် (၃၇၀,၀၀၀) အထိ ကြီးထွားလာခဲ့သည်။ [၁၅] ယခုအခါ၌ အင်အား (၄၀၀,၀၀၀) ကျော်ရှိနေသည်ဟု အများကယူဆထားကြသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း တကြောမှာချထားသော တပ်ရင်းအရေအတွက်သည် (၁၉၉၅) ခုနှစ်မှာ ချထားသော

---

[14] Geneva Conventions I-IV, 1949, Common Article 3, http://www2.ohchr.org/english/law/

[15] Mary Callahan, 2003, *Making Enemies: War and state building in Burma*, Cornell University Press, p211

# မြန်မာနိုင်ငံအရှေ့ပိုင်းဒေသအတွင်း စစ်အင်အားတိုးချဲ့မှု (၂၀၁၀ ခုနှစ်)



အရေးအတွက်၏ နှစ်ဆခန့် ရှိနေသည်။[၁၆] လက်နက်ကိုင် အတိုက်အခံအဖွဲ့အစည်းများက မြန်မာနိုင်ငံအရှေ့ပိုင်းမှာ အမြဲတမ်းအခြေစိုက်ထားသော (နအဖ) စစ်အစိုးရ၏ တပ်ရင်းပေါင်း (၂၃၇) ရင်းရှိကြောင်း ဖေါ်ထုတ်ပြခဲ့သည်။ ကွင်းဆင်းစစ်တမ်းကောက်ယူသည့်အဖွဲ့များက ဤတပ်ရင်းများ ပျံ့နှံ့တည်ရှိနေပုံနှင့် သူတို့၏စခန်းချရာနေရာများကို  တိုက်ဆိုင်စစ်ဆေးကြည့်နိုင်ခဲ့ပြီး မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။

အရပ်သား–ရန်သူမခွဲခြားဘဲ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မီးတင်ရှို့ခြင်း၊ ရပ်ရွာများကို အတင်းအကျပ်ပြောင်းရွှေ့စေခြင်းနှင့် မြေမြုပ်မိုင်းများထောင်ထားခြင်းသည် လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသောဒေသများရှိ အရပ်သားပြည်သူများ၏ လုံခြုံရေးနှင့် အန္တရာယ်ကင်းရေးကို တိုက်ရိုက်ခြိမ်းခြောက်နေပါသည်။ သို့သော်လည်း စစ်တပ်များ နေရာအနှံ့ တိုးချဲ့ချထားခြင်း၏ အကြီးလေးအကျယ်ပြန့်ဆုံး အကျိုးဆက်သည် “ကိုယ်ထူကိုယ်ထ မိမိဘာသာ ဖူလုံရေး” ဟု ခေါ်ဆိုနေသော မြန်မာ့တပ်မတော်၏မူဝါဒနှင့် ပတ်သက်နေပါသည်။ စစ်တပ်များကို ရိက္ခာထုတ်မပေးဘဲထားခြင်း၊ လစာမဖြစ်စလောက်သာပေးခြင်းအားဖြင့် (နအဖ) စစ်အစိုးရသည် ရှေ့တန်းတပ်များကို ထားရှိရာ၊ နယ်ခံကျေးရွာသားများထံမှ ရိက္ခာများအနိုင်ကျင့်တောင်းယူခြင်းနှင့် မြေယာများ သိမ်းယူခြင်းပြုသည့် အဖြစ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် တွန်းပို့ပေးသည့်နှယ် ဖြစ်စေခဲ့သည်။ သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးကြောင့်ဟု ဆိုဆို၊ ဝေးလံခေါင်သီသော ဒေသများကို ပို၍လုံခြုံမှုပေးရန်ဟု ဆိုဆို၊ တပ်ဖွဲ့များချထားသောကြောင့် ဤသို့သော နိုင့်ထက်စီးနင်း လုပ်ရပ်များဖြစ်လာစေပြီး အရပ်သားပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှုကို တိုက်ရိုက်နှင့် အကြီးအကျယ် ထိခိုက်စေပါသည်။

ပြီးခဲ့သည့်နှစ်အတွင်းတွင် (နအဖ) စစ်အစိုးရက အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို နယ်ခြားစောင့် တပ်များအဖြစ်သို့ အသွင်ပြောင်းလဲဖွဲ့စည်းရန် ဖိအားပေးနေခဲ့ပြီး၊ ဤကြိုးပမ်းချက် မအောင်မြင် ဖြစ်ခဲ့ရပါသည်။ အဓိက အပစ်အခတ်ရပ်စဲရေး အင်အားစုများက ဤတောင်းဆိုချက်ဖိအားပေးမှုကို ခုခံငြင်းဆန်ခဲ့ကြပြီး၊ ၎င်းတို့က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရန်နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုပြုပါရန်သာ တောင်းဆိုခဲ့ကြသည်။ ဤအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် အစိုးရ၏မြန်မာ့တပ်မတော်က ၎င်းတို့ကို ထောက်ခံသည့် တိုင်းရင်းသားပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များဖွဲ့စည်းရန် အတင်းအကျပ်လူနှင့် ငွေကောက်ခံစုဆောင်းမှုများ ပြုနေပြီး၊ အကယ်၍ အပစ်အခတ်ရပ်စဲရေးပျက်ပြားပါက သူတို့၏ အရံတိုင်းရင်းသားတပ်ဖွဲ့အဖြစ် အသုံးချနိုင်ရန် ဆောင်ရွက်နေကြပါသည်။

[16] Pinheiro, 12 February 2007, *Report of the Special Rapporteur on the Situation of Human Rights in Myanmar*, UN Human Rights Council, UN doc. A/HRC/4/14, para 54.

အခြေခံအဆောက်အဦဆိုင်ရာဖွံ့ဖြိုးရေးနှင့် စီးပွားဖြစ်စိုက်ပျိုးရေးတို့ကို အလေးတင်းထားခြင်းအားဖြင့် စစ်အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်ကြောင့် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားရာ နယ်မြေဒေသများတွင် ဆင်းရဲမွဲတေမှုကိုလျှော့ပါးသက်သာအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိခဲ့ချေ။ ထိုမျှမက အစိုးရ၏ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများသည် အများအားဖြင့် ၎င်းဒေသများအပေါ် စစ်တပ်က ပို၍ထိန်းချုပ်နိုင်အောင် စစ်တပ်ဖွဲ့များပိုမိုချထားခြင်းမျိုး ဖြစ်လာစေပါသည်။ ဤသို့ဖြင့် "အဓမ္မလုပ်အားခိုင်းစေခြင်း၊ အဓမ္မငွေတောင်းခံခြင်း၊ မြေသိမ်းယူခြင်း၊ စသည့် အတင်းအကျပ် ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများဖြင့် ပေါင်းစပ်သည့်အခါ အိမ်ထောင်စုများသည် ဝင်ငွေလုံးလုံး မရှိတော့သည်အထိ ဝင်ငွေကျဆင်းမှုများ ဖြစ်ပေါ်လာရသည်။ လူများလည်း အခြားရွေးချယ်စရာ လမ်းမရှိတော့ဘဲ သူတို့အိုးအိမ်များကိုစွန့်ခွာရသည်အထိ ဖြစ်စေသည်။ "[၁၇] ဤသို့ အတင်းအကျပ် နှင့် ရှောင်လွှဲမရနိုင်သည့် သဘာဝအခြေအနေများသည် စီးပွားရေးသာသည့်နေရာသို့ ရွှေ့ပြောင်း အခြေချမှုများတွင် ပုံမှန်အားဖြင့်တွေ့ရသည့် ဆွဲဆောင်တတ်သည့် အချက်များနှင့်ကွာခြားပါသည်။ [၁၈]

(နအဖ) စစ်အစိုးရ၏ ရတနာ သဘာဝဓါတ်ငွေ့ပိုက်လိုင်း စီမံချက်သည် စစ်အစိုးရအတွက် ဒေါ်လာငွေ ဘီလျံနှင့်ချီ၍ အကျိုးအမြတ် ရရှိစေပါသည်။ သို့သော်လည်း ရရှိသော နိုင်ငံခြားဝင်ငွေများကို အရံနိုင်ငံခြားငွေစာရင်းထဲတွင် တစိတ်တပိုင်းမျှသာ စာရင်းသွင်းထားပြီး၊ အမျိုးသားဘဏ္ဍာဝင်ငွေ စာရင်းထဲတွင် အများစုမှာ ပျောက်ဆုံးနေပါသည်။ [၁၉] ဤသို့သော အခြေအနေတွင် ဓာတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းရာဒေသအတွင်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း အထောက်အထားများကို မှတ်တမ်းတင်ထားနိုင်ပါသည်။ [၂၀] ဤသို့ အကျင့်ပျက်လာဘ်စားမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသည့်ကြားကပင်၊ ရွှေသဘာဝဓာတ်ငွေ့စီမံချက်လုပ်ငန်းနှင့် ရခိုင်ပြည်နယ်မှ တရုတ်နိုင်ငံအထိ ကီလိုမီတာ (၂,၀၀၀) ရှည်လျားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတည်ဆောက်မှုတို့ကို လျာထားသည့်အတိုင်း ဆက်လက်အကောင်အထည်ဖော်လျက် ရှိနေသည်။ [၂၁] ဒေါ်လာသန်းထောင်ချီတန်သည့် အဆိုပြုထားသော တနင်္သာရီတိုင်းတွင် ရေနက် ဆိပ်ကမ်းများနှင့် စက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းအတွက်လည်း စစ်ဆေးစမ်းသပ်မှုများ ပြီးခဲ့သည့် နှစ်အတွင်းက ဆောင်ရွက်နေခဲ့ကြသည်။ ဤဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံကို ကားလမ်း၊ ရထားလမ်းများ ဖြင့် ဆက်သွယ်ကြမည်ဖြစ်သည်။ [၂၂]

---

[17] Paulo Sérgio Pinheiro, 7 March 2008, *Report of the Special Rapporteur on the Situation of Human Rights in Myanmar*, A/HRC/7/18, para 75, http://ap.ohchr.org/documents/dpage_e.aspx?m=89

[18] Andrew Bosson, May 2007, *Forced Migration / Internal Displacement in Burma: With an Emphasis on Government Controlled Areas*, Internal Displacement Monitoring Centre.

[19] International Monetary Fund, 7 January 2009, "Myanmar : Staff Report for the 2008 Article IV Consultation", unpublished report, p6

[20] Earthrights International, September 2009, *Total Impact: The Human Rights, Environmental and Financial Impacts of Total and Chevron's Yadana Gas Project in Military-Ruled Burma (Myanmar)*

[21] Shwe Gas Movement, September 2009, *Corridor of Power: China's Trans-Burma Oil and Gas Pipelines*, www.shwe.org

[22] Bangkok Post, 12 October 2010, "Deal struck on deep-sea port", http://www.bangkokpost.com/news/local/200870/deal-struck-on-deep-sea-port (accessed 18/10/10)

ပြီးခဲ့သည့်နှစ်အတွင်း ရှမ်းပြည်နယ်တွင် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းကြောင့် စိုက်ပျိုးမြေ ကေထောင်နှင့်ချီ၍ သိမ်းယူခံခဲ့ရသည်။ လယ်သမားများက စောဒကတက်ကြသော်လည်း အာဏာပိုင်များက ပယ်ချခဲ့ကြသည်။ ထောင်ချခံရမည်ဟုလည်း စောဒကတက်သူများကို ခြိမ်းခြောက် ခဲ့ကြသည်။ ဤရထားလမ်းသည် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေဆဲဒေသများသို့ စစ်တပ်ဖွဲ့များကို လျှင်လျှင်မြန်မြန်ပို့နိုင်ရန် ပို၍အဆင်ချောစေမည်ဖြစ်ပြီး၊ မိုင်းဆတ်ဒေသရှိ ကျောက်မီးသွေးတွင်း သို့လည်း သွားရောက်နိုင်မည်ဖြစ်သည်။ ဤဒေသမှ ကျောက်မီးသွေးများကို ထိုင်းနိုင်ငံမှ ရင်းနှီး မြှုပ်နှံသူများက သယ်ယူကာ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်လည်း စီစဉ်ထားကြသည်။ ကျောက်မီးသွေးတွင်းနှင့် ပူးတွဲပါဖြစ်သည့် ရထားလမ်းစီမံကိန်းနှင့်အတူ အဓမ္မလုပ်အားခိုင်းစေမှုများ၊ နီးစပ်ရာဒေသများမှ ကျေးရွာလူထုများကိုလည်း အတင်းအကျပ်ရွှေ့ပြောင်းစေရမှုများ ဖြစ်လာ စေခဲ့သည်။[၂၃]

မြန်မာ့တပ်မတော်အပြင် ဒေသခံလူထုများထိခိုက်နစ်နာစေရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များကလည်း သဘာဝရင်းမြစ်များကို ဖျက်ဆီးရောင်းချနေကြသည်။ ပြီးခဲ့သည့်နှစ်တွင် တိုးတက် သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ) တပ်များက ရွှေတွင်းထွက်ရာ ဒေသများကိုသိမ်းယူ၍ ကရင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ရွှေတွင်းနှင့်နီးသည့်ဒေသ မှ ကျေးရွာလူထုများကို ခရီးသွားလာခွင့်များ တင်းကျပ်ကန့်သတ်ခဲ့ကြသည်။ အလားတူပင် ကရင်နီ လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့ကလည်း အဓမ္မလုပ်အားစုဆောင်းခြင်း၊ ကရင်နီ (ကယား) ပြည်နယ် တောင်ပိုင်းရှိ သတ္တုမိုင်းလုံခြုံရေးအတွက် ကျေးရွာ (၃၀) ကို ပြောင်းရွှေ့ပစ်မည်ဟု ခြိမ်းခြောက်ခြင်း များပြုခဲ့သည်။

ရေအားလျှပ်စစ် စီမံကိန်းများအတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့်အတူ ပူးတွဲဖြစ်လာသည့် စစ်တပ်များ တိုးချဲ့ချထားခြင်း၊ သစ်ထုတ်လုပ်ခြင်းတို့ကြောင့် ကရင်ပြည်နယ်နှင့် ကရင်နီ (ကယား) ပြည်နယ်များ တွင် သံလွင်မြစ်ကြောင်းတလျှောက်နှင့် မြစ်ငယ်များတလျှောက်ရှိ လူထုများအတွက် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ထိခိုက်နစ်နာစေသည်။ ယခုနှစ်ဆန်းပိုင်းတွင် ပဲခူးတိုင်း အရှေ့ခြမ်း၌ ရေကာတာငယ်တခု တည်ဆောက်ပြီးစီးခဲ့သော်လည်း၊ ရေလွှမ်းခံရသည့် လယ်ကွက်များ နစ်နာဆုံးရှုံး ခဲ့ရသည့် လယ်သမားများကို လျော်ကြေးပေးဆောင်ခဲ့ခြင်းများ မရှိခဲ့ပါ။

[23] Shan Womens Action Network and Shan Human Rights Foundation, August 2010, “Burma Army Tracks Across Shan State”, http://www.shanwomen.org/files/ (accessed 18/10/10)

# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်မှု နှင့်ဆက်နွယ်နေသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ (၂၀၁၀ ခုနှစ်)




## ၂။ ၂။ ရွှေ့ပြောင်းထွက်ပြေးရသည့် ပမာဏ အတိုင်းအဆနှင့် ပျံ့နှံ့တည်ရှိနေပုံ။

*“စစ်တပ်က ကျနော်တို့ရွာ ဒေသတဝိုက်ကို ၂–၃ လဆို အမြဲတမ်းရောက်လာတတ်တယ်။ သူတို့က ကျနော်တို့ကို အမြဲတမ်းသူပုန်အားပေးဆိုပြီး စွပ်စွဲတတ်တယ်။ ကျနော်တို့ရွာက တခြားရွာတွေနဲ့ ဝေးနေတော့လည်း သူတို့ရန်ကို ကြောက်ရတယ်။ ဒါနဲ့ပဲ ထွက်ပြေးခဲ့ကြရတယ်။ ”*
ကရင်နီလူထုတဦး၊ ဖာဆောင်းမြို့နယ်။ (KSWDC) တွေ့ဆုံမေးမြန်းမှု၊ ဧပြီလ ၂၀၁၀ ခုနှစ်။

(တီဘီဘီစီ) ၏ မိတ်ဖက်အဖွဲ့အစည်းများသည် (၁၉၉၆) ခုနှစ်မှစ၍ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများရှိ ကျေးရွာလူနေမှုအစုပေါင်း (၃,၆၀၀) ကျော်တို့ ဖျက်ဆီးခံရခြင်း၊ သို့မဟုတ် အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း၊ သို့မဟုတ် စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း မှတ်တမ်းတင်နိုင်ခဲ့ကြပါသည်။ ဤကျေးရွာများတွင် ပြီးခဲ့သည့်နှစ်အတွင်း ပြောင်းရွှေ့ထွက်ပြေးခဲ့ရသည့်ကျေးရွာနှင့် ရွာပုန်းရွာရှောင် ၁၁၃ ခု အပါအဝင် ဖြစ်ပါသည်။ ပျက်စီးဆုံးပါးခံရပြီး အိုးအိမ်အခြေပျက်ခဲ့ရသောကျေးရွာဦးရေသည် ဆူဒန်နိုင်ငံ၊ ဒါဖော်(မ်ကမ)ဒေသမှာ ဖြစ်ပွားနေသောအခြေအနေနှင့် နှိုင်းယှဉ်လောက်ပြီး၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတလွှားမှာ လူသားမျိုးနွယ်တရပ်လုံးအပေါ် ဆန့်ကျင်ရေးရာဇဝတ်မှုများ ဖြစ်ပွားနေကြောင်း ဖော်ပြလောက်သည့် တခုတည်းသော အားအကောင်းဆုံး သက်သေညွှန်ပြချက်တခု ဖြစ်နေပါသည်။ [24]


**(ရှမ်းပြည်နယ်အတွင်း အတင်းအကျပ် ပြောင်းရွှေ့ရမှု မပြုမီ နှင့် စွန့်ခွာပြီးနောက် ကျေးရွာတခု၏ ဂြိုဟ်တုမြေပုံ)**



(© 2007 GeoEye)

[24] International Human Rights Clinic, May 2009, *Crimes in Burma*, Harvard Law School, p. iii http://www.law.harvard.edu/programs/hrp/documents/Crimes-in-Burma.pdf (accessed 18/10/10)

# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ပြည်တွင်း၌ အိုးအိမ်အခြေပျက် ရွှေ့ပြောင်းထွက်ပြေးရမှု (၁၉၉၆ – ၂၀၁၀ ခုနှစ်)




| ပြည်နယ်နှင့်တိုင်းများ | ဖျက်ဆီးခံရသော၊ ပြောင်းရွှေ့ခံရသော၊ စွန့်ပစ်ထွက်ပြေးကြရသော ကျေးရွာများ | | | |
|---|---|---|---|---|
| | ၁၉၉၆–၀၂ | ၂၀၀၃–၂၀၀၉ | ၂၀၁၀ | ၁၉၉၆–၂၀၀၉ |
| ရှမ်းပြည်နယ်တောင်ပိုင်း | ၁၄၇၈ | ၁၆၀ | ၇ | ၁၆၄၅ |
| ကရင်နီပြည်နယ် | ၂၀၀ | ၈၅ | ၂ | ၂၈၇ |
| ပဲခူးတိုင်း အရှေ့ခြမ်း | ၁၁၃ | ၂၂၄ | ၅၈ | ၃၉၅ |
| ကရင်ပြည်နယ် | ၅၃၄ | ၄၂၄ | ၃၉ | ၉၉၇ |
| မွန်ပြည်နယ် | ၇၂ | ၁၆ | ၀ | ၈၈ |
| တနင်္သာရီတိုင်း | ၁၃၉ | ၆၁ | ၇ | ၂၀၇ |
| စုစုပေါင်း | ၂၅၃၆ | ၉၇၀ | ၁၁၃ | ၃၆၁၉ |

ပြီးခဲ့သည့်နှစ် ကွင်းဆင်းလေ့လာချက်အစီရင်ခံစာများထဲမှ အချို့သော ကျေးရွာများ၏ အိုးအိမ်အခြေပျက်မှုများမဖြစ်ပွားမီနှင့် ဖြစ်ပွားပြီးနောက်ပိုင်း ရိုက်ကူးထားသော အဆင့်မြင့် ပုံဖော်ပြမှုကောင်းသော ဂြိုဟ်တုဓာတ်ပုံ (high resolution commercial satellite imagery) များဖြင့် အတည်ပြု တိုက်ဆိုင်စစ်ဆေးနိုင်ခဲ့ပါသည်။ အောက်ဖော်ပြထားသောပုံသည် (၂၀၀၀) ခုနှစ်အတွင်းက မောက်မယ်မြို့နယ်မှ အိမ်ခြေ (၁၇) အိမ်ရှိသော ရွာတရွာ၏ပုံကို၊ ဤနေရာတွင်ပင် (၂၀၀၇) ခုနှစ်၌ လူသူမရှိတော့သည့် ပလာကျင်းဖြစ်နေသောရွာနေရာနှင့် နှိုင်းယှဉ်ပြထားပါသည်။ [၂၅] (တီဘီဘီစီ) အဖွဲ့၏ (၂၀၀၆) ခုနှစ်တွင်ထုတ်ဝေခဲ့သည့် ကွင်းဆင်းအစီရင်ခံစာပါ ဤကျေးရွာအဓမ္မပြောင်းရွှေ့ခံရခြင်းကို ဤဖော်ပြပါဓာတ်ပုံက သက်သေထူနိုင်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ပြီးခဲ့သည့်နှစ်တွင် ဂြိုဟ်တုဓာတ်ပုံ အသစ်များ ထပ်မံရရှိခဲ့ပါသည်။


ယခုနှစ် စစ်တမ်းကောက်ယူမှုတွင် (၂၀၀၉) ခုနှစ်၊ သြဂုတ်လမှ (၂၀၁၀) ခုနှစ်၊ ဇူလိုင်လအတွင်း မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများမှာ မိမိတို့၏ နေအိမ်များမှ မဖြစ်မနေ စွန့်ခွာရွှေ့ပြောင်းသွားရသော လူဦးရေသည် အနည်းဆုံး (၇၃,၀၀၀) ရှိသည်ဟု ခန့်မှန်း ဖော်ပြထားပါသည်။ ဤမျှ များပြားလှသော အိုးအိမ်အခြေပျက်မှုပမာဏသည် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း နှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းတို့ဆက်လက်ရှိနေကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။ သို့ရာတွင် ဤခန့်မှန်းချက်သည် လျှော့ပေါ့၍ခန့်မှန်းချက်သာ ဖြစ်ပါသည်။ အကြောင်းမှာ ဤခန့်မှန်းချက်သည် အများအားဖြင့် အတင်းအဓမ္မရွှေ့ပြောင်းခံရသော မြို့နယ်ပေါင်း (၃၇) ခုမှ ကျေးလက်ဒေသများနှင့်သာ လွှမ်းခြုံဖော်ပြနိုင်ခြင်းကြောင့်သာ ဖြစ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ကရင်ပြည်နယ်မြောက်ပိုင်းဒေသနှင့် တောင်ပိုင်းဒေသရှိ မွန်ရပ်ရွာများတွင် အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးရမှု အမြင့်မားဆုံးနှုန်းရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျောက်ကြီး၊ သံတောင်၊ ဖာပွန်မြို့နယ်များတွင် အထူးသဖြင့် တောင်ပေါ်ဒေသများ၌ မြန်မာစစ်တပ်က အရပ်သားများအပေါ်ပစ်ခတ်တိုက်ခိုက်မှု၊ မြေပြန့်ဒေသများတွင် အိုးအိမ်ရွှေ့ပြောင်းစေရန် အဓမ္မအမိန့်များကြောင့် ကရင်လူထုရွာသား (၂၆,၀၀၀) ကျော် ပြောင်းရွှေ့ထွက်ပြေးခဲ့ကြရပါသည်။ အလားတူပင် မွန်ဒေသတောင်ပိုင်း ရေးနှင့်ရေဖြူမြို့နယ်များတွင်မူ မွန်ပြည်သစ်ပါတီကို နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအမိန့်များနှင့်အတူ ဖြစ်ပေါ်လာသည့်ဖိအားပေးမှုများ၊ မတည်ငြိမ်မှုနှင့် ပဋိပက္ခများ တိုး၍ ဖြစ်ပေါ်လာပြီး၊ ကျေးရွာလူထု (၈,၀၀၀) ကျော် ထွက်ပြေးလာခဲ့ကြပါသည်။

အိုးအိမ်စွန့်ခွာပြောင်းရွှေ့ထွက်ပြေးရမှုများ ဆက်လက်ဖြစ်ပေါ်နေသော်လည်း၊ မြန်မာနိုင်ငံအရှေ့ပိုင်း ကျေးလက်ဒေသများရှိ ပြည်တွင်းဒုက္ခသည်အားလုံးအတွက် ခန့်မှန်းအရေအတွက်မှာ ၂၀၀၉ ခုနှစ်နှင့် နှိုင်းစာလျှင် ခန့်မှန်း (၂၀,၀၀၀)မျှ လျော့နည်းသွားပါသည်။ ဤသို့ လျော့နည်းသွားရခြင်း အကြောင်းသည် တစိတ်တပိုင်းအားဖြင့် မကြာသေးမီက အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရသူများသည်

[25] Science and Human Rights Program, 2007, *High Resolution Satellite Imagery of the Conflict of Burma*, American Association for the Advancement of Science, Washington DC, http://shr.aaas.org/geotech/burma/burma.shtml (accessed 18/10/10)

# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ပြည်တွင်း၌ အိုးအိမ်အခြေပျက် ရွှေ့ပြောင်းထွက်ပြေးရမှု (၂၀၁၀ ခုနှစ်)




| ပြည်နယ်နှင့်တိုင်းများ | ပုန်းအောင်းနေရသော ပြည်တွင်းဒုက္ခသည်များ | စုစည်းကျေးရွာများရှိ ပြည်တွင်းဒုက္ခသည်များ | အပစ်အခတ်ရပ်စဲရေး ဒေသရှိ ပြည်တွင်းဒုက္ခသည်များ | စုစုပေါင်း ပြည်တွင်း ဒုက္ခသည်များ |
|---|---|---|---|---|
| ရှမ်းပြည်နယ်တောင်ပိုင်း | ၂၃၉၀၀ | ၁၆၆၅၀ | ၈၈၂၀၀ | ၁၂၈၇၅၀ |
| ကရင်နီပြည်နယ် | ၇၄၀၀ | ၃၉၀၀ | ၂၃၀၀၀ | ၃၄၃၀၀ |
| ပဲခူးတိုင်း အရှေ့ခြမ်း | ၂၀၆၀၀ | ၂၂၁၅၀ | ၀ | ၄၂၇၅၀ |
| ကရင်ပြည်နယ် | ၅၂၅၀၀ | ၁၂၇၀၀ | ၆၈၃၀၀ | ၁၃၃၅၀၀ |
| မွန်ပြည်နယ် | ၁၅၅၀ | ၇၅၀၀ | ၆၀၀၀၀ | ၆၉၀၅၀ |
| တနင်္သာရီတိုင်း | ၈၀၅၀ | ၆၂၁၀၀ | ၆၅၀၀ | ၇၆၆၅၀ |
| စုစုပေါင်း | ၁၁၅၀၀၀ | ၁၂၅၀၀၀ | ၂၀၆၀၀၀ | ၄၄၆၀၀၀ |

မူလကတည်းက ပြည်တွင်းဒုက္ခသည်အဖြစ် စာရင်းကောက်ယူထားသူများ ဖြစ်သည်လည်း ပါဝင်ပါသည်။ အခြားအကြောင်းတခုမှာ ပြည်တွင်းဒုက္ခသည်များက ထိုင်းနိုင်ငံတွင်းရှိ ဒုက္ခသည်စခန်းများနှင့် ရွှေ့ပြောင်းလုပ်သားများအဖြစ် ပြောင်းရွှေ့ဝင်ရောက်သွားသောကြောင့်လည်း ဖြစ်နိုင်သည်။ ကျန်ရှိသော ပြည်တွင်းဒုက္ခသည်များမှာ သူတို့၏မူရင်းကျေးရွာများနှင့် မြန်မာနိုင်ငံ အခြားဒေသများသို့ ပြန်လည်ရောနှောဝင်ရောက်သွားသည်လည်း ဖြစ်နိုင်သည်။ သို့သော်လည်း ပင်မအားဖြင့် ပြည်တွင်းဒုက္ခသည်ဦးရေလျော့နည်းကျဆင်းရခြင်းအကြောင်းသည် တိုင်ရင်းသားအုပ်စု အာဏာပိုင်များက အပစ်အခတ်ရပ်စဲရေးဒေသများအပေါ် ထိန်းချုပ်နိုင်မှုလျော့နည်းလာခြင်း နှင့် ပြည်တွင်းဒုက္ခသည်အရေအတွက်ကို ခန့်မှန်းတွက်ချက်ပေးရန် စွမ်းဆောင်နိုင်ရည် ကျဆင်းလာသောကြောင့်လည်း ဖြစ်နိုင်သည်။

မြန်မာနိုင်ငံ အရှေ့ဖျားဒေသများတွင် ၂၀၁၀ ခုနှစ် အကုန်၌ အိုးအိမ်ပြောင်းရွှေ့ထွက်ပြေးနေရသူ ပြည်တွင်းဒုက္ခသည် အနည်းဆုံး (၄၄၆,၀၀၀) ရှိနေပါသည်။ ဤသို့ ဆန်းစစ်တွက်ချက်မှုတွင် အပစ်အခတ်ရပ်စဲရေးဒေသများရှိ ယာယီစခန်းများတွင် နေထိုင်နေကြသူ (၂၀၆,၀၀၀) ဦးလည်း ပါဝင်ပြီး၊ ဤစခန်းများမှာ မတည်ငြိမ်မှုများ တိုး၍ကြုံတွေ့နေရပြီး၊ ပြိုပျက်သွားနိုင်သည့် အလားအလာလည်း ရှိနေသည်။ အခြား လူ (၁၁၅,၀၀၀) ဦးမှာ (နအဖ) စစ်တပ်ရန်မှ ဝေးစေရန် ဝေးလံသောဒေသများတွင် ရွှေ့ပြောင်းပုန်းအောင်းနေကြရပြီး၊ ထိုသူများမှာ လက်နက်ကိုင်တိုက်ပွဲများ နှင့် ကြုံတွေ့ရနိုင်သည့်အန္တရာယ်လည်း ရှိနေပါသည်။ ခန့်မှန်းလူ (၁၂၅,၀၀၀) ဦးမှာ (နအဖ) တပ်ဖွဲ့များ၏ အတင်းအကျပ်ပြောင်းရွှေ့စေသည့်အမိန့်ကို လိုက်နာခဲ့ကြရပြီး၊ ယခုအခါ စုစည်းစခန်းများထဲတွင် နေထိုင်နေကြရပါသည်။ အကယ်၍ မြို့နယ်အားလုံးရှိ ဇရိယာအားလုံးကို စစ်တမ်းကောက်ယူခွင့်သာ ရရှိမည်ဆိုပါက၊ ဖြစ်နိုင်သည်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေရသူဒုက္ခသည် သန်းတစ်ဝက် (၅ သိန်း) ခန့် ရှိနေမည်ဟု သံသယဖြစ်ဖွယ်မရှိ ယုံကြည်ရပါသည်။

# အခန်း (၃)



ယာယီ အမိုးအကာ အောက်တွင်၊ သံတောင်ကြီးမြို့နယ်၊ ၂၀၁၀ ခုနှစ်။ (CIDKP)

# နာတာရှည် ဆင်းရဲမွဲတေမှု

## ၃။ ၁။ လူဦးရေဖိစီးမှု အကြောင်းများ


*"ကျနော်တို့လည်း အံ့သြနေကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တုန်းက သူတို့တွေ ဒီလောက်ဝေးလံတဲ့ ဒေသတွေကလူတွေဆီကိုလာပြီး မှတ်ပုံတင်ထုတ်ပေးတာ မရှိခဲ့ဖူးဘူး။ သူတို့က ကျနော်တို့ကို အမြဲတမ်းပဲ သူပုန်ထောက်ခံသူတွေလို့ စွပ်စွဲတတ်တယ်။ ဒီတခါတော့ မိသားစုဝင်တွေအားလုံး မှတ်ပုံတင်ကဒ်ရဖို့ စာရင်းသွင်းကြရတယ်။ အသက် ၁၈–နှစ်ကျော်တဲ့ သူတွေက ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအတွက် ပုံစံပါဖြည့်ရတယ်။"*

ကရင်နီအမျိုးသားတဦး၊ လွိုင်ကော်မြို့နယ်။ (KSWDC) တွေ့ဆုံမေးမြန်းခန်း။ ၂၀၁၀ ခုနှစ်။

ပုံ–၂ တွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် တွေ့ရှိရသည့် အသက်ဖွဲ့စည်းပုံနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသနှင့် ခြောက်သွေ့ဇုန်တို့တွင် အခြားသောနိုင်ငံတကာအဖွဲ့အစည်း ၂–ခုတို့က ဆောင်ရွက်ခဲ့သော စစ်တမ်းကောက်ယူမှုတွေ့ရှိမှုများနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ခြောက်သွေ့ ဇုန်တွင် နမူနာကောက်ယူထားသည့် လူထုများ၏ ၃၇% သည် အသက် ၁၅–နှစ် အောက်ကလေးများ သို့မဟုတ် ၆၀–အထက်လူကြီးများ ဖြစ်ကြပြီး၊ ဤအရွယ်အပိုင်းအခြားသည် မြန်မာနိုင်ငံအရှေ့ ပိုင်းဒေသများတွင် ၄၆%၊ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ၅၀ % အထိ ပို၍ မြင့်မားပါသည်။ ခြောက်သွေ့ဇုန်မှ ကောက်ယူရရှိသည့် ဒေတာအချက်အလက်များသည် မြန်မာနိုင်ငံ ပျမ်းမျှအခြေအနေနှင့် နှိုင်းယှဉ်၍ရနိုင်သော်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံ အရှေ့ ပိုင်းဒေသများမှ အခြေအနေများသည်၊ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိ လူဦးရေ နည်းပါးသောအချိုးပေါ်တွင် ကျန်လူဦးရေများက အလွန်အမင်းမှီခိုရှင်သန်နေရကြောင်း၊ လူတို့ပျမ်းမျှ အသက်လည်း တိုတောင်းကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ လူဦးရေအချိုးအစားသည် အသက် ၅–နှစ်အောက်ကလေးများ နှင့် အသက် ၁၅–မှ ၂၉ အကြားရှိလူဦးရေအချိုး၌ နှိုင်းယှဉ်၍ရပါသည်။ သို့သော်လည်း ရခိုင်မြောက်ပိုင်းဒေသတွင် အသက် ၅–နှစ်မှ ၁၄ နှစ်အကြားကလေးများ ပို၍ သိသာစွာများပြားပါသည်။ သို့အတွက်ကြောင့် ဒေသ ၂–ခုစလုံးတွင် ကလေးမွေးဖွားနှုန်း မြင့်မားခြင်းနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ကလေးသေနှုန်းများပြားခြင်းကို ဖော်ပြနေပါသည်။

**ပုံ ၂။ မြန်မာနိုင်ငံတွင် ရွေးချယ်ထားသည့် အချို့ဒေသများ၏ အသက်အရွယ် ဖွဲ့စည်းပုံ**




ယခု စစ်တမ်းကောက်ယူမှုများအရ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ၅၀.၇ % လူဦးရေမှာ အမျိုးသမီးများဖြစ်ပြီး၊ ဤအချိုးအစားသည် အသက် ၁၅ မှ ၄၄ အကြား အသက်အုပ်စုတွင် ၅၁.၇ % အထိ တိုးတက်များပြားနေပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အုပ်စုတွင် အမျိုးသမီး များပြားနေခြင်းသည် ပဋိပက္ခ၏အကျိုးဆက်နှင့်လည်း ဆက်နွယ်နေပါသည်။ အကြောင်းမှာ ယောကျ်ားများကို လက်နက်ကိုင်တပ်ဖွဲ့များအတွင်း သွတ်သွင်းခံရ၍သော်လည်းကောင်း၊ စစ်ကြောင့် ထိခိုက် ဒဏ်ရာရ၍သော်လည်းကောင်း၊ သို့မဟုတ် မိသားစုအတွက်ဝင်ငွေရှာဖွေရန် တရပ်တကျေးသို့ ပြောင်းရွှေ့သွားလာရသောကြောင့်သော်လည်းကောင်း ဤသို့ဖြစ်နိုင်ပါသည်။


လူဦးရေဖွဲ့စည်းပုံတွေ့ရှိချက်များကို မြို့နယ်များအဆင့်အလိုက် စုစည်း၍ ဇယား–၁ တွင် ဖော်ပြထားပါသည်။ အသက်–၁၅နှစ်အောက်ကလေးငယ်များနှင့် အသက် ၆၀–အထက် လူအိုအရွယ်များ အချိုးအများပြားဆုံးတွေ့ရှိရသောမြို့နယ်များမှာ ဖာဆောင်း၊ ဖာပွန်နှင့် ပုလောမြို့နယ်များ ဖြစ်ပါသည်။ အသက် ၁၅–နှစ်အောက် ငယ်ရွယ်သူကလေးများ ထူးထူးခြားခြားရှိနေသည့် မြို့နယ်အဖြစ် မိုင်းတုံမြို့နယ်ကို တွေ့ရပါသည်။ သို့သော်လည်း ဖြစ်နိုင်သည်မှာ ဘေးအန္တရာယ်မှကင်းလွတ်စေရန် မှီခိုသူများနှင့် ကလေးများကို ယာယီရွှေ့ပြောင်းထားခြင်း ဖြစ်နိုင်ပါသည်။ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) အနေဖြင့် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရန် ဖိအားအပြင်းအထန်ပေးခံနေရသည့်ကာလလည်း ဖြစ်ပါသည်။ ကျောက်ကြီးမြို့နယ်တွင် မိသားစုဖွဲ့စည်းပုံ ပျမ်းမျှအရွယ်အစားကြီးနေရခြင်းမှာ ရွာပုန်း၊ သို့မဟုတ် ပုန်းအောင်းရာဒေသများတွင် မိသားစုများစုပေါင်း၍ အတူတူခိုလှုံနေကြရသောအကြောင်းကို ထင်ဟပ်ဖော်ပြခြင်းလည်း ဖြစ်နိုင်သည်။

## စာရင်း ၁။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် လိင် နှင့် အသက်ကွဲပြားမှုအလိုက် နမူနာ လူဦးရေ

| | မိုင်းတုံ | | ဖာဆောင်း | | ဖာပွန် | | ကျောက်ကြီး | | ရေး | | ပုလော | | လွှမ်းခြို | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ | ကျား | မ |
| ၅ နှစ် အောက် | ၁၀ % | ၅ % | ၁၈ % | ၁၉ % | ၁၇ % | ၁၈ % | ၁၁ % | ၁၀ % | ၁၁ % | ၁၀% | ၁၉ % | ၁၇ % | ၁၅ % | ၁၄ % |
| ၅–၁၄ | ၁၅ % | ၂၀ % | ၃၃ % | ၃၂ % | ၃၀ % | ၂၆ % | ၂၂ % | ၂၄ % | ၂၃ % | ၂၄ % | ၂၉ % | ၂၇ % | ၂၆ % | ၂၆ % |
| ၁၅–၂၉ | ၂၅ % | ၂၆ % | ၁၅ % | ၂၀ % | ၂၄ % | ၂၃ % | ၂၃ % | ၂၁ % | ၂၅ % | ၂၆ % | ၂၂ % | ၂၃ % | ၂၂ % | ၂၃ % |
| ၃၀–၄၄ | ၂၃ % | ၂၃ % | ၁၇ % | ၂၀ % | ၁၃ % | ၁၈ % | ၂၂ % | ၂၀ % | ၁၇ % | ၁၆ % | ၁၇ % | ၁၉ % | ၁၈ % | ၁၉ % |
| ၄၅–၅၉ | ၁၈ % | ၁၆ % | ၁၃ % | ၆ % | ၁၀ % | ၉ % | ၁၈ % | ၁၇ % | ၁၉ % | ၁၈ % | ၈ % | ၉ % | ၁၄ % | ၁၃ % |
| ၆၀ ထက် | ၉ % | ၉ % | ၃ % | ၃ % | ၆ % | ၆ % | ၄ % | ၇ % | ၆ % | ၆ % | ၄ % | ၆ % | ၅ % | ၆ % |
| စုစု ပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |
| နမူနာ | ၄၂၁ | ၄၀၄ | ၆၂၉ | ၆၆၀ | ၆၄၂ | ၆၄၆ | ၁၀၁၆ | ၁၀၇၁ | ၅၅၀ | ၅၆၃ | ၆၂၄ | ၆၅၆ | ၃၈၈၂ | ၄၀၀၀ |

နိုင်ငံသားမှတ်ပုံတင်ကဒ်ပြားသည် မိမိမည်သူဖြစ်ကြောင်းပြသရန် အရေးပါသည့် အထောက်အထား ဖြစ်သလို၊ မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူများ ခရီးသွားမည်ဆိုလျှင် ရှိနေရန်လိုအပ်သည်။ သို့သော်လည်း မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ဆယ်စုနှစ်များစွာကြာ ပြည်တွင်းစစ် ဖြစ်ပွားနေသောကြောင့် နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် ရိုဟင်ဂျာများကို ခွဲခြားဖိနှိပ်ဆက်ဆံမှုကြောင့် လူတဦးချင်းတွင် တရားဝင်လုံခြုံမှု နိမ့်ပါးပါသည်။ ယခု စစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ဖြေဆိုပြန်ကြားကြသူများ၏ ၅၆%တွင် နိုင်ငံသားစီစစ်ရေးကဒ်ပြားရှိကြောင်း တွေ့ရသည်။ ဒေသအလိုက် ကွဲပြားမှုမြင့်မားစွာရှိနေပြီး ရေးနှင့် မိုင်းတုံမြို့နယ်များတွင် လူအများစုက နိုင်ငံသားမှတ်ပုံတင်ရရှိကြပြီး၊ ဖာပွန်နှင့် ကျောက်ကြီးမြို့နယ်များတွင် နိုင်ငံသားမှတ်ပုံတင်ကဒ် ရရှိမှုအနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

### ပုံ ၃။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် နိုင်ငံသားဖြစ်မှု အခြေအနေ



ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် မကြာသေးမီက စစ်တမ်းကောက်ယူမှုများအရ အရွယ်ရောက်ပြီးသူများ၏ ၅၀%တွင်သာ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ သို့မဟုတ် ယာယီမှတ်ပုံတင် ကဒ်ပြားတခုခုရှိကြောင်း တွေ့ရှိရသည်။ ဤအချက်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် နိုင်ငံမဲ့များအဖြစ်တည်ရှိနေမှုကို အကြီးအကျယ်ဖုံးကွယ်ဖော်ပြရာလည်းရောက်သည်။ အကြောင်းမှာ ယာယီမှတ်ပုံတင်ကဒ်ပြားသည် နိုင်ငံသားအဖြစ်သို့ မသက်ရောက်သောကြောင့် ဖြစ်သည်။ ဖာပွန်၊ ကျောက်ကြီးမြို့နယ်ရှိ ကရင်ကျေးရွာလူထုများအတွက် နိုင်ငံသားစိစစ်ရေးကဒ်အစား အခြား အစားထိုးကိုင်ဆောင်နိုင်သည်မှာ မှတ်ပုံတင်ကဒ်ပြားများကို ဒေသခံအာဏာပိုင်များ၊ သို့မဟုတ် ကျေးရွာခေါင်းဆောင်များထံမှ ငွေပေးဝယ်ယူခြင်းဖြစ်သည်။ ဤသို့တွေ့ရှိမှုရလဒ်အရ (နအဖ) စစ်အစိုးရက ကရင်ပြည်နယ်မြောက်ပိုင်းဒေသရှိ ကျေးရွာအုပ်စုအများအပြားတွင် ရွေးကောက်ပွဲ မကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဤဒေသတွင် နေထိုင်ကြသူကျေးရွာလူထုများက မည်သူ့အပေါ် သစ္စာခံမည်ကိုလည်း စစ်အစိုးရက အကြီးအကျယ်သံသယရှိနေပုံ ရသည်။

## ၃။ ၂။ အိုးအိမ်၊ ရေကောင်းရေသန့် ရရှိမှုနှင့် သန့်ရှင်းမှု အခြေအနေ

*"ကျနော်တို့ ရေပိုက်တွေကို သွားပြီးမပြင်ရဲတော့ တောင်ပေါ်ကလာတဲ့ရေကို သွယ်ပြီး မသုံးနိုင် ကြဘူး။ အဲဒီရေအစား ရွံ့ရေတွေ၊ အင်ဂျင်ဝိုင်ဆီတွေ ညစ်ပတ်နေတဲ့ ဘီးလင်းချောင်းကရေကိုပဲ သုံးရတယ်။ ဘာဖြစ်လို့လဲဆိုတော့ (ဒီကေဘီအေ)အဖွဲ့က ချောင်းဖျားမှာ ရွှေကျင်နေကြလို့ ရေညစ်ပတ်နေတာ။"*

ကရင်အမျိုးသားတဦး၊ ဘီးလင်းမြို့နယ်။ (KORD) တွေ့ဆုံမေးမြန်းခန်း။ မတ်လ ၂၀၁၀ ခုနှစ်။


တနိုင်ငံလုံးအတိုင်းအတာအနေနှင့် ကျေးလက်ဒေသများတွင် ၆၁%သော အိမ်များ၏အိမ်မိုးပစ္စည်းမှာ သက်ကယ်အရွက် သို့မဟုတ် မြက်ဖြစ်၍ အိမ်များ၏ ၃၁%သည် သွပ်မိုး (Corrugated galvanized iron) (စီဂျီအိုင်) ဖြစ်ပါသည်။ ကျေးလက်ဒေသများရှိ လူနေအိမ် ၅၇%သည် အများအားဖြင့် ဝါးကာရံကြကြောင်း တနိုင်ငံလုံးအတိုင်းအတာ တွေ့ရှိချက်တွင် ဖော်ပြပါသည်။ [၂၆]

နှိုင်းယှဉ်ချက်အရ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် တွေ့ရှိရသည်မှာ ကျေးလက်ဒေသတွင် အိမ်များ၏ ၉၁% သည် အိမ်မိုး အတွက် ဝါး သို့မဟုတ် သက်ကယ်ကို အသုံးပြုကြပြီး၊ ၉ % သော အိမ်များကသာ အိမ်မိုးအတွက် သွပ်ပြား သို့မဟုတ် သတ္တု ပြားကို အသုံးပြုနိုင်ကြသည်။ ဝါး သို့မဟုတ် အိမ်မိုးသည့် ဖက်၊ သက်ကယ်များကို အိမ်အကာအရံ အတွက်ပင် ၈၂ % သော အိမ်များတွင် အသုံးပြုကြရသည်။ ပုံ–၄ တွင် ရေရှည်ခံသည့် အမိုးအကာ ချို့တဲ့နေကြောင်း ဖော်ပြနေပြီး၊ တနိုင်ငံလုံးရှိ ကျေး လက်များ ပျမ်းမျှ အခြေအနေထက်စာလျှင် ဆိုင်ကလုံး နာဂစ်

[26] Ministry of National Planning and Economic Development, 2007, Poverty Profile : Integrated Households Living Conditions Survey in Myanmar, p13

တိုက်ခတ်အပြီး တနှစ်အကြာရှိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ အခြေအနေနှင့်သော်လည်းကောင်း၊ သို့မဟုတ် နာတာရှည် ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေရသည့် ရခိုင်ပြည်နယ် မြောက်ပိုင်း ဒေသနှင့်သော်လည်းကောင်း အလားတူ ယှဉ်ကြည့်နိုင်ပါသည်။

### ပုံ ၄။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်ဆောက်လုပ်သည့် အဓိက ပစ္စည်းများ





စာရင်း –၂တွင် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသမှ ဒေတာအချက်အလက်များကို မြို့နယ်အလိုက် စုစည်းဖော်ပြထားပါသည်။ ရေး နှင့် မိုင်းတုံမြို့နယ်များမှလွဲလျှင် ကျန်ရှိသောဒေသများ၌ ရေရှည်ခံသည့် အမိုးအကာဟူ၍ ရှိသည့်နှုန်းထားမှာ မဆိုစလောက်ပင်ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။ ဖားဆောင်းမြို့နယ်တွင် အိမ်မိုးနှင့်အကာအတွက်ဝါးကို အဓိကထားသုံးကြပြီး၊ ဤသည်မှာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို ထင်ဟပ်ဖော်ပြနေပုံလည်း ရပါသည်။ ဝါးရုံများကို သားစဉ်မြေးဆက် လက်လွှဲပြောင်းပေးကြပြီး၊ တန်ဖိုးထားကြပါသည်။ ထို့အပြင် ဤဒေသ၌ အိမ်မိုးအကာအတွက် သင့်လျော်သည့် အခြား သက်ကယ်–ဖက်၊ မြက်များ လည်း ရှားပါးပုံ ရပါသည်။

### စာရင်း ၂။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ဆောက်လုပ်သည့် အဓိကပစ္စည်းများ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖားဆောင်း | ရေး | မိုင်းတုံ |
|---|---|---|---|---|---|---|
| သက်ကယ်/ဖက်မိုး | ၉၂ % | ၁၀၀ % | ၇၂ % | ၀ % | ၈၆ % | ၆၄% |
| ဝါးမိုး | ၈ % | ၀ % | ၂၈ % | ၉၅ % | ၁ % | ၀ % |
| သွပ်/စီဂျီအိုင်မိုး | ၀ % | ၀ % | ၁ % | ၅ % | ၁၃ % | ၃၄ % |
| သက်ကယ်/ဖက်ကာ | ၃ % | ၁၈ % | ၃ % | ၀ % | ၁၃ % | ၁ % |
| ဝါးကာ | ၈၈ % | ၇၄ % | ၈၉ % | ၁၀၀ % | ၅၈ % | ၄၆ % |
| ဖြစ်သလိုကာရံ | ၁ % | ၃ % | ၈ % | ၀ % | ၂၆ % | ၄၉ % |

မြန်မာနိုင်ငံ ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ ၅၅% မှာ သန့်ရှင်းသည့် သောက်သုံးရေ ရရှိနိုင်သည်ဟု အစီရင်ခံတင်ပြထားပါသည်။ [၂၇] ယခုစစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင်ရှိသည့် လူထုများ၏ ၃၂% ကသာ ဖုံးအုပ်ထားသည့်ရေတွင်း၊ စမ်းချောင်း၊ ရေကန်နှင့် မိုးရေလှောင်ကန်များကို အသုံးပြုနိုင်ကြပါသည်။ ဤအချက်သည် ဖြေဆိုသူများ၏ ၁၁% က ပိုက်ရေ၊ သို့မဟုတ် အခြားရေတွင်းများကိုသုံးနိုင်ကြောင်း ဖော်ပြကြသည့်အချက်ကို လျှော့ပေါ့ တွက်ထားသည့်နှုန်း ရှိနေပါသည်။ သို့သော်လည်း ထိုဖြေဆိုသူများက ၎င်းရေရင်းမြစ်သည် ဖုံးအုပ် ထားသလော၊ မဖုံးအုပ်ဘဲရှိနေသလောဆိုသည်ကို သေချာရှင်းလင်းမဖော်ပြခဲ့ကြပါ။ မည်သို့ပင် ဖြစ်စေ ပုံ-၅ တွင်ဖော်ပြထားရာ၌ မြစ်များ၊ ချောင်းများနှင့် အခြားအကာအကွယ်မရှိသော ရေ အရင်းအမြစ်များကို သောက်သုံးရေအတွက် မှီခိုအားထားနေရမှု မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် မြင့် မားကြောင်းတွေ့ရပါသည်။ အခြားသီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများက ဆောင်ရွက်ခဲ့ကြသည့် စစ်တမ်းများတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်၊  မကွေးတိုင်းတို့တွင် တွေ့ရသည့်နှုန်း ထက်ပင် ပို၍မြင့်မားနေပါသည်။

**ပုံ ၅။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် သောက်သုံးရေ အရင်းမြစ်နေရာ**




စစ်တမ်းရလဒ်များကို စာရင်း-၃ တွင် မြို့နယ်အလိုက် စုစည်းဖော်ပြထားပါသည်။ သန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်မှုသည် ဖာပွန်နှင့် ဖားဆောင်းမြို့နယ်များတွင် များစွာအကန့်အသတ် ရှိနေ ကြောင်းတွေ့ရပါသည်။ ဖာပွန်နှင့် ရေးမြို့နယ်များတွင် ပိုက်ရေရရှိသည်ဆိုသော်လည်း၊ သန့်ရှင်းသော သောက်သုံးရေ ဟုတ်-မဟုတ် ဆိုသည်ကို ဆုံးဖြတ်ရန်ခက်ပါသည်။ ဖော်ပြချက် ဥပမာများအရ- ဖာပွန်ဒေသတွင် ပိုက်ရေဆိုသည်မှာ တောင်များမှကျဆင်းလာသောရေကို ဝါးပိုက်ဖြင့် သွယ်တန်း ယူခြင်းဖြစ်ပြီး၊ ရေးမြို့နယ်တွင်မူ အစိုးရဌာနများကပေးသည့် ပီဗွီစီပလပ်စတစ်ပိုက်ရေရရှိမှုများလည်း ပါဝင်ပါသည်။


[27] Ministry of National Planning and Economic Development, 2007, Poverty Profile : Integrated Households Living Conditions Survey in Myanmar, p14

### စာရင်း ၃။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် သောက်သုံးရေ အရင်းမြစ်နေရာ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ |
|---|---|---|---|---|---|---|
| အဖုံးရှိသောရေတွင်း နှင့်အခြား ရေရင်းမြစ် | ၄၉ % | ၁၈ % | ၄ % | ၀ % | ၁၇ % | ၂၀ % |
| မြစ်များနှင့် အဖုံးမရှိ သောရေရင်းမြစ် | ၅၀ % | ၇၉ % | ၇၇ % | ၁၀၀ % | ၄၂ % | ၇၉ % |
| အမျိုးမျိုး– ပိုက်များ နှင့် ရေတွင်းများ | ၁% | ၃ % | ၁၉ % | ၀ % | ၄၂ % | ၁ % |

သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် အခက်အခဲအကန့်အသတ်ရှိသောနေရာများတွင်၊ လူ့မစင်အညစ်အကြေးများကို စနစ်တကျသန့်ရှင်းသောနည်းဖြင့်စွန့်ပစ်ရန် အခြေအနေ မရှိသည့်နေရာများ၌ ပို၍အန္တရာယ်များစေပါသည်။ အစိုးရ၏ တရားဝင်ကိန်းဂဏန်းဖော်ပြချက်များအရ မြန်မာနိုင်ငံကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ ၆၄% သည် အဆင့်မြင့်သန့်ရှင်းသော အညစ်အကြေးစွန့်စနစ် (ယင်လုံအိမ်သာ) ရှိသည်ဟု ဖော်ပြထားသည်။ [၂၈] မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ယခုစစ်တမ်းကောက်ယူမှု၌ အိမ်ထောင်စုများ၏ ၄၅% ၌သာ ဤစနစ်ရှိသည်ကို တွေ့ရှိရပါသည်။ အဆင့်မြင့်သန့်ရှင်းသောအညစ်အကြေးစွန့်စနစ် ဆိုသည်မှာ သတ်မှတ်ဖော်ပြထားရာ၌ အိမ်များ၌ ရေလောင်းအိမ်သာရှိခြင်း၊ မြေပေါ်အိမ်သာရှိခြင်း၊ သို့မဟုတ် အဖုံးအကာ ရှိသော ယင်လုံအိမ်သာရှိခြင်းတို့ ဖြစ်ပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် မကြာသေးမီကကောက်ယူခဲ့သည့်စစ်တမ်းများအရ အလားတူပင် သန့်ရှင်းသော အညစ်အကြေးစွန့်စနစ်နိမ့်ကျကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင်မူ အိမ်သာဟူ၍ တွင်း–ကျင်း သတ်သတ်မှတ်မှတ်မရှိဘဲ အပေါ့အလေးသွားနေကြသည့် အိမ်ထောင်စု အချိုးအစား မြင့်မားစွာရှိနေကြောင်း တွေ့ရပါသည်။

### ပုံ ၆။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် ယင်လုံအိမ်သာ (အဆင့်မြင့်ကျန်းမာသန့်ရှင်းရေး) ရရှိနိုင်မှု အခြေအနေ




---

[28] Ministry of National Planning and Economic Development, 2007, Poverty Profile : Integrated Households Living Conditions Survey in Myanmar, p14

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသမှရရှိသည့် ဒေတာအချက်အလက်များကို မြို့နယ်အလိုက် စုစည်း ဖော်ပြထားရာ၊ မိုင်းတုံနှင့် ရေးမြို့နယ်များတွင် အခြေအနေသည် လက်ခံချင်ဖွယ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသည်မှာ ရေးမြို့နယ်တွင် အပစ်အခတ်ရပ်စဲရေးပြီးနောက် အစိုးရ၏ ဝန်ဆောင်မှု ဌာနများနှင့် ပိုမိုထိတွေ့မှုရလာပြီး၊ လူထုကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပိုမိုမြှင့်တင်ပေးနိုင် သည်ကို ထင်ဟပ်ဖော်ပြခြင်း ဖြစ်နိုင်ပါသည်။ မိုင်းတုံမြို့နယ်တွင်မူ အဓိကကျသည့် ကုန်သွယ် လမ်းမကြီးနှင့် နီးကပ်နေသောကြောင့် ဖြစ်နိုင်ပါသည်။

**စာရင်း ၄။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ယင်လုံအိမ်သာ (အဆင့်မြင့်ကျန်းမာသန့်ရှင်းရေး) ရရှိနိုင်မှု အခြေအနေ**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ |
|---|---|---|---|---|---|---|
| မြေပေါ်အိမ်သာ | ၁ % | ၁၂ % | ၁၂ % | ၁ % | ၅၄ % | ၃၆ % |
| အဖုံးရှိ၊ အခြောက်၊ ယင်လုံ အိမ်သာ | ၀ % | ၆၁ % | ၂ % | ၃ % | ၃၅ % | ၅၆ % |
| တိုက်ရိုက်ကျင်း၊ အဖုံးမရှိတွင်း | ၄၅% | ၁၄ % | ၉ % | ၁ % | ၁ % | ၁ % |
| အိမ်သာမရှိ–တွင်းမရှိ | ၅၄ % | ၁၄ % | ၇၈ % | ၉၇ % | ၁၁ % | ၇ % |

## ၃။ ၃။ ကလေးများ၏ ပညာရေးနှင့် အာဟာရ ချို့တဲ့မှု အခြေအနေ

> *"ကျမတို့မှာ ညီအစ်ကိုမောင်နှမ (၄)ယောက် ရှိပါတယ်။ အငယ်ဆုံးမိန်းကလေးပဲ ကျောင်းနေပါတယ်။ ကျန်တဲ့ ညီအစ်ကိုမောင်နှမတွေက တနေ့စားဖို့ တနေ့ မိဘတွေကို ဝိုင်းကူကြရပါတယ်။ အငယ်ဆုံးညီမလေးတောင် တတိယတန်းအထိပဲ ပညာသင်နိုင်ခဲ့ပါတယ်။"*
> ကရင်အမျိုးသမီးတဦး၊ ကျောက်ကြီးမြို့နယ်၊ (CIDKP) ၏ တွေ့ဆုံမေးမြန်းခန်း။ အောက်တိုဘာလ၊ ၂၀၀၉–ခုနှစ်။

အစိုးရ၏ ကိန်းဂဏန်းများကဖော်ပြထားသည်မှာ ကျေးလက်ဒေသများ၏ မူလတန်းအဆင့် အသားတင်ကျောင်းသားစာရင်းရှိနှုန်းသည် ၈၄% ရှိသည်ဟူ၍ ဖြစ်သည်။ [၂၉] သို့ရာတွင် နယ်မြေအလိုက်စစ်တမ်းကောက်ယူရရှိချက်များအရမူ ကျောင်းနေနှုန်းသည် သည့်ထက် သိသိသာသာကြီးလျော့နည်းနေပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် စစ်တမ်းကောက်ယူခဲ့သော အိမ်ထောင်စုများထဲ၌ အသက် (၅)နှစ်မှ (၁၃)အရွယ်ကလေးများအနက် ကျောင်းမှန်မှန်တက် နေသောကလေးများသည် တဝက်ထက်လျော့နည်း (၄၈%) နေပါသည်။ ဤစာရင်းရှိ ကျောင်းသားနှုန်းနှင့် ကျောင်းတက်နှုန်းတို့သည် ကိုးကန့်အထူးဒေသနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကလေးသူငယ်များနှင့်ပတ်သက်၍ ရန်ကုန်အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းများက မကြာသေးမီက မှတ်တမ်းတင်ထားခဲ့သောနှုန်းတို့ (၅၉% နှင့် ၆၄% အသီးသီးတို့ဖြစ်သည်)ထက်ပင် နိမ့်ကျနေပါသည်။

[29] Ministry of National Planning and Economic Development, 2007, *Poverty Profile : Integrated Households Living Conditions Survey in Myanmar*, p19


မြန်မာနိုင်ငံအရှေ့ပိုင်း၏ ကိန်းဂဏန်းများကို ပိုင်းခြားကြည့်လိုက်သောအခါ၌ အမြင့်ဆုံးကျောင်းနေနှုန်းကို ဖာပွန်မြို့နယ်မှာတွေ့ရပါသည်။ ဖာပွန်မြို့နယ်မှာ အစိုးရ၏ပညာရေးဝန်ဆောင်မှု အတော်နည်းသည်ဖြစ်ရာ၊ ဤတွေ့ရှိချက်က ညွှန်ပြနေသည့်အချက်မှာ ကလေးသူငယ် အတော်များများအား လူမျိုးစုအမျိုးသားပညာရေးစနစ်များက ပညာသင်ပေးနေသည် ဟူသောအချက်ပင် ဖြစ်ပါသည်။

**စာရင်း ၅။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် မူလတန်းကျောင်း တက်သည့်နှုန်း**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ |
|---|---|---|---|---|---|---|
| အသက် ၅–၁၃ အကြား ကလေးများ ပုံမှန်ကျောင်း တက်သည့် ရာခိုင်နှုန်း | ၁၀ % | ၅၇ % | ၇၃ % | ၃၅ % | ၆၇ % | ၆၃% |

ပုံ (၇) မှာ ဖော်ပြထားသည့်အတိုင်းပင် မိုးခေါင်ရေရှားဒေသ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ကျောင်းစရိတ်ကြေးများလွန်းခြင်း၊ ဝေးလံခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးစားရိတ်၊ အလုပ်လုပ်ရခြင်းတို့ကြောင့် ကလေးသူငယ် ၈၀%ကျော်တို့သည် မူလတန်းကျောင်းမှ ထွက်နေကြရသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း၌မူ ဤအကြောင်းရင်းများကြောင့် ကျောင်းထွက်ရသော ကလေးသူငယ်များသည် ၆၁ % ရှိသည်။ အခြားနေရာများ၌ လုံခြုံရေးသည် ကျောင်းထွက်ရခြင်း၏ သိသာထင်ရှားသော အကြောင်းရင်းတရပ်ဖြစ်သည်ဟု ဖေါ်ပြထားကြောင်း မတွေ့ရသော်လည်း မြန်မာနိုင်ငံအရှေ့ပိုင်း၌မူ ကလေးသူငယ်များ၏ ၂၃%သည် လုံခြုံရေးအကြောင်းရင်းကြောင့် ကျောင်းထွက်ရသည်ဟု ဖေါ်ပြထားကြောင်း တွေ့ရပါသည်။

**ပုံ ၇။ မြန်မာနိုင်ငံရှိ မူလတန်းကျောင်းနေ ကလေးများကျောင်းထွက်ရသည့် အကြောင်းရင်း**



မြန်မာနိုင်ငံအရှေ့ပိုင်း၌ ကျောင်းထွက်နှုန်းအမြင့်ဆုံးမြို့နယ်သည် ကျောက်ကြီးမြို့နယ် ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် လုံခြုံရေးအကြောင်းရင်းကြောင့်ဖြစ်ကြောင်း စာရင်း(၆)က ညွှန်ပြထားပါသည်။ ဖားဆောင်းမြို့နယ်ကလည်း ကျောင်းနေနှုန်းနိမ့်ကြောင်း ဖေါ်ပြထားပါသည်။ သို့ရာတွင် ဤသို့ကျောင်းနေနှုန်းနိမ့်ရခြင်းသည် အဓိကအားဖြင့် ကျောင်းကြေးကုန်ကျစားရိတ်နှင့် ဝေးလံသောကျောင်းများသို့ သယ်ယူပို့ဆောင်ရေးစရိတ်တို့ကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့ပိုင်းမှာ ကျောင်းထွက်ရခြင်းနှင့်ပတ်သက်၍ ဖေါ်ပြထားသော အခြားအကြောင်းရင်းများမှာ ဖျားနာခြင်း၊ ဆရာများကျောင်းပျက်ကွက်ခြင်း၊ သို့မဟုတ် အရည်အချင်းပြည့်မီသော ဆရာမရှိခြင်း၊ ကျောင်းသားရော၊ ကျောင်းသားမိဘတို့ကပါ ပညာရေးကိုစိတ်မဝင်စားခြင်းတို့ကြောင့် ဖြစ်သည်။

**စာရင်း ၆။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် မူလတန်းကျောင်းနေ ကလေးများကျောင်းထွက်ရသည့် အကြောင်းရင်း**


| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ |
|---|---|---|---|---|---|---|
| ကျောင်းလခကြေးများ | ၁၆ % | ၂၉ % | ၆၂ % | ၃၇ % | ၆ % | ၂၀% |
| အကွာအဝေး–ခရီး စားရိတ် | ၀ % | ၂၃ % | ၀ % | ၄၂ % | ၂၄ % | ၀ % |
| လုံခြုံရေး မရှိမှု | ၅၀ % | ၅ % | ၀ % | ၂ % | ၃၃ % | ၀ % |
| အလုပ်လုပ်ရန် လိုအပ်သောကြောင့် | ၃၃ % | ၁၄ % | ၈ % | ၃ % | ၁၀ % | ၅၇ % |
| အခြား | ၁ % | ၃၀ % | ၃၁ % | ၁၆ % | ၂၆ % | ၂၂ % |

လူဦးရေတခုလုံး၏ ကိုယ်စားအဖြစ် ကလေးသူငယ်များ၏ အပြင်းစားအာဟာရချို့တဲ့မှုရောဂါ ဖြစ်ပွားမှုအချိုးအစားကို တိုင်းတာကြည့်ခြင်းသည် အများလက်ခံထားသောနည်းလမ်းဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံမှာ ယုံကြည်စိတ်ချရလောက်သော ဒေတာအချက်အလက်များ အလွန်ခေါင်းပါးနေပါသည်။ စစ်တမ်းကောက်ယူမှုအတော်များများသည် လောလောဆယ် ကိုယ်အလေးချိန်ကျဆင်းမှုဖြစ်စေသော အပြင်းစားအာဟာရချို့တဲ့မှုရောဂါ (ပိန်လှီလာခြင်း) နှင့်ပတ်သက်သည့် ညွှန်ပြကိန်းများကို သုံးထားခြင်းမရှိဘဲ၊ ရေရှည်ကြီးထွားမှုနှင့် သက်ဆိုင်သော နာတာရှည်အာဟာရချို့တဲ့မှုရောဂါ (ကြီးထွားမှုရပ်ဆိုင်းခြင်း) ညွှန်ပြကိန်းများကိုသာ သုံးထားကြခြင်းဖြစ်သည်။ အပြင်းစားအာဟာရချို့တဲ့မှုရောဂါဖြစ်ပွားမှုကို တိုင်းတာရာ၌ အများအားဖြင့်ကျင့်သုံးကြသောနည်းလမ်းမှာ ကလေးများ၏ အရပ်အမြင့်အလိုက် ရှိသင့်သောကိုယ်အလေးချိန် (weight-for-height status) ကို မှတ်သားခြင်းပင်ဖြစ်သည်။ တံတောင်ဆစ်အထက် လက်မောင်းလုံးပတ်ကို တိုင်းကြည့်ခြင်း (Mid upper Arm Circumference-MUAC)နည်းဖြင့် စစ်တမ်းကောက်ယူခြင်းသည် မြန်မြန်ထက်ထက် လုပ်၍ရသော အကဲဖြတ်မှုတခုဖြစ်ပြီး၊ ရှုပ်ထွေးနေသော အရေးပေါ်အခြေအနေများထဲတွင် ပို၍လုပ်ရလွယ်ကူပါသည်။ (MUAC) စစ်ဆေးမှုများသည် အသက် (၁)နှစ်မှ (၅)နှစ်သားအရွယ် ကလေး

သူငယ်များကို ပစ်မှတ်ထားတိုင်းထွာခြင်းဖြစ်ပြီး၊ ရလဒ်များသည် စံချိန်အဖြစ် တိတိရိရိသတ်မှတ်ထားသောနှုန်းများ (cut-off rates) [၃၀] နှင့်အညီ အဆင့်ခွဲထားသောရလဒ်များ ဖြစ်ပါသည်။

ပုံ (၈) က မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မကြာသေးမီက ဆောင်ရွက်ခဲ့သော (MUAC) အကဲဖြတ်ချက် (၃)ခု၏ရလဒ်များကို နှိုင်းယှဉ်ပြထားပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းမှာဆောင်ရွက်ခဲ့သော စစ်တမ်းကောက်ယူမှု၏ နမူနာစံကွက်သည် အသေးဆုံးစံကွက်ဖြစ်ပြီး၊ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေး လုပ်သားများအဖွဲ့ (BPHWT) နှင့်၎င်း၏ မိတ်ဖက်အဖွဲ့အစည်းများကမူ ကလေးသူငယ်များကိုစစ်ဆေးရာ၌ ကလေးဦးရေအများဆုံး ဖြစ်သည်။ [၃၁] ဤပွဲဦးထွက်တွေ့ရှိချက်များကညွှန်ပြနေသည်ကား အများပြည်သူ့ကျန်းမာရေးအခြေအနေများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်'အရေးကြီး'အနေအထားမှာရှိနေခြင်းနှင့် မြန်မာနိုင်ငံအရှေ့ပိုင်း၌ အနည်းဆုံးအားဖြင့် 'ညံ့ဖျင်း'နှင့် 'ဆိုးရွား'သလောက် နီးပါးဖြစ်နေခြင်းပင်တည်း။

**ပုံ ၈။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကလေးများ ယာယီနှင့် ပြင်းထန်စွာ ဖြစ်သည့် အာဟာရ ချို့တဲ့မှု [၃၂]**




မြန်မာနိုင်ငံအရှေ့ပိုင်းရှိ စစ်တမ်းကောက်ယူမှု (၂)ခု၏ ကွာခြားနေပုံက ဖော်ပြနေသောအချက်မှာ အရပ်အမြင့်အလိုက် ရှိသင့်သောကိုယ်အလေးချိန်စစ်ဆေးမှုနှင့် အပြင်းစားအာဟာရချို့တဲ့မှု ရောဂါစစ်ဆေးမှုတို့အတွက် လူသားချင်းစာနာမှုအကြောင်းအရ ထိတွေ့ခွင့်ရရေးအရေးပါကြောင်းပင်

[30] SPHERE, 2004, *Humanitarian Charter and Minimum Standards in Disaster Response*, pp 108 & 183.

[31] World Health Organisation, 2000, *The Management of Nutrition in Major Emergencies*, Geneva, p39-40

[32] BMA, BPHWT, NHEC, etal, 2010, *Diagnosis Critical : Health and Human Rights in Eastern Burma*, http://www.backpackteam.org/?p=730 (accessed 19/10/10)

ဖြစ်ပါသည်။ ထိုင်းနိုင်ငံဒုက္ခသည်စခန်းများအတွင်း အရပ်အမြင့်အလိုက် ရှိသင့်သောကိုယ်အလေးချိန် အကဲဖြတ်ချက်အရ တွေ့ရှိရသည်မှာ လောလောလတ်လတ်ရောက်လာသော ကလေးများ ၏ ၉. ၃% မှာ အသင့်အတင့် ပိန်လှီမှုနှင့် အလွန်ပိန်လှီမှုရှိနေခြင်းပင် ဖြစ်သည်။ [၃၃] မြန်မာနိုင်ငံအရှေ့ပိုင်းတွင် အမှန်တကယ် ဖြစ်ပွားနေသောနှုန်းသည် ဤစစ်တမ်းတွေ့ရှိချက်နှစ်ခု၏ အကြားတွင် ဖြစ်နိုင်ဖွယ် ရှိကြောင်း ဤအချက်ကညွှန်ပြနေပါသည်။ အာဟာရချို့တဲ့မှုရောဂါဆိုင်ရာ ကိန်းဂဏန်းများကို မြို့နယ်အဆင့်ဖြင့် ဖော်ပြပေးမထားခြင်းမှာ အသက် (၁)နှစ်မှ (၅)နှစ်အရွယ် ကလေးများအတွက် စစ်တမ်းကောက်ယူသောနမူနာစံကွက်ပမာဏသည် သေးငယ်လွန်းသဖြင့် မြို့နယ်အလိုက် ခွဲခြားလိုက် လျှင် ကိန်းဂဏန်းများတိမ်းပါးသွားနိုင်သောကြောင့် ဖြစ်ပါသည်။

## ၃။ ၄။ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

> *"ဗမာစစ်တပ်နဲ့ တိုက်ကင်းတွေ မရောက်နိုင်တဲ့နေရာတွေရယ်လို့ မရှိတော့ပါဘူး။ ကျနော်တို့ စပါးခင်းတွေမှန်သမျှ တွေ့သွားကုန်ကြပြီ။ စစ်သားတွေ အဲဒီနေရာတွေကို ပြန်ပြန်လာနေတော့ ကျနော်တို့မသွားရဲကြတော့ဘူး။ ကျနော်တို့စပါးခင်းတွေကို စစ်သားတွေ မဖျက်ဆီးရင်တောင် စပါးတွေက ကျွမ်းကုန်ကြတယ်။*
> ကရင်အမျိုးသားတဦး၊ ဖာပွန်မြို့နယ်၊ (KORD) ၏တွေ့ဆုံမေးမြန်းခန်း။ နိုဝင်ဘာလ၊ ၂၀၀၉–ခုနှစ်

တနိုင်ငံလုံး အတိုင်းအတာအရ လယ်သမားအိမ်ထောင်စုတစုသည် ပျမ်းမျှလယ်မြေ (၆)ဧကခန့် လုပ်ကိုင်ကြသည်ဟု အစိုးရထုတ်ပြန်သောကိန်းဂဏန်းများက ဆိုထားပါသည်။ [၃၄] သို့ရာတွင် သီးခြားလွတ်လပ်သော ကွင်းဆင်းစစ်တမ်းကောက်ယူမှုများအရ တွေ့ရှိရသည်မှာ ပုံ (၉)တွင် ပြထား သည့်အတိုင်း၊ မြန်မာနိုင်ငံတဝှမ်းလုံး၏ နယ်မြေဒေသအမျိုးမျိုးရှိ ကျေးလက်နေ အိမ်ထောင်စုများ၏ ၆၀%ခန့်သည် စိုက်ပျိုးမြေမရရှိသူများသော်လည်းကောင်း၊ မြေ (၂)ဧကထက် ပို၍မရရှိသူများ သော်လည်းကောင်း ဖြစ်နေကြသည်ဟူ၍ပင်တည်း။ ဤဆန့်ကျင်ဖက်ဖြစ်နေသော ကိန်းဂဏန်းများက မြန်မာနိုင်ငံမှာ မြေယာရရှိမှု၊ ပိုင်ဆိုင်မှုတို့နှင့်ပတ်သက်၍ အကြီးအကျယ် မညီမျှမှုဖြစ်နေကြောင်း ညွှန်ပြနေပါသည်။

လူဦးရေထူထပ်သိပ်သည်းမှုသည်လည်း စိုက်ပျိုးမြေရရှိနိုင်မှုကို အကန့်အသတ်ဖြစ်စေပါသည်။ မကွေးတိုင်းကဲ့သို့သော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ အထူးအုပ်ချုပ်ရေးဒေသနှင့် တိုင်းရင်းသား ပြည်နယ်များကဲ့သို့သော တောင်တန်းဒေသများတွင် ဤအခြေအနေကို တွေ့ရှိရပါသည်။ ထို့အပြင် စစ်ပွဲများဖြစ်ပွားနေခြင်းကြောင့် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မြေယာရရှိနိုင်မှုအတွက် ထပ်မံ၍


---

[33] TBBC, 2010 Programme Report : January to June, p97 http://www.tbbc.org/resources/resources.htm

[34] Ministry of National Planning and Economic Development, 2007, *Poverty Profile : Integrated Households Living Conditions Survey in Myanmar*, Yangon, p8

အကာန့်အသတ်ဖြစ်စေပါသည်။ ‘ဝ’အထူးဒေသမှလွဲ၍ အခြားနေရာများတွင် စစ်တမ်းကောက်ယူ မေးမြန်းခဲ့သော လယ်သမားအများစုက ဖြေကြားကြသည်မှာ ရေသွင်းစိုက်ပျိုးရေးစနစ် ခံစားရရှိနိုင်ခြင်းမရှိကြဘဲ၊ မိုးမမှန်သည့်အခါ ထိခိုက်နစ်နာစရာအကြောင်းကြုံကြရပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း တောင်တန်းဒေသများနှင့် ကချင်ပြည်နယ်တို့တွင်မူ ရေသွင်းစိုက်ပျိုးနိုင်မှုနိမ့်ကျနေခြင်းကြောင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုအပေါ် မှီခိုနေရကြောင်းတွေ့ရသည်။ အကယ်၍ ရွှေ့ပြောင်းစိုက်ပျိုးနိုင်ရန်မြေအလုံအလောက်ရှိပါက ဤစိုက်ပျိုးရေးစနစ်ဖြင့် ဝမ်းစာဖူလုံစေရန် ထိန်းသိမ်းနိုင်ကြပြီး၊ နှစ်အတန်ကြာတွင် နောက်ထပ်ပေါက်လာသည့်အပင်များက မြေသြဇာပြန်ဖြစ်စေသည်။ ထိုအခါ နောက်တခါတောင်ယာခုတ်၍မီးရှို့ပြီး ရွှေ့ပြောင်းစိုက်ပျိုးနိုင်ကြသည်။

**ပုံ ၉။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု အခြေအနေ**





မြန်မာနိုင်ငံအရှေ့ပိုင်းမှာ စစ်တမ်းကောက်ယူခဲ့သော မြို့နယ် (၆)မြို့နယ်တွင် တမြို့နယ်နှင့်တမြို့နယ် စိုက်ပျိုးမြေရရှိမှုနှုန်းချင်း သိပ်မကွာလှချေ။ မြေယာရရှိမှုနှုန်းအများဆုံးမြို့နယ်များမှာ ပုလောမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့ ဖြစ်သည်။ ဤတွေ့ရှိချက်များအရ ကွမ်းသီးခြံ၊ ဖာလာခြံတို့တည်ရှိနေခြင်း ကြောင့် မြေယာပိုင်ဆိုင်မှုများပြီး၊ ယေဘုယျအားဖြင့်ဆိုရလျှင် ဤဒေသများ၌ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးခြင်း အရေးပါနေဆဲပင် ဖြစ်သည်။ ရေသွင်းစိုက်ပျိုးမြေရရှိမှုကို မိုင်းတုံ၊ ဖာပွန်နှင့် ရေးမြို့နယ်တို့မှာသာ သိသိသာသာတွေ့ရှိရပါသည်။ ထိုမြို့နယ်များ၌ စမ်းချောင်းများထဲမှ ရေကိုစပါးစိုက်လယ်မြေများထဲသို့ သွယ်ယူကြသည်။

## စာရင်း ၇။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် စိုက်ပျိုးမြေ ရရှိနိုင်မှု အခြေအနေ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| စိုက်ပျိုးမြေ မရရှိ | ၂၃ % | ၇ % | ၃၆ % | ၈ % | ၃၀ % | ၁၈% | ၂၀% |
| ၂–ကေထက် လျော့နည်းရှိနေ | ၇၃ % | ၃၃ % | ၄၆ % | ၃၀ % | ၂၃ % | ၆၈ % | ၄၄% |
| ၂–၅ ကေကြား ရှိနေ | ၃ % | ၅၀ % | ၁၄ % | ၆၀ % | ၃၇ % | ၁၃ % | ၃၁% |
| ၅ ကေထက်ပိုရှိနေ | ၁ % | ၁၀ % | ၄ % | ၁ % | ၁၀ % | ၁ % | ၅% |
| ရေသွင်းစိုက်ပျိုးနိုင်မှု အခြေအနေ | ၃ % | ၀ % | ၂၆ % | ၁ % | ၁၇ % | ၄၀ % | ၁၃% |

ပျမ်းမျှခြင်းအားဖြင့် မြန်မာနိုင်ငံရှိကျေးလက်အိမ်ထောင်စုများ၏ ၁၆%သည် စက်တပ်စိုက်ပျိုးရေးကိရိယာများ ပိုင်ဆိုင်ကြကြောင်း အစိုးရ၏ခန့်မှန်းချက်များက ညွှန်ပြနေပါသည်။ [၃၅] မကြာသေးမီက ရောဝတီတိုင်းနှင့် ကချင်ပြည်နယ်တို့တွင် စစ်တမ်းကောက်ယူချက်များအရ တွေ့ရှိရသည်မှာ ထိုနယ်မြေဒေသများ၌ လယ်ယာသုံး စက်ကိရိယာနှင့် လက်တွန်းထွန်စက် ပိုင်ဆိုင်မှုနှုန်းသည် မြန်မာနိုင်ငံအရှေ့ပိုင်းမှာ တွေ့ရှိရသောပိုင်ဆိုင်မှုနှုန်းထက် သိသိသာသာ မြင့်မားနေကြောင်းပင် ဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုနှုန်းသည် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ပိုင်ဆိုင်မှုနှုန်းထက်ပင် နိမ့်သေးသည်။ ဤအချက်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ကိုယ်တိုင်လယ်လုပ်ခြင်းထက် နေ့စားအလုပ်လုပ်ခြင်းက အိမ်ထောင်စုဝင်ငွေပိုရသည် ဟူသောအချက်နှင့် ကိုက်ညီနေပါသည်။ ငွေကြေးအရင်းအနှီးချို့တဲ့ခြင်းနှင့် ပေါက်တူး၊ နွားဆွဲထွန်တုံးကဲ့သို့သော သမားရိုးကျ လယ်လုပ်ကိရိယာများအပေါ် အားထားနေရခြင်းတို့က ညွှန်ပြနေသည်ကား မြန်မာနိုင်ငံအရှေ့ပိုင်း၏ စိုက်ပျိုးရေးသည် လုပ်အားကိုအဓိကအသုံးပြုရသော စိုက်ပျိုးရေးဖြစ်နေကြောင်းပင် ဖြစ်ပါသည်။

**ပုံ ၁၀။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် လယ်ယာစိုက်ပျိုးရေး ပစ္စည်းများ၏ ပိုင်ဆိုင်မှု**




[35] Ministry of National Planning and Economic Development, 2007, *Poverty Profile : Integrated Households Living Conditions Survey in Myanmar*, Yangon, p16

မြန်မာနိုင်ငံအရှေ့ပိုင်းတွင် လူအများက သမားရိုးကျလယ်ယာစိုက်ပျိုးရေးပစ္စည်းများ ပိုင်ဆိုင်ထားကြသော်လည်း မြို့နယ်တခုနှင့်တခုမှာ ပိုင်ဆိုင်သောလယ်ယာသုံးစိုက်ပျိုးရေး ပစ္စည်းချင်းမတူကွဲပြားဘဲ ရှိနေပါသည်။ ဖာပွန်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့သည် လယ်ယာသုံးစက်ကိရိယာပစ္စည်း ပိုင်ဆိုင်မှု အများဆုံးမြို့နယ်များဖြစ်သည်။ ဤအချက်သည် ရေသွင်းလယ်ယာမြေ ရရှိမှုပိုမိုများခြင်းဟူသော အချက်နှင့် ကိုက်ညီနေပါသည်။ ဖာပွန်နှင့် ကျောက်ကြီးမြို့နယ်တို့သည် အခြားမြို့နယ်များနှင်စာလျှင် ဂျပ်ခုတ် နှင့် ယက္ကန်းစင်များ ပိုင်ဆိုင်မှုပိုများသည်။ ဤအချက်သည် ကရင်ပြည်နယ်မြောက်ပိုင်း နယ်မြေ၏ယဉ်ကျေးမှုအမွေအနှစ်ဆက်ခံထားခြင်းကို ထင်ဟပ်ပြနေခြင်း ဖြစ်သည်။ မိုင်းတုံမြို့နယ်ရှိ ကျေးရွာသားတို့သည် အခြားနယ်မြေများနှင့်စာလျှင် စျေးကွက်၊ အထူးသဖြင့် တရုတ်လုပ် ပစ္စည်းများကို ပို၍အလှမ်းမှီကြသည်။ ဤမြို့နယ်အတွင်းမှာ မော်တော်ဆိုင်ကယ်ပိုင်ဆိုင်မှု ပိုမြင့်နေခြင်းမှာ ဤအချက်ကြောင့် ဖြစ်နိုင်ပါသည်။


**စာရင်း ၈။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် ထုတ်လုပ်ရေး ပစ္စည်းများ ပိုင်ဆိုင်မှု အခြေအနေ**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| လယ်ယာသုံး စက်မှုပစ္စည်းများ (ဥပမာ– လယ်ထွန်စက်) | ၀ ٪ | ၂၀ ٪ | ၄၀ ٪ | ၀ ٪ | ၁၄ ٪ | ၃၆ ٪ | ၁၈ ٪ |
| စိုက်ပျိုးရေးသုံး ကိရိယာများ | ၉၈ ٪ | ၈၇ ٪ | ၈၁ ٪ | ၉၉ ٪ | ၆၈ ٪ | ၈၃ ٪ | ၈၆ ٪ |
| ယက်ကန်း–ဂျပ်ခုတ် | ၃၃ ٪ | ၀ ٪ | ၅၆ ٪ | ၀ ٪ | ၀ ٪ | ၀ ٪ | ၁၅ ٪ |
| မော်တော်ဆိုင်ကယ် | ၀ ٪ | ၅ ٪ | ၂ ٪ | ၀ ٪ | ၁၄ ٪ | ၂၈ ٪ | ၈ ٪ |

ပျမ်းမျှခြင်းအားဖြင့် အစိုးရကခန့်မှန်းသည်မှာ မြန်မာနိုင်ငံ၏ကျေးလက်အိမ်ထောင်စုများ၏ ၆၇٪ သည် ခိုင်းကျွဲ၊ နွားများပိုင်ဆိုင်ကြပြီး၊ ၂၈٪ သည် ကြက်ငှက်တိရစ္ဆာန်များပိုင်ဆိုင်ကြကာ၊ ၁၆٪ က အနည်းဆုံး ဝက်တကောင်ပိုင်ဆိုင်ကြသည် ဟူ၍ဖြစ်သည်။ [၃၆] သို့ရာတွင် ပုံ (၁၁)မှာ ပြထားသည့် အတိုင်းပင်၊ တနိုင်ငံလုံး၏ ခိုင်းကျွဲ၊ နွား (draft animal) ပျမ်းမျှပိုင်ဆိုင်မှုသည် ချဲ့ကားဖော်ပြထားခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် လူမျိုးစုပြည်နယ်များမှာ ကောက်ယူခဲ့ သော စစ်တမ်းများက ဖေါ်ပြနေပါသည်။ ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံအရှေ့ပိုင်းတို့၏ အိမ်ထောင်စုအလိုက် ခိုင်းကျွဲ၊ နွား ပိုင်ဆိုင်မှု အချိုးအစားသည် အနိမ့်ဆုံး ဖြစ်နေသည်။

[36] Ministry of National Planning and Economic Development, 2007, *Poverty Profile : Integrated Households Living Conditions Survey in Myanmar*, Yangon, p15

## ပုံ ၁၁။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်မွေးတိရိစ္ဆာန်များ ပိုင်ဆိုင်မှု အခြေအနေ




မြန်မာနိုင်ငံအရှေ့ပိုင်းရှိ စစ်တမ်းကောက်ယူသောမြို့နယ်များတွင် ကျွဲနွားတိရစ္ဆာန်နှင့်ပတ်သက်သော တွေ့ရှိချက်များသည် ရှေ့နောက်ညီညွတ်မှုရှိပါသည်။ ဖာပွန်မြို့နယ်ရှိ အိမ်ထောင်စုများသည် အခြားမြို့နယ်များနှင့်စာလျှင် ကျွဲ နွားပိုင်ဆိုင်မှု အချိုးအစား သိသိသာသာပိုများကြောင်း လေ့လာသိရှိရပါသည်။ ဤအချက်သည် ရေသွင်းလယ်မြေ ပိုမိုရရှိထားသည်ဟူသော အချက်နှင့် ကိုက်ညီပါသည်။ ဖာပွန်မြို့နယ်၊ ဖာဆောင်းမြို့နယ် နှင့် ကျောက်ကြီးမြို့နယ်များရှိ ဝေးလံသီခေါင်သော တောင်ကုန်းမြေမြင့်များ၌ အခြားမြို့နယ်များမှာနှင့်စာလျှင် ဝက်၊ ဆိတ်၊ ကြက်ငှက်များကို ပို၍ မွေးမြူကြဟန်ရှိပါသည်။ ကရင်ကျေးရွာများနှင့် ကရင်နီကျေးရွာတို့၏ လူမှုရေးအခန်းအနားများ အတွက် တိရစ္ဆာန်အငယ်များသည် ယဉ်ကျေးမှုအရအရေးပါကြောင်း ဤအချက်ကဖော်ပြနေပါသည်။ မိုင်းတုံမြို့နယ်ရှိ လယ်သမားအတော်များများကမူ ချမ်းသာခြင်း၏ ရိုးရာဓလေ့အမှတ်အသားအဖြစ် မိမိတို့ပိုင်ကျွဲများကို မကြာသေးမီနှစ်များအတွင်းက ရောင်းချကာ၊ လက်တွန်းထွန်စက်များ ဝယ်ယူခဲ့ကြသည်။

## စာရင်း ၉။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် အိမ်မွေးတိရိစ္ဆာန်ပိုင်ဆိုင်မှု အခြေအနေ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| ကျွဲ | ၆ % | ၁၀ % | ၄၉ % | ၁၇ % | ၃ % | ၆ % | ၁၅ % |
| နွား | ၃ % | ၃၀ % | ၁၇ % | ၃ % | ၁၆ % | ၉ % | ၁၃ % |
| ဝက် | ၇၁ % | ၄၇ % | ၉၁ % | ၈၄ % | ၁၅ % | ၄၈ % | ၅၉ % |
| ဆိတ် | ၉ % | ၂ % | ၂၁ % | ၃၄ % | ၂ % | ၁ % | ၁၁ % |
| ကြက်ဘဲများ | ၈၁ % | ၇၄ % | ၈၃ % | ၈၀ % | ၄၇ % | ၇၅ % | ၇၃ % |


## ၃။ ၅။ အိမ်ထောင်စု ဝင်ငွေနှင့် အသုံးစရိတ်များ

*“ကျမတို့ အုန်းပင်တွေ၊ ကွမ်းသီးပင်တွေ၊ ဒူးရင်းပင်တွေက သူတို့ကို ဘာမှဒုက္ခပေးတာမဟုတ်ဘဲနဲ့ (ဒီကေဘီအေ) နဲ့ (နအဖ) စစ်သားတွေက ခုတ်လှဲပြီး၊ မီးရှို့ပစ်လိုက်ကြတယ်။ ဒီခြံတွေကို ကျမ (၁၀) နှစ်သမီးအရွယ်ကတည်းက စိုက်ခဲ့တာပါ။ အခု ကျမ အသက် (၄၅) နှစ် ရှိပါပြီ။ ခြံတခြံအသစ်စိုက် မယ်ဆိုရင် ကြီးလာဖို့နဲ့ ဝင်ငွေရဖို့အတွက် အချိန်အကြာကြီးစောင့်ရဦးမှာပါ။”*
(ကရင်အမျိုးသမီးတဦး၊ မြဝတီမြို့နယ်၊ (CIDKP) ၏တွေ့ဆုံမေးမြန်းခန်း။ ဇွန်လ၊ ၂၀၀၉ ခုနှစ်)

မြန်မာနိုင်ငံအရှေ့ပိုင်းရှိ စစ်တမ်းကောက်ယူခြင်းခံရသော အိမ်ထောင်စုများအား လွန်ခဲ့သောလအတွင်းက ဝင်ငွေရ အဓိကလုပ်ငန်းကိုပြောပြပါဟု မေးမြန်းသောအခါ၌ အိမ်ထောင်စုတဝက်ခန့်က ကျပန်းအလုပ်ကိုသော်လည်းကောင်း၊ သစ်တောထွက်ပစ္စည်းရှာဖွေ ရောင်းချခြင်းအလုပ်ကိုသော်လည်းကောင်း ဖေါ်ပြခဲ့ကြသည်။ ဖြေကြားသူများ အနက် (၄ ပုံ ၁) ပုံက လွန်ခဲ့သောလအတွင်းမှာ ဝင်ငွေတပြားတချပ်မျှပင် မရရှိခဲ့ပါဟု ဖြေကြားခဲ့ကြသည်။ အိမ်ထောင်စု ၁၂%ကသာလျှင် လယ်ယာထွက်သီးနှံ၊ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များရောင်းချခြင်းသည် မိမိတို့၏ ဝင်ငွေရ အဓိကလုပ်ငန်းဖြစ်ပါသည်ဟု ဖေါ်ပြခဲ့ကြသည်။ ဤအချက်များက မြန်မာနိုင်ငံအရှေ့ပိုင်း ကျေးလက်နယ်မြေဒေသများ၌ သွားလာရေး၊ ရောင်းဝယ်ရေး တို့နှင့်ပတ်သက်သော ကန့်သတ်ချုပ်ချယ်မှုများကြောင့် ဝင်ငွေရရှိရေးမှာ မည်မျှထိခိုက်နေပုံကို ညွှန်ပြနေပါသည်။ စားလောက်ရုံဝမ်းစာအတွက်လုပ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် အားထားနေရခြင်းကို ကြည့်လျှင် အနှောင့်အယှက်ဒဏ်များကို အကြီးအကျယ်ခံရပုံနှင့် ခံနိုင်စွမ်းရည်အထူးမြင့်မားပုံတို့ကို မြင်တွေ့ရပါသည်။

အခြားသော လူမျိုးစုနယ်မြေဒေသများ၊ အထူးသဖြင့် ကချင်ပြည်နယ်နှင့်နှိုင်းစာကြည့်လျှင် မြန်မာနိုင်ငံအရှေ့ပိုင်းမှာ စိုက်ပျိုးရေးအလုပ်၊ ကျပန်းအလုပ်နှင့် အသေးစားအရောင်းအဝယ် ကုန်သွယ်ခြင်းအလုပ်တို့မှနေ၍ အိမ်ထောင်စုအတွက် ဝင်ငွေရရှိမှုနည်းပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် အိမ်ထောင်စု ၅၀%ကသာလျှင် ဤလုပ်ငန်းများကို မိမိတို့၏ဝင်ငွေရ အဓိကလုပ်ငန်းများအဖြစ် ဖေါ်ပြခဲ့ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် အိမ်ထောင်စု ၆၃%ကျော်ကလည်းကောင်း၊ ကချင်ပြည်နယ်၌ အိမ်ထောင်စု ၈၆% ကလည်းကောင်း ဤသို့ဖေါ်ပြခဲ့ကြသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းရှိ အိမ်ထောင်စုများသည် ဆင်းရဲသော အခြားနယ်မြေဒေသများရှိ အိမ်ထောင်စုများထက် များစွာပို၍ သစ်တောထွက်ပစ္စည်းများနှင့် ထင်းများကို ရှာဖွေရောင်းချခြင်းအပေါ် အားထားကြဟန် ရှိပါသည်။

**ပုံ ၁၂။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် ငွေကြေးဝင်ငွေ အဓိကရရှိသည့် နေရာ**




ဝင်ငွေရှာရေးအခွင့်အလမ်းသည် ဖာဆောင်းမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှာ အရှားပါးဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖာဆောင်းမြို့နယ်၌ အိမ်ထောင်စု ၉၀% ကလည်းကောင်း၊ ကျောက်ကြီးမြို့နယ်၌ အိမ်ထောင်စု ၉၁%ကလည်းကောင်း သစ်တောထွက်ပစ္စည်း ရှာဖွေရောင်းချခြင်းအလုပ်ကို အဓိကအားထားနေရကြောင်း ဖော်ပြခဲ့ကြသည်။ ဖာပွန်မြို့နယ်၌မူ လယ်ယာထွက်သီးနှံနှင့် အိမ်မွေးတိရိစ္ဆာန်တို့သည် အိမ်တွင်းစားသုံးရေး အတွက် လုံလောက်ရုံမျှမကဘဲ၊ အိမ်ထောင်စုများ၏ (၄ပုံ၁ပုံ)အဖို့လည်း ၎င်းတို့ကိုရောင်းချခြင်းမှနေ၍ ဝင်ငွေရရှိကြသည်။ မိုင်းတုံ၊ ရေးနှင့် ပုလောမြို့နယ်တို့၌ ကျပန်းနေ့စားအလုပ်လုပ်ခြင်းသည် အိမ်ထောင်စုများအဖို့ ဝင်ငွေရအဓိကလုပ်ငန်းဖြစ်ပြီး၊ သွားလာရေးကန့်သတ်ချုပ်ချယ်မှု သိပ်မရှိခြင်းနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ သိသိသာသာများနေခြင်းတို့ကို ညွှန်ပြနေပါသည်။


**စာရင်း ၁၀။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် ငွေကြေးဝင်ငွေ အဓိကရရှိသည့်နေရာ**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လှိုင်းဘွဲ့ |
|---|---|---|---|---|---|---|---|
| ကျပန်းအလုပ် | ၈ % | ၃၂ % | ၁၈ % | ၁ % | ၅၂ % | ၅၉ % | ၂၈ % |
| စိုက်ပျိုးသီးနှံများ | ၀ % | ၂ % | ၁၆ % | ၃ % | ၁၈ % | ၈ % | ၈ % |
| အသေးစား ကုန်သွယ်မှု | ၀ % | ၁၈ % | ၁၅ % | ၁ % | ၇ % | ၁၈ % | ၁၀ % |
| ထင်း–သစ်တောထွက်ပစ္စည်းကောက် | ၉၁ % | ၁၆ % | ၁ % | ၀ % | ၉ % | ၉ % | ၂၁ % |
| တိရိစ္ဆာန်များရောင်းရငွေ | ၀ % | ၉ % | ၁၀ % | ၅ % | ၀ % | ၁ % | ၄ % |
| နိုင်ငံခြားမှ ပြန်ပို့ငွေ | ၁ % | ၂ % | ၁ % | ၀ % | ၆ % | ၂ % | ၂ % |
| ပိုက်ဆံဝင်ငွေ မရှိ (ယခင်လတွင်) | ၀ % | ၁၈ % | ၄၀ % | ၉၀ % | ၃ % | ၁ % | ၂၅ % |

အိမ်ထောင်စုများအား လွန်ခဲ့သောလအတွင်းက စားစရာနှင့် အခြားအသုံးများသော ပစ္စည်းများအတွက် သုံးစွဲရသော အသုံးစားရိတ် အချိုးအစားကို ပြောပြပါဟု မေးကြည့်ခဲ့ပါသည်။ အစိုးရကိန်းဂဏန်းများက မြန်မာနိုင်ငံရှိ ပုံမှန်မိသားစုသည် အိမ်ထောင်စုဘတ်ဂျက်၏ ၇၂% ကို စားစရာအတွက် သတ်မှတ် သုံးစွဲသည်ဟု ဖော်ပြထားပါသည်။ [37] မြန်မာနိုင်ငံအရှေ့ပိုင်းမှာ စစ်တမ်းကောက်ယူမှုများအရ တွေ့ရှိရသည်မှာ အများအားဖြင့် အိမ်ထောင်စု အသုံးစားရိတ်၏ ၅၀% ကို စားစရာဝယ်ရန်သုံးစွဲသည်ဟူ၍ ဖြစ်ပါသည်။ ပုံမှန်အိမ်ထောင်စုသည် လစဉ်ဘတ်ဂျက်၏ နောက် ၁၄% ကို ကျန်းမာရေးစောင့်ရှောက်မှု အတွက်သုံးပြီး၊ ၁၂ % ကိုမူ ဆပ်ပြာ၊ ဖယောင်းတိုင်ကဲ့သို့သော အိမ်သုံးကုန်ပစ္စည်းများအတွက် သုံးစွဲပါသည်။

ရောင်းဝယ်ခြင်းလုပ်ငန်းအပေါ် အားထားမှုနည်းခြင်းနှင့် ဝမ်းစာထုတ်လုပ်ရေးလုပ်ငန်းအပေါ် အားထားမှုများနေကြောင်းကို (ပုံ ၁၃) မှာဖေါ်ပြထားသည့်အတိုင်း စားစာရာနှင့်ပတ်သက်၍ အိမ်ထောင်စု၏ အသုံးစားရိတ်နည်းနေခြင်းက ထင်ဟပ်ဖေါ်ပြနေပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် စားစရာစားသုံးရေးအတွက် ဆန်စပါးစိုက်ပျိုးခြင်းအပေါ် အားထားမှုများနေခြင်းနှင့် ရောင်းဝယ်ခြင်း လုပ်ငန်းအပေါ် အားထားမှုနည်းနေကြောင်းကို ပုံ (၁၄) မှာလည်း ထင်ဟပ်ဖေါ်ပြနေပါသည်။ ငွေကြေးဝင်ငွေရရှိရန် အခွင့်အလမ်းနည်းခြင်းကြောင့် တွေ့ရှိရသောအချက်မှာ စားလောက်ရုံလုပ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အလွန်တာရှည်စွာ တည်တံ့နေခြင်းပင်ဖြစ်သည်။ အမှန်စင်စစ်၌ စားလောက်ရုံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ခြင်းကို ဆင်းရဲမွဲတေမှုနည်းပါးကြောင်း ညွှန်ပြကိန်းတခုအဖြစ် ယေဘုယျအားဖြင့် မှတ်ယူစရာ ရှိပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအရှေ့ပိုင်း၏ စစ်ဖြစ်ပွားရာ နယ်မြေများတွင် သွားလာမှုများတို့၍ ချုပ်ချယ်ကန့်သတ်ခံနေရခြင်းနှင့် ဈေးကွက်ကို ပို၍အလှမ်းဝေးလာခြင်းတို့ကြောင့် ဤသို့နှိုင်းယှဉ်ဖော်ပြမှုများပြုလျှင် မမှန်ကန်နိုင်ပါချေ။

**ပုံ ၁၃။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်ထောင်စုများ၏ အဓိက သုံးစွဲကုန်ကျမှု**




[37] Ministry of National Planning and Economic Development, 2007, *Poverty Profile : Integrated Households Living Conditions Survey in Myanmar*, Yangon, p7

မြန်မာနိုင်ငံအရှေ့ပိုင်း၏ အစားအစာအတွက် အသုံးစားရိတ် အချိုးအစားသည် ကျောက်ကြီးမြို့နယ်ရှိ နမူနာစံကွက်လူဦးရေထဲတွင် အများဆုံး (၈၀%) ဖြစ်နေသည်။ ဤအချက်သည် (၂၀၁၀) ခုနှစ် အတွင်းမှာ အိုးအိမ်အခြေပျက်ထွက်ပြေးရမှုနှုန်း မြင့်ခဲ့သည်ဟူသောအချက်နှင့် ကိုက်ညီမှုရှိပါသည်။ မိုင်းတုံမြို့နယ်ရှိ ပုံမှန်အိမ်ထောင်စုတစုသည် လစဉ်ဝင်ငွေ ၏ ၂၄% ကို အိမ်သုံးကုန် ပစ္စည်းများ အတွက် သုံးစွဲသည်။ ဤအချက်က အခြားနယ်မြေဒေသမှ လူများထက်ပို၍ သုံးစရာ ငွေကြေးပိုရရှိ ကြောင်း ညွှန်ပြနေပါသည်။ ဤအချက်မှလွဲလျှင်၊ အသုံးစားရိတ် ခွဲဝေသတ်မှတ်ပုံများသည် စစ်တမ်း ကောက်ယူခဲ့သည့် မြို့နယ် (၆) ခုတွင် အတော်အတန် တူညီမှုရှိပါသည်။

**စာရင်း ၁၁။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုများ၏ အဓိက သုံးစွဲကုန်ကျမှု**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွိုင်လင် |
|---|---|---|---|---|---|---|---|
| အစားအစာ | ၈၀ % | ၄၇ % | ၃၉ % | ၄၅ % | ၅၀ % | ၄၀ % | ၅၀ % |
| ကျန်းမာရေး စောင့်ရှောက်မှု | ၅ % | ၁၂ % | ၂၁ % | ၂၀ % | ၁၃ % | ၁၃ % | ၁၄ % |
| အိမ်သုံးပစ္စည်းများ | ၀ % | ၉ % | ၁၄ % | ၁၃ % | ၁၂ % | ၂၄ % | ၁၂ % |
| အဝတ်အထည် (ဝါ) အမိုးအကာ | ၀ % | ၅ % | ၁၁ % | ၁၂ % | ၃ % | ၆ % | ၆ % |
| အကြွေးပြန်ဆပ် | ၉ % | ၃ % | ၈ % | ၂ % | ၉ % | ၉ % | ၇ % |
| ပညာရေး | ၁ % | ၈ % | ၄ % | ၆ % | ၅ % | ၆ % | ၅ % |

## ၃။ ၆။ စားနပ်ရိက္ခာ ဖူလုံမှု (လုံခြုံမှု)

*"ဒီနှစ်၊ တောင်ပေါ်က မြေသြဇာညှံ့တဲ့မြေကွက်ကျဉ်းကျဉ်းလေးတကွက်မှာ ကျနော် တောင်ယာစိုက် နေပါတယ်။ (နအဖ) စခန်းနဲ့နီးတဲ့နေရာမှာတော့ မြေသြဇာကောင်းတာပေါ့။ ဒါပေမယ့် အဲဒီဘက် သွားပြီး၊ ကျနော် တောင်ယာမလုပ်ရဲဘူး။ ရှေ့အဖို့ ဘယ်လိုလုပ်စားရမယ်မှန်းတောင် ကျနော်တော့ မသိတော့ပါဘူး။*


ကရင်အမျိုးသား တဦး၊ ကျောက်ကြီးမြို့နယ်၊ (CIDKP) ၏တွေ့ဆုံမေးမြန်းခန်း။ ဧပြီလ၊ ၂၀၁၀ ခုနှစ်

လွန်ခဲ့သောလအတွင်းမှာ ဆန်ကို အဓိကအားဖြင့် မည်သည့်နေရာက ရရှိခဲ့ပါသနည်းဟု စစ်တမ်းကောက်ယူသူများ က အိမ်ထောင်စု ကိုယ်စားလှယ်များထံ မေးမြန်းကြည့်ခဲ့ပါသည်။ ဖြေကြားသူ ထက်ဝက်နီးပါးလောက်က အဓိကအား ဖြင့် မိမိတို့၏ ဝမ်းစာစပါးကို စားကြောင်း အိမ်ထောင်စု ၂၈% ကမူ မိမိတို့စားသော ဆန်အများစုကို ဝယ်ခဲ့ရကြောင်း ဖေါ်ပြခဲ့ကြသည်။ ကျန်အိမ်ထောင်စု ၂၄ % က ဆန်ကို ချေးယူခြင်းအားဖြင့် သော်လည်းကောင်း၊ ပစ္စည်းနှင့် ဖလှယ်ခြင်း အား ဖြင့်သော်လည်းကောင်း၊ အထောက်အပံ့အားဖြင့်သော်လည်းကောင်း ရရှိခဲ့ကြသည်။ ဤအချက်အရသိရှိရသည်မှာ မြန်မာနိုင်ငံအရှေ့ပိုင်း၌ ဆန်ရရှိရေးအတွက် လူမှုရေး အဆက်အသွယ်

ကွန်ရက်ကို များစွာအားထား နေရကြောင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့သော လူမှုရေးနည်းလမ်းသည် ပြဿနာဖြေရှင်းရာ၌ မရှိမဖြစ် လိုအပ်သော်လည်း ရေရှည်ရိက္ခာ လုံခြုံရေးအတွက် လုံလောက်သော အခြေခံတရပ်တော့ မဟုတ်ချေ။

ပုံ (၁၄)မှာ ဖော်ပြထားသည့်အတိုင်းပင် ဆန်စားလောက်ရုံစပါးကိုစိုက်ပျိုးသူများသည် မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများနှင့်နှိုင်းစာလျှင် မြန်မာနိုင်ငံအရှေ့ပိုင်း၌ ပိုများပါသည်။ ဤအချက်သည် မြန်မာနိုင်ငံအရှေ့ပိုင်း အိမ်ထောင်စုများ၏ ၈၀%အဖို့ အနည်းဆုံးအားဖြင့် စိုက်ပျိုးမြေတချို့တဝက်ကို ရရှိကြသည်ဟူသောအချက်နှင့် ကိုက်ညီနေပါသည်။ ကချင်ပြည်နယ်၏ စားလောက်ရုံ ထုတ်လုပ်မှုသည် သည့်ထက်ပင်ထုတ်လုပ်မှုအားကောင်းကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် စစ်တမ်းကောက်ယူမှုကို စပါးရိပ်သိမ်းရာသီပြီးစမှာ လုပ်မိခဲ့ခြင်းဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှာ စစ်တမ်းကောက်ယူမှုကို မိုးမကျမီမှာမလုပ်ဘဲ၊ မိုးအကုန်မှာလုပ်မိမည်ဆိုပါက ဤနယ်မြေဒေသများ၏ ဝမ်းစာလုံလောက်အောင် ထုတ်လုပ်နိုင်စွမ်း ညွှန်ပြကိန်းများသည် သည်ထက်ပင်ပို၍မြင့်မားပါလိမ့်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဆန်ဝယ်စားရသူလူဦးရေများနေခြင်းသည် စိုက်ပျိုးမြေရရှိမှုနည်းခြင်း၊ စပါးအထွက် နှုန်းနည်းခြင်းနှင့် မိုးခေါင်မှုဒဏ်ခံရခြင်းတို့ကို ထင်ဟပ်ဖော်ပြနေပါသည်။

**ပုံ ၁၄။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် ဆန် အဓိကရရှိသည့် ရင်းမြစ်နေရာ**




စားလောက်ရုံစိုက်ပျိုးခြင်း၏ သဘောသဘာဝအကြောင်းကို ဖာဆောင်းမြို့နယ်အတွင်း တွေ့ရှိချက်များက သရုပ်ဖော် ပြနေပါသည်။ ဖာဆောင်းမြို့နယ်၌ အိမ်ထောင်စု ၉၅% က ကိုယ်တိုင်စိုက်ပျိုးသော စပါးအများစုကိုစားကြသည်ဟု ဖော်ပြကြပြီး၊ ၃%ကသာ အပိုအလျှံစပါးကို ရောင်းချစားကြသည်ဟု ဖော်ပြကြသည်။ ယေဘုယျအားဖြင့်ဆိုရလျှင် အကူအညီအပေါ် အားထားစရာ လောက်လောက် လားလားမရှိလှသော်လည်း ကျောက်ကြီးမြို့နယ်ရှိ အိမ်ထောင်စုများအနက် တဝက်ခန့်သည်

ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများထံမှ အကူအညီကို အားထားခဲ့ကြရသည်။ ဤအချက်က (၂၀၁၀)ခုနှစ်၏ ပထမ(၆)ကာလအတွင်း ရောဂါများပြားလှသော ပြည်တွင်းဒုက္ခသည်များထံ နယ်စပ်ဖြတ်၍ လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးမှုများရောက်ရှိခြင်းနှင့် ပြည်သူများ ကြုံတွေ့ရသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အနှောင့်အယှက်(ရုတ်ချည်းပြောင်းလဲမှု)တို့ကို ထင်ဟပ်ဖော်ပြနေပါသည်။ ရေးမြို့နယ်မှာ ဆန်ဝယ်စားသူ အိမ်ထောင်စုဦးရေများနေရခြင်းသည် ထိုမြို့နယ်၌ ဈေးကွက်နှင့် ပို၍အလှမ်းမှီခြင်း၊ အိမ်ထောင်စု ၃၀%အဖို့ စိုက်ပျိုးမြေမရရှိခြင်း ဟူသောအချက်တို့နှင့် ကိုက်ညီနေပါသည်။

## စာရင်း ၁၂။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ဆန် အဓိကရရှိနိုင်သည့် ရင်းမြစ်နေရာ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြုံ |
|---|---|---|---|---|---|---|---|
| ကိုယ်ပိုင်စပါး | ၉ % | ၃၆ % | ၆၂ % | ၉၅ % | ၂၈ % | ၅၈ % | ၄၈ % |
| ငွေဖြင့် ဝယ်ယူ | ၃ % | ၄၅ % | ၂၃ % | ၄ % | ၆၀ % | ၃၅ % | ၂၈ % |
| အကူအညီ (ဝါ) လက်ဆောင် | ၅၂ % | ၂ % | ၂ % | ၁ % | ၁ % | ၂ % | ၉ % |
| ချေးယူ (ပြန်ပေးရမည်) | ၂၃ % | ၅ % | ၁၃ % | ၁ % | ၆ % | ၀ % | ၈ % |
| ပစ္စည်းချင်းဖလှယ် | ၁၄ % | ၁၂ % | ၂ % | ၁ % | ၆ % | ၅ % | ၇ % |

ဤစစ်တမ်းကို မေလနှင့် ဇွန်လမှာ ကောက်ယူခဲ့ခြင်းဖြစ်သည်။ စပါးရိတ်သိမ်းချိန်က နိုဝင်ဘာလ ပတ်ဝန်းကျင်ဖြစ်သည်။ သို့ဖြစ်ရာ ဝမ်းစာအတွက်စိုက်ပျိုးသော လယ်သမားများအဖို့ စပါးရိတ်သိမ်းချိန်ရောက်သည်အထိ ဝမ်းစာလောက်ရန် ဝမ်းစာစပါးကို အနည်းဆုံး (၆)လစာ လိုအပ်နေပါသည်။ အိမ်ထောင်စု ၁၁%ကသာလျှင် စပါးပေါ်ချိန်အထိ ဝမ်းစာစပါး အလုံအလောက်ရှိကြောင်း ဖော်ပြကြပြီး၊ ၇၃% က အနည်းဆုံး (၃)လစာ ဝမ်းစာလိုအပ်ချက်အတွက် ရှာကြံနေကြရကြောင်း ဖော်ပြကြသည်။ ဖာဆောင်းနှင့် ဖာပွန်မြို့နယ်တို့၌ ဝမ်းစာလုံလောက်မှု အရှိဆုံးဖြစ်သည်။ အခြားမြို့နယ်များ နှင့် နှိုင်းစာလျှင် ဖားဆောင်းမြို့နယ်၌စိုက်ပျိုးမြေကိုလည်းကောင်း၊ ဖာပွန်မြို့နယ်၌ ရေသွင်းလယ်မြေကို လည်းကောင်း ရရှိမှုများခြင်းကို ထင်ဟပ်ဖော်ပြနေပါသည်။ ရိက္ခာမလုံလောက်မှုသည် ကျောက်ကြီးမြို့နယ်၌ အဆိုးရွားဆုံးဖြစ်ပြီး၊ ဤအချက်သည် လောလောဆယ်မှာ အတင်းအဓမ္မ လုပ်အားစေခိုင်းမှု၊ အိုးအိမ်အခြေပျက်ရွှေ့ပြောင်းထွက်ပြေးရမှုတို့နှင့် ဆက်စပ်နေပါ သည်။ ရေးမြို့နယ်အတွင်းမှာ ဝမ်းစာစပါးချို့တဲ့ခြင်းသည် ဆိုးရွားပြင်းထန်သော ရိက္ခာမလုံခြုံမှုကို ထင်ဟပ်ဖော်ပြခြင်းတော့မဟုတ်ချေ။ အကြောင်းမှာ ဤအိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်း ပိုရှိခြင်းနှင့် ဈေးကွက်ကို အလှမ်းပိုမှီခြင်း တို့ကြောင့်ဖြစ်ပါသည်။

**စာရင်း ၁၃။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စုအလိုက် ဆန်သိုလှောင်မှု**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| မရှိပါ | ၂၀ % | ၇ % | ၂၃ % | ၁ % | ၂၁ % | ၁ % | ၁၂ % |
| ၇–ရက်စာထက်နဲ | ၂၄ % | ၂၆ % | ၆ % | ၀ % | ၂၂ % | ၁၅ % | ၁၅ % |
| ၇–၃၀ ရက်စာ | ၉ % | ၃၁ % | ၁၆ % | ၄ % | ၃၀ % | ၂၆ % | ၁၉ % |
| ၁–၃ လစာ | ၄၈ % | ၁၉ % | ၂၈ % | ၈ % | ၁၈ % | ၄၃ % | ၂၇ % |
| ၄–၆ လစာ | ၁ % | ၈ % | ၁၅ % | ၆၀ % | ၅ % | ၇ % | ၁၆ % |
| ၆ လအထက် | ၁ % | ၁၀ % | ၁၃ % | ၂၈ % | ၅ % | ၁၀ % | ၁၁ % |

အိမ်ထောင်စုများအား လွန်ခဲ့သောသီတင်းပတ်အတွင်းမှာ စားစရာအမျိုးမျိုးကို ရက်မည်မျှစီ စားခဲ့ကြောင်း မေးမြန်းကြည့်ခဲ့ပါသည်။ သည့်နောက်တွင်လုပ်ခဲ့သော အစာအာဟာရအမျိုးမျိုး၊ စားသောက်သောအကြိမ်၊ အာဟာရဖြစ်မှုတို့ကို ပိုင်းခြားသုံးသပ်ခြင်းပြုရာ၌ စံချိန်စံညွှန်းဆိုင်ရာ လမ်းညွှန်ချက်များကို ကျင့်သုံးခဲ့ပါသည်။ အိမ်ထောင်စုများကို မတူခြားနားသော စားသုံးသူ အုပ်စုများအဖြစ် ခွဲခြားသတ်မှတ်ရန်ဖြစ်ပါသည်။ [၃၈] စစ်တမ်းကတွေ့ရှိခဲ့သည်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ အိမ်ထောင်စုများ၏ ၄၀%ကို လက်ခံနိုင်ဖွယ်အစာအာဟာရများကို စားသုံးသူများ အဖြစ်လည်းကောင်း၊ ၆၀%ကို မလုံမလောက် စားသုံးရသူများအဖြစ်လည်းကောင်း သတ်မှတ်နိုင်ကြောင်းပင် ဖြစ်ပါသည်။ ပို၍တိတိကျကျပြောရပါလျှင် ၈% သည် အမှန်တကယ်ပင် ညံ့ဖျင်းသော အစားအစားများကို စားသုံးရသူများအဖြစ် သတ်မှတ်ခံရသူများဖြစ်ပြီး၊ ၅၂%သည် မလုံလောက်သော်လည်း မညံ့တညံ့အစားအစာများကို စာသုံးရသူများဖြစ်ပါသည်။ လွန်ခဲ့သော သီတင်းပတ်အတွင်းမှာ အစားအစာတမျိုးစီနှင့်ပတ်သက်၍ စားသုံးရသောပျမ်းမျှရက်များကို ပုံ (၁၄) မှာ ဖေါ်ပြထားသည်။ ဆန်နှင့် ဟင်းသီးဟင်းရွက်တို့သည်သာလျှင် ပုံမှန်စားသောအစားအစာ ဖြစ်နေကြောင်း တွေ့ရပါသည်။


[38] World Food Program, 2008, Food Consumption Analysis : Calculation and the use of food consumption score in food security analysis, Technical Guidance Sheet, Rome

## စာရင်း ၁၄။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် ပျမ်းမျှ အစားအစာ စားသုံးမှု စံချိန်

| အစားအစာ အမျိုးအစား | လက်ခံနိုင်ဖွယ်ရှိသည့် အစားအစာ | မဖူလုံသော အစာ– အလယ်အလတ် | မဖူလုံသောအစာ– ဆင်းရဲ | နမူနာကောက်ယူမှု တခုလုံး |
|---|---|---|---|---|
| ဆန် | ၇.၀ | ၆.၉ | ၅.၃ | ၆.၈ |
| အခြား သီးနှံ | ၁.၄ | ၁.၅ | ၀.၅ | ၁.၃ |
| ဟင်းသီးဟင်းရွက် | ၅.၈ | ၅.၉ | ၄.၁ | ၅.၇ |
| ဥ | ၁.၄ | ၁.၁ | ၀.၃ | ၁.၂ |
| ငါး | ၂.၉ | ၁.၃ | ၀.၆ | ၁.၉ |
| သစ်သီး | ၂.၈ | ၂.၀ | ၀.၈ | ၂.၂ |
| နို့ | ၂.၁ | ၀.၆ | ၀.၀ | ၁.၁ |
| ကြက်ဥ | ၁.၂ | ၁.၀ | ၀.၅ | ၁.၁ |
| ပဲအမျိုးမျိုး(ပဲ၊ တို့ဖူး) | ၁.၁ | ၁.၁ | ၀.၃ | ၁.၀ |
| အနီရောင်အသား | ၁.၃ | ၁.၀ | ၀.၇ | ၁.၁ |
| အမြစ်–သစ်ဥများ | ၁.၂ | ၁.၁ | ၁.၀ | ၁.၂ |
| သကြား | ၂.၄ | ၁.၉ | ၀.၈ | ၂.၀ |
| ဆီ–အဆီဓာတ် | ၃.၅ | ၂.၈ | ၁.၃ | ၃.၀ |

ပုံ (၁၅) မှာ ဖော်ပြထားသည့်အတိုင်းပင် ရိက္ခာလုံခြုံမှုနှင့်ပတ်သက်သော ဤနမူနာစံကွက် ညွှန်ပြချက်က ဖော်ပြနေသည်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ ရပ်ရွာအသိုက်အဝန်းများသည် မြန်မာနိုင်ငံမှာ ရိက္ခာလုံခြုံမှုအနည်းဆုံး လူမှုအသိုက်အဝန်းများဖြစ်ကြောင်းပင် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တလျှောက်လုံး နာတာရှည်ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့လာခဲ့ရပြီး၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည် ဆို သည့်တိုင် မြန်မာနိုင်ငံအရှေ့ပိုင်း၏ စစ်ဒဏ်သင့်နယ်မြေဒေသများတွင် အစားအစာ စားသောက် ရပုံက သိသိသာသာကြီးပို၍ဆိုးရွားနေပါသေးသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းမှာ အစားအစာ စားသောက်မှုအဆင့်နိမ့်ကျနေခြင်းသည် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများနှင့် ဈေးကွက် တို့ကို အလှမ်းမမှီနိုင်အောင် တင်းကျပ်စွာကန့်သတ်ချုပ်ခြယ်ထားမှုကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းမှာ စားသောက်နေပုံများသည် အစွန်အဖျားကျသော ဝ အထူးဒေသ၊ ရှမ်းပြည်နယ် မြောက်ပိုင်းတို့မှာ စားသောက်နေပုံများနှင့် ပို၍နီးစပ်တူညီပါသည်။

### ပုံ ၁၅။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အစားအစာ စားသောက်မှု ပုံစံ




မြန်မာနိုင်ငံအရှေ့ပိုင်းတွင် စစ်တမ်းကောက်ယူခဲ့သော မြို့နယ်များအချင်းချင်းထဲမှာ အစားအစာ စားသောက်ပုံနှင့် ပတ်သက်၍ ကွာခြားမှုများ ကြီးကြီးမားမားရှိနေပြီး၊ မိုင်းတုံနှင့် ရေးမြို့နယ်တို့တွင် သိသိသာသာ ပိုကောင်းပါသည်။ မိုင်းတုံမြို့နယ်ရှိ အိမ်ထောင်စု ၈၇%သည် လက်ခံဖွယ် အစာများကို စားသောက်နေကြပါသည်။ ရေသွင်းလယ်မြေများ အတော်အသင့်ကောင်းစွာရရှိခြင်း၊ ဆန်စားသုံးမှု အတွက် ကိုယ်တိုင်စိုက်ပျိုးသူများခြင်း၊ ဝင်ငွေအတော်များများကို ကျပန်းအလုပ်မှနေ၍ရရှိခြင်း၊ အစားအစာအတွက် အိမ်ထောင်စုအသုံးစားရိတ်ကုန်ကျငွေနည်းခြင်းတို့ကို ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်ပါသည်။ ပုလောမြို့နယ်ရှိ အိမ်ထောင်စု ၂၁%ကမူ ညံ့ဖျင်းသောအစားအစာများကို စားသောက်နေကြရပါသည်။ ဤအချက်သည် ရေသွင်းလယ်မြေ မဖြစ်စလောက်သာရရှိခြင်း၊ ဆန်စားသုံးမှု အတွက် ကိုယ်တိုင်စိုက်ပျိုးသူနည်းခြင်း ဟူသောအချက်တို့နှင့် ကိုက်ညီပါသည်။

### စာရင်း ၁၅။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အစားအစာ စားသောက်မှု ပုံစံ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| အာဟာရနည်းသည့် အစာ | ၉ % | ၂၁ % | ၁၂ % | ၄ % | ၃ % | ၀ % | ၈ % |
| အလယ်အလတ် အစာ | ၉၀ % | ၃၆ % | ၅၅ % | ၈၁ % | ၃၄ % | ၁၃ % | ၅၂ % |
| လက်ခံနိုင်ဖွယ် အစားအစာ | ၁ % | ၄၃ % | ၃၃ % | ၁၅ % | ၆၃ % | ၈၇ % | ၄၀ % |


## ၃။ ၇။ စားဝတ်နေရေးတုန်လှုပ်ခြောက်ချားမှုများ၊ ကြွေးမြီနှင့် ဖြေရှင်းရေးနည်းနာများ

*"သူတို့က ကျမခင်ပွန်းကို ပြည်သူ့စစ်အဖွဲ့ထဲဝင်၊ ဒါမှမဟုတ် ပြည်သူ့စစ်ရန်ပုံငွေအတွက် တလကို ငွေ (၆,၀၀၀) ကျပ်ပေးရမယ်ဆိုပြီး အမိန့်ထုတ်ပါတယ်။ ကျမတို့က ပေးလည်းမပေးနိုင်ဘူး၊ ရွာထဲမှာ လည်းမနေရဲတော့တာနဲ့ ဒီနေရာကို ပြေးလာခဲ့ရတယ်။ ကျမတို့မှာ စားစရာမရှိတော့ စားစရာ တချို့ကို ရွာထဲက တခြားလူတွေဆီကနေ ချေးငှားစားနေရပါတယ်။ "*

မွန်အမျိုးသမီးတဦး၊ ရေဖြူမြို့နယ်၊ (MRDC) ၏တွေ့ဆုံမေးမြန်းခန်း။ ဖေဖော်ဝါရီလ၊ ၂၀၁၀ ခုနှစ်

ဖြေကြားပေးမည့်သူများအား လွန်ခဲ့သော (၆)လအတွင်းက မိမိတို့၏မိသားစုကြုံတွေ့ခဲ့ရသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အဓိကအနှောင့်အယှက်များသို့မဟုတ် (ရုတ်ချည်းပြောင်းလဲမှုများ) ကို ပြောပြပါဟု မေးမြန်းခဲ့သည်။ အများဆုံးဖော်ပြကြသောဒုက္ခများမှာ အစားအစာ ဈေးနှုန်းများတက်ခြင်း (အိမ်ထောင်စုများ၏ ၃၃%) နှင့် မိသားစုဝင်တဦးဦး မမာမကျန်းဖြစ်ခြင်း (အိမ်ထောင်စုများ၏ ၃၁%) တို့ဖြစ်ပါသည်။ မမာမကျန်းဖြစ်ခြင်းနှင့် ဝယ်နိုင်အားကျဆင်းခြင်း တို့ကို မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများ၌လည်း အဖြစ်အများဆုံးအနှောင့်အယှက်များအဖြစ် ဖော်ပြကြပါသည်။ သို့ရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ တို့တွင်မူ ဝယ်နိုင်အားကျဆင်းခြင်းသည် ကုန်ဈေးနှုန်းတက်ခြင်းကြောင့်မဟုတ်ဘဲ ဝင်ငွေကျဆင်းခြင်း ကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် ကချင်ပြည်နယ်တို့၌ ပိုးမွှားဒဏ်ကြောင့် သီးနှံများ ပျက်စီးခြင်းသည် အနှောင့်အယှက်ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပါသည်။ အခြားနေရာ ဒေသများ၌ ဤအကြောင်းနှင့် ပတ်သက်သော ဖော်ပြမှု၊ အချက်အလက်များကို မရရှိခဲ့ချေ။

**ပုံ ၁၆။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အသက်မွေးဝမ်းကျောင်းအပေါ် ရုတ်ချည်းထိခိုက်သက်ရောက်မှု အဓိကအကြောင်းများ**




မြန်မာနိုင်ငံအရှေ့ပိုင်းမှာ ဆင်းရဲမွဲတေမှု၏ အဓိကအကြောင်းရင်းများဖြစ်သော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအနှောင့်အယှက်များ (ရုတ်ချည်းပြောင်းလဲမှုများ) များစွာရှိပါသည်။ သို့ရာတွင် အခြားနေရာဒေသများရှိ ရပ်ရွာအသိုက်အဝန်းများမှာ ဤကဲ့သို့သော အနှောင့်အယှက်များရှိကြောင်း သတင်းပေးဖော်ပြခဲ့ဖူးခြင်းမရှိချေ။ တိုက်ပွဲဖြစ်ပွားခြင်း သို့မဟုတ် ကျေးလက်နယ်မြေများမှာ တိုက်ကင်းစစ်ကြောင်းများချထားခြင်းတို့သည် ပုလောမြို့နယ်၊ ဖာဆောင်းမြို့နယ်နှင့် ရေးမြို့နယ်တို့တွင် အသက်မွေးဝမ်းကျောင်းမှုကိုထိခိုက်စေသော အဓိကအနှောင့်အယှက်များဖြစ်ကြောင်း မေးမြန်းမှုများအရ ဖော်ပြခဲ့ကြသည်။ ဤအချက်မှာ လျှော့ပေါ့တွက်ဆ၍ ဖော်ပြမှုဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ အကြောင်းမှာ မြန်မာစစ်သားများ ရွာအနီးအနားသို့ ကင်းလှည့်ရောက်ရှိနေချိန်တွင် လယ်သမားများသည် ရှောင်ပြေးနေရခြင်းကြောင့် သီးနှံများကို ကိုယ်ဖိရင်ဖိ မစောင့်ရှောက်နိုင်တော့ဘဲပိုးမွှား ကြွက်ငှက်တို့ကသီးနှံများ အကြီးအကျယ်ဖျက်ဆီးခံရမှုနှင့်လည်း ကြုံတွေ့ရပါသည်။ သောင်းကျန်းသူသူပုန်နှိမ်နင်းရေး နည်းလမ်းတရပ်အဖြစ် (နအဖ) စစ်အစိုးရက ခရီးသွားလာခွင့်ကို ကန့်သတ်ချုပ်ချယ်မှုပြုနေပြီး၊ ကျောက်ကြီး၊ ဖာဆောင်းနှင့် ရေးမြို့နယ်များရှိ လယ်သမားများအဖို့ ကြီးစွာသော အနှောင့်အယှက်ဖြစ်ရပါသည်။ အတင်းအဓမ္မလုပ်အားစေခိုင်းမှုများသည်လည်း ရွာသားများအနေဖြင့် မိမိတို့၏ မိသားစုများကို လုပ်ကျွေးခွင့်မရနိုင်လောက်အောင် ဖြစ်စေသော၊ ဤစစ်တမ်းမကောက်မီလပေါင်းများစွာအတွင်းမှာ ကျောက်ကြီးမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းမှုများကို အထူးထိခိုက်နစ်နာစေခဲ့ပါသည်။

**စာရင်း ၁၆။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ အနှောင့်အယှက် (ရုတ်ချည်း ထိခိုက်သက်ရောက်မှု) များ**

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| အစားအစာ ဈေးကြီးမြင့်ခြင်း | ၀ % | ၇ % | ၂ % | ၈၄ % | ၂၃ % | ၈၆ % | ၃၃ % |
| ဖျားနာမှု–ကျန်းမာရေးစားရိတ် | ၁ % | ၅၇ % | ၁၉ % | ၁၃ % | ၄၃ % | ၅၂ % | ၃၀ % |
| သီးနှံများကို ပိုးမွှား တိရိစ္ဆာန်များ ဖျက်ဆီးခြင်း | ၃ % | ၃၀ % | ၅၆ % | ၁၇ % | ၆ % | ၁၉ % | ၂၂ % |
| စစ်ပွဲများ–စစ်ကြောင်းကင်းလှည့်မှု | ၀ % | ၄၈ % | ၀ % | ၂၀ % | ၂၈ % | ၀ % | ၁၆ % |
| ခရီးသွားလာခွင့် ထိန်းချုပ်ခြင်း | ၄၇ % | ၅ % | ၃ % | ၂၂ % | ၁၈ % | ၁ % | ၁၆ % |
| ရေလွှမ်းခြင်း၊ ရာသီ မဟုတ် မိုးရွာခြင်း၊ မိုးခေါင်ရေရှားခြင်း | ၂ % | ၁၃ % | ၁၄ % | ၅၆ % | ၁ % | ၃ % | ၁၄ % |
| အဓမ္မလုပ်အားခိုင်းစေမှု | ၄၇ % | ၂ % | ၄ % | ၁ % | ၃ % | ၁ % | ၉ % |
| အတင်းအကျပ် ရွှေ့ပြောင်းစေမှု | ၄၉ % | ၀ % | ၀ % | ၀ % | ၀ % | ၀ % | ၈ % |

ပုံ (၁၇) မှာ ဖော်ပြထားသည့်အတိုင်းပင် မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများနှင့် နှိုင်းစာလျှင် မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ထူးထူးကဲကဲကြွေးတင်နေကြောင်း ဖော်ပြကြသောအိမ်ထောင်စု အချိုးအစားနည်းပါသည်။ ဤအချက်သည် တိုက်ပွဲများဖြစ်ပွားရာနေရာဒေသများတွင် ငွေချေး၍ရနိုင်သော အခွင့်အလမ်းနည်းခြင်းကို ထင်ဟပ်ဖော်ပြနေပြီး၊ ဝမ်းစာအတွက် စိုက်ပျိုးလုပ်ကိုင်သူများပြားခြင်း၊ သွားလာခွင့်ကန့်သတ်ချုပ်ချယ်ခံရခြင်း၊ ဈေးကွက်နှင့်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကိုက်ညီနေပါသည်။ ငွေချေးရခြင်း၏ အဓိကအကြောင်းရင်းများမှာ အစားအစာမလုံလောက်၍ ဝယ်ရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစားရိတ်လိုအပ်ခြင်းတို့ ဖြစ်သည်။ ဤအဖြစ်မျိုးသည် မြန်မာနိုင်ငံတဝှမ်းလုံးရှိ ဆင်းရဲမွဲတေသော ကျေးတောရွာများမှာ အဖြစ်များပါသည်။ မြန်မာနိုင်ငံအရှေ့ပိုင်း၌ နမူနာစံကွက်လူဦးရေ၏ ၉% ကသာလျှင် ပညာရေးအသုံးစားရိတ်လိုအပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ခြင်းကဲ့သို့သော အခြားအကြောင်းရင်းများကြောင့် ငွေချေးယူကြပါသည်။ ဤအဖြစ်မျိုးသည် မြန်မာနိုင်ငံ၏ အခြားနယ်မြေဒေသများမှာ ပို၍အဖြစ်များပါသည်။

**ပုံ ၁၇။ မြန်မာနိုင်ငံရှိ ရွေးချယ်ထားသည့် အချို့ဒေသများတွင် အိမ်ထောင်စုများ တင်ရှိနေသည့် ကြွေးမြီများ**




ဤစစ်တမ်းကောက်ယူမှုတွင် ကြွေးယူသော အိမ်ထောင်စုအချိုးအစားသည် ကျောက်ကြီးမြို့နယ်၌ အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤမြို့နယ်၌ အိမ်ထောင်စုများ၏ ၉၅% သည် အဓိကအားဖြင့် အစားအစာ မလုံလောက်မှုကြောင့် ကြွေးတင်နေကြသည်။ ဖာဆောင်းမြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့၌ ကြွေးတင်သော အိမ်ထောင်စုအချိုးအစား အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤအချက်သည် ဤမြို့နယ်များတွင် ဝမ်းစာအတွက် စပါးစိုက်ပျိုးသူများပြားခြင်း၊ အစားအစာအတွက် ကုန်ကျစားရိတ်နည်းခြင်းတို့နှင့် ဆက်စပ်နေပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကုန်ကျစားရိတ်နှင့် ပညာရေးကုန်ကျစားရိတ်တို့ကြောင့် ကြွေးတင်ခြင်းသည် ရေးမြို့နယ်နှင့် ပုလောမြို့နယ်တို့မှာ အဖြစ်များပါသည်။ ဤတောင်ပိုင်းကျသည့်မြို့နယ်များ၌ အစိုးရနှင့် နယ်စပ်ဖြတ်ကျော် အကူအညီပေးရေးအဖွဲ့များ၏ လူမှုရေးဝန်ဆောင်မှုများကို ရရှိမှုအကန့်အသတ်ရှိနေကြောင်း ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။

### စာရင်း ၁၇။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အိမ်ထောင်စု ကြွေးမြီများ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| ကြွေးမြီ မရှိ | ၅ % | ၂၂ % | ၃၈ % | ၆၁ % | ၂၃ % | ၅၇ % | ၃၄ % |
| အစားအစာအတွက် | ၉၂ % | ၃၉ % | ၃၈ % | ၂၀ % | ၃၂ % | ၂၅ % | ၄၁ % |
| ကျန်းမာရေးအတွက် | ၁ % | ၂၃ % | ၁၇ % | ၁၄ % | ၃၄ % | ၁၁ % | ၁၆ % |
| ပညာရေးအတွက် | ၁ % | ၉ % | ၃ % | ၄ % | ၁ % | ၃ % | ၃ % |

လွန်ခဲ့သောလအတွင်းက အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့ခဲ့ရပါသလား၊ အကယ်၍ ကြုံတွေ့ခဲ့ရပါက မည်သို့ရင်ဆိုင်ဖြေရှင်းပါသနည်းဟု အိမ်ထောင်စုများကို မေးမြန်းခဲ့ပါသည်။ အိမ်ထောင်စု ၇၅% က အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့ခဲ့ရပါသည်ဟု ဖြေပါသည်။ ဤအချိုးအစားကို စပါးမပေါ်မီ အနည်းဆုံး (၃) လစာ ဝမ်းစာလိုအပ်ချက်အတွက်ရှာကြံနေကြောင်း ဖော်ပြခဲ့ကြသော အိမ်ထောင်စုများ၏ အချိုးအစားနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ အစားအစာများကို အကြွေးဝယ်ခြင်း၊ ဈေးချိုသော အညံ့စားအစားအစာများကို ဝယ်ယူစားသုံးခြင်း၊ မိသားစုနှင့် မိတ်ဆွေများ၏ အကူအညီကိုအားထားခြင်းတို့သည် ဤအစာအစာမလုံလောက်မှုပြဿနာကို ဖြေရှင်းသော အဓိကနည်းလမ်းများ ဖြစ်ပါသည်။ သို့ရာတွင် အိမ်ထောင်စု ၂၂ % ကမူ လူကြီးများက အစားအစာ လျှော့စားခြင်း၊ တနေ့လုံးအစားမစားဘဲနေခြင်းအားဖြင့် နေ့ရက်များကို ကုန်ဆုံးစေခြင်းနည်း တို့အပါအဝင် အလွန်အကျွံနည်းများဖြင့် ဖြေရှင်းကြပါသည်။

ဖာဆောင်းမြို့နယ်ရှိ အိမ်ထောင်စု ၈၈% မှာ ဝမ်းစာစပါးအနည်းဆုံး (၄)လစာရှိသည့်တိုင် အိမ်ထောင်စု ၉၄% က လွန်ခဲ့သောလအတွင်းမှာ အစားအစာမလုံလောက်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြကြသည်။ ဤအချက်က ဆန်မဟုတ်သော အစားအစာများအတွက် ဈေးကွက်သို့ သွားရောက်ရေးတွင် ချုပ်ချယ်ကန့်သတ်မှုများရှိနေကြောင်း ဖော်ပြနေပြီး၊ ဖာဆောင်းမြို့နယ်ရှိ အိမ်ထောင်စု ၁၅% သာလျှင် အာဟာရလုံလောက်သော အစားအစာများကို စားရသည်ဟူသော အချက်နှင့် ကိုက်ညီနေပါသည်။ အလွန်အကျွံ ဖြေရှင်းနည်းများကျင့်သုံးမှုကို ကျောက်ကြီးမြို့နယ်မှာ အများဆုံးတွေ့ရသည်။ ဤမြို့နယ်၌ ဒုက္ခရောက်အလွယ်ဆုံးနှင့် ရိက္ခာမလုံခြုံမှု အပြင်းထန်ဆုံး ဖြစ်သည်ဟူသော အခြားညွှန်ပြကိန်းများ ဤအချက်က အားဖြည့်ပေးနေပါသည်။

## စာရင်း ၁၈။ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသတွင် အစားအစာပြတ်လပ်မှုအတွက် ရင်ဆိုင်ဖြေရှင်းမှု နည်းနာများ

| | ကျောက်ကြီး | ပုလော | ဖာပွန် | ဖာဆောင်း | ရေး | မိုင်းတုံ | လွှမ်းခြို |
|---|---|---|---|---|---|---|---|
| ပြီးခဲ့သည့်လက ရိက္ခာပြတ်လပ်မှု မရှိ | ၂ % | ၃၀ % | ၅၈ % | ၆ % | ၃၂ % | ၂၃ % | ၂၅ % |
| အကြွေးဖြင့်အစား အသောက်ဝယ်စား | ၅ % | ၄၉ % | ၂၃ % | ၂၇ % | ၄၉ % | ၂၂ % | ၂၉ % |
| ဈေးချိုအရည်အသွေး မကောင်းသည့်ရိက္ခာ ဝယ်စား | ၃၃ % | ၂၀ % | ၆ % | ၂၄ % | ၂၂ % | ၆၇ % | ၂၈ % |
| မိသားစု၊မိတ်ဆွေ များထံမှ ပံ့ပိုးမှုရရှိ | ၇ % | ၂၈ % | ၁၆ % | ၉၄ % % | ၉ % | ၁၈ % | ၂၈ % |
| စားသုံးမှု လျှော့ချ | ၉၂ % | ၂၀ % | ၂ % | ၁ % | ၀ % | ၁ % | ၁၉ % |
| ပိုင်ဆိုင်မှုများ ရောင်းချ | ၂ % | ၈ % | ၄ % | ၁၂ % | ၅ % | ၁ % | ၅ % |
| မစားမသောက်ဘဲ တနေ့လုံးနေ | ၁၃ % | ၂ % | ၀ % | ၃ % | ၀ % | ၀ % | ၃ % |

*“ကုလသမဂ္ဂ၏ တိုက်ရိုက် အားပေးမှုဖြင့် အများပါဝင်သော အမျိုးသား ရင်ကြားစေ့ရေးလုပ်ငန်း အောင်မြင်ရန် အလို့ငှာ ဒေါ်အောင်ဆန်းစုကြည်၊ အခြား ပါဝင်ပတ်သက်နေသောအဖွဲ့အစည်းများ၊ လူမျိုးစုအဖွဲ့များနှင့် စစ်မှန်သောဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် လိုအပ်သောအခြေအနေများ ဖန်တီးပေးရန် မြန်မာအစိုးရက ဆောင်ရွက်ပေးရန်လိုကြောင်း လုံခြုံရေးကောင်စီက … … … အလေးအနက်ထား ဖော်ပြလိုက်သည်။”*

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ သဘာပတိအဖွဲ့၏ ထုတ်ပြန်ကြေညာချက်၊ အောက်တိုဘာ ၁၁ ရက်၊ ၂၀၀၇ ခုနှစ်။ (S/PRST/2007/37)

အခန်း (၄)



သောက်ရေရရှိရာနေရာ၊ ဒီမောဆိုမြို့နယ်၊ (၂၀၁၀)ခုနှစ်၊ (KSWDC)

# မြန်မာနိုင်ငံအရှေ့ပိုင်းဒေသ နောက်ဆုံးအခြေအနေ

## ၄။ ၁။ ရှမ်းပြည်နယ် တောင်ပိုင်း


> *"လယ်သမားအများစုက ကိုယ့်စပါး (၄ပုံ၁ပုံ)ကိုပဲ ဝမ်းစာထားနိုင်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့၊ အခွန်အနေနဲ့ စစ်တပ်ကို (၄ပုံ၁ပုံ)၊ အလုပ်သမားနဲ့ ကျွဲ၄ွားစားရိတ်အတွက် (၄ပုံ၁ပုံ)၊ မြေဩဇာနဲ့ ပျိုးပင်လို အရင်းအနှီးတွေအတွက် (၄ပုံ၁ပုံ) ပေးလိုက်ရလို့ပါပဲ။"*
>
> ရှမ်းအမျိုးသားတဦး၊ လင်းခေးမြို့နယ်၊ (SRDC) ၏တွေ့ဆုံမေးမြန်းခန်း။ ဩဂုတ်လ၊ ၂၀၁၀ ခုနှစ်)

မြန်မာစစ်တပ်၏ အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို နယ်ခြားစောင့်တပ်အဖြစ်သို့အသွင်ပြောင်းလဲရေး အစီအစဉ်ကြောင့် လွန်ခဲ့သောနှစ်အတွင်းက ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် မတည်ငြိမ်မှုများ တိုး၍ဖြစ်ပွားလာခဲ့သည်။ သံလွင်မြစ်အနောက်ဘက်ခြမ်း ကွန်ဟိန်းမြို့ရှိ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) ၏ တပ်ရင်းက အသွင်ပြောင်းလဲရေးအစီအစဉ်ကို သဘောတူခဲ့သော်လည်း၊ ကျေးသီးမြို့ရှိ တပ်ရင်းကငြင်းဆန်ခဲ့သည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ တရုတ်နယ်စပ်နှင့် ထိုင်းနိုင်ငံနှင့်ဆက်စပ်နေသည့် တောင်ပိုင်းနယ်စပ်ရှိ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ကလည်း ဤအမိန့်ကို မနာခံဘဲနေခဲ့သည်။ မိုင်းတုံနှင့် မိုင်းဆတ်မြို့နယ်များရှိ လယ်သမားများက တိုက်ပွဲများမဖြစ်မီမှာ ကြိုတင်ပြင်ဆင်သောအားဖြင့် ပိုင်ဆိုင်မှုပစ္စည်းများနှင့် ကျွဲနွားတိရစ္ဆာန်များကို ရောင်းချမှုများ ပြုနေကြသည်။

မြန်မာစစ်တပ်သည် ကျေးရွာများကိုပါထိန်းချုပ်ထားနိုင်ရေးအတွက် လူမျိုးစုအရပ်သား လက်နက်ကိုင်တပ်ဖွဲ့များကို ပြည်သူ့စစ်တပ် (အဆွယ်အပွားတပ်များ)အဖြစ် တိုး၍တိုး၍ အသုံးချနေလျက်ရှိသည်။ လင်းခေးနှင့် မိုင်းကိုင်ရှိ ရှမ်းအရပ်သားလက်နက်ကိုင်ပြည်သူ့စစ်တပ်ဖွဲ့များ၏ အနိုင်ကျင့်ငွေတောင်းခြင်းနှင့် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းတို့သည် (၂၀၀၉) ခုနှစ်အတွင်းက အတင်းအဓမ္မ ရွှေ့ပြောင်းခဲ့ရသောကျေးရွာသားများ မိမိတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ရေးမှာ အဓိကအဟန့်အတားကြီးတခု ဖြစ်နေပါသည်။ ပအိုဝ့်အမျိုးသားအဖွဲ့ (PNO) သည်လည်း လွိုင်လင် နှင့် မောက်မယ်နယ်တို့၌ မြန်မာစစ်တပ်နှင့် ပူးတွဲတိုက်ကင်းလှည့်နေလျက်ရှိပြီး၊ ဒေသခံအရပ်သားလက်နက်ကိုင်တပ် သို့မဟုတ် ပုလိပ်တပ်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းလိမ့်မည်ဟု မျှော်လင့်ရသည်။ ထိုင်းနယ်စပ်တလျှောက်ရှိ ရှမ်းပြည်နယ်တောင်ပိုင်းတပ်မတော်နှင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) တို့ကို တိုက်ရေးအတွက် လားဟူအရပ်သားလက်နက်ကိုင်ပြည်သူ့စစ်တပ်ဖွဲ့များအား နောက်ထပ်တပ်သားသစ်များ ဆွဲသွင်းရန်လည်း ဖိအားပေးမှုများ လုပ်နေလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့တို့ကို ဆက်သွယ်သော (၃၆၁)ကီလိုမီတာအရှည် မီးရထားလမ်းဖောက်လုပ်ပြီးစီးသွားလျှင်လည်း ဤရထားလမ်းက မြန်မာစစ်တပ်၏တပ်များကို သယ်ယူပို့ဆောင်ပေးရေး နှင့် လူမျိုးစုအတိုက်အခံအဖွဲ့များကို ဝိုင်းပတ်ရေးတွင် အထောက်အကူပြုစေလိမ့်မည် ဖြစ်သည်။ မိုးနဲမြို့ပတ်ဝန်းကျင်မှာ စိုက်ပျိုးထားသော

# ရှမ်းပြည်နယ် တောင်ပိုင်း



TBBC
ပန်ယန်း
တရုတ်နိုင်ငံ
ကျေးသီး
မိုင်းရှူး
ရှမ်းပြည်တပ်မတော်–
မြောက်ပိုင်း
သံလွင်မြစ်
မိုင်းခတ်
မိုးကောင်း
ရှမ်းပြည်တပ်မတော်–
မြောက်ပိုင်း
ကွန်ဟိန်း
မိုင်းပင်း
ကျိုင်းတုံ
လဲချား
ပအိုဝ့်အမျိုးသား
အဖွဲ့ချုပ်
လွိုင်လင်
နမ့်ဆမ်
ရှမ်းပြည်နယ်
မိုင်းကုတ်
မိုးနဲ
မိုင်းဆတ်
လင်းခေး
မိုင်းပန်
မောက်မယ်
မိုင်းတုံ
ဆီဆိုင်
ဝပြည်သွေးစည်းညီညွတ်
ရေးတပ်မတော်
ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်
သံလွင်မြစ်
ထိုင်းနိုင်ငံ
ကရင်နီပြည်နယ်
၀ ၂၅ ၅၀
ကီလိုမီတာ
ပြောင်းရွှေ့ထွက်ပြေးရသည့်ကျေးရွာများ
စုစည်းကျေးရွာများ
တိုင်းစစ်ဌာနချုပ်
စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်
တပ်ရင်းဌာနချုပ်များ
ရှေ့တန်းစခန်းများ
ပြည်တွင်းဒုက္ခသည်စခန်းများ
နိုင်ငံတကာ နယ်နိမိတ်
ပြည်နယ်–တိုင်း နယ်နိမိတ်
မြစ်များ
ရထားလမ်းများ
လမ်းများ
ပုန်းအောင်းနေထိုင်ရာဒေသ
အပစ်အခတ်ရပ်စဲရေးဒေသ
လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်နေသော
ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ
သစ်ထုတ်လုပ်ရေး
စိုက်ပျိုးရေးစီမံကိန်းများ
တာတမံတည်ဆောက်ခြင်း
သတ္တုတွင်းတူးဖော်ခြင်း
လမ်းဖောက်လုပ်ခြင်း
ရထားလမ်းဖောက်လုပ်ခြင်း
N

မြေနိမ့်ပိုင်းစိုက်ခင်းများ၏ ၁၃%နီးပါး မြေများအပါအဝင် လယ်ယာမြေကေထောင်ပေါင်းများစွာ ဤ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကြောင့် သိမ်းယူခံခဲ့ရသည်။ တောင်သူများက ဆောင်းရာသီ ပဲပုပ် သီးနှံများ၏ တန်ဖိုး ကျပ်ငွေ (၂၅)သန်းနီးပါး (အမေရိကန်ဒေါ်လာ ၂၅,၀၀၀) ဆုံးရှုံးခဲ့ရပြီး၊ ၎င်းတို့၏ စောဒကတတက်တိုင်တန်းချက်များအပေါ်တွင်လည်း အာဏာပိုင်များက ထောင်ချပစ်မည်ဟူသော ခြိမ်းခြောက်မှုဖြင့်သာ တုံ့ပြန်ခဲ့သည်။ [၃၉]

လွန်ခဲ့သောနှစ်အတော်များများအတွင်းကဆိုလျှင် တောင်သူလယ်သမားတို့၏ စားဝတ်နေရေးဆိုင်ရာ အဓိကပြဿနာများကား လုပ်အားပေးသွားနေရ၍ ဝင်ငွေဆုံးရှုံးရခြင်း၊ လယ်ယာများထဲသို့ သွားလာခွင့်ချုပ်ချယ်ကန့်သတ်ခံရခြင်း၊ လက်နက်ကိုင်အဖွဲ့များ၏ အနိုင်ကျင့်ငွေတောင်းခြင်းတို့ ဖြစ်သည်။ သို့ရာတွင် လွန်ခဲ့သောနှစ်အတွင်းကမူ ရှမ်းပြည်နယ်တောင်ပိုင်းတကြောလုံးတွင် စားဝတ်နေရေးသည် ပို၍ပင်ခက်ခဲလာခဲ့သည်။ အကြောင်းမှာ ဆယ်စုနှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံးမိုးခေါင်ခဲ့ပြီး၊ အင်းလေးကန်နှင့် အဓိကမြစ်ကြီးများတွင် ရေသိသိသာသာ နိမ့်ဆင်း သွားသောကြောင့် ဖြစ်သည်။ ရေသွင်းရေးစနစ်များကလည်း ညံ့ဖျင်း၊ လယ်ကွက်များကလည်း မိုးရေမရဘဲရှိခဲ့ရာ ကျေးရွာသားများ၏ရိက္ခာလုံခြုံရေးမှာ အကြီးအကျယ်ထိခိုက်ခဲ့သည်။ မြို့နေ လူထုများမှာလည်း ဆန်ဈေးနှုန်း ကြီးမြင့်မှုဒဏ်ကို ခံစားခဲ့ကြရလေသည်။

ဤကဲ့သို့သော မတည်ငြိမ်သည့်အခြေအနေ၌ လူဦးရေ (၂၉,၀၀၀)ကျော်ခန့်သည် လွန်ခဲ့သောနှစ် အတွင်းက မိမိတို့၏နေအိမ်များမှနေ၍ စွန့်ခွာခဲ့ရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ပြည်တွင်း ဒုက္ခသည် (internally displaced persons) (၁၂၈,၀၀၀) ကျော် ရှိနေဆဲဖြစ်သည်ဟု ခန့်မှန်းရ ပါသည်။ ဤဦးရေသည် လွန်ခဲ့သောနှစ်ကဦးရေနှင့်စာလျှင် အနည်းငယ်လျော့နည်းပါသည်။ ဤသို့လျော့နည်းသွားရခြင်း၏အဓိကအကြောင်းရင်းမှာ အစိုးရအုပ်ချုပ်သော စုစည်းကျေးရွာများ တွင် သွားလာခွင့်ချုပ်ချယ်ကန့်သတ်မှုများကို ခံနိုင်ရည်မရှိကြတော့ဘဲ ရွာသားများ ထွက်ပြေး ပျောက်ကွယ်သွားကြခြင်းကြောင့် ဖြစ်ပါသည်။

[39] Shan Women's Action Network and the Shan Human Rights Foundation, August 2010, "Burma army Tracks Across Shan State"

## ၄။ ၂။ ကရင်နီပြည်နယ်

*“ရွေးကောက်ပွဲပြီးသွားရင် တောနယ်တွေကို ရှင်းလင်းဖို့ ထိုးစစ်ကြီးတွေ ဖြစ်လိမ့်မယ်လို့ ကျမတို့ရွာကလူတွေ မျှော်လင့်ထားကြတယ်။ စစ်တပ်က အကုန်လိုက်ရှာပြီး၊ တွေ့သမျှတွေကို ဖျက်ဆီးပစ်မှာဆိုတော့ ကျမတို့ကတောထဲကို ကြိုပြီးပြေးထားကြတယ်။”*
ကရင်နီအမျိုးသမီး တဦး၊ ဖရူဆိုးမြို့နယ်၊ (KSWDC) ၏တွေ့ဆုံမေးမြန်းခန်း။ ဇွန်လ၊ ၂၀၁၀ ခုနှစ်။

(နအဖ) စစ်အစိုးရကထုတ်ပြန်သည့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို နယ်ခြားစောင့်တပ်အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရေးအမိန့်တွင် တပ်ရင်းတရင်းလျှင် လူအင်အား (၃၀၀)ကျော်ရှိရမည်ဟု သတ်မှတ်ထားသည်။ ကရင်နီပြည်နယ် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) နှင့် အခြားအဖွဲ့ငယ်တခုဖြစ်သော ကရင်နီအမျိုးသားဒီမိုကရေစီပါတီ (ခေါ်) နဂါးအဖွဲ့တို့ ပူးပေါင်းလိုက်ကြပြီး၊ မဲ့စက်နှင့် ဘောလခဲမြို့နယ်တို့၌ တပ်ရင်း (၂)ရင်းအဖြစ် ခွဲ၍ဖွဲ့လိုက်ကြသည်။ ထိုနယ်မြေဒေသရှိ ကျေးရွာသားများအဖို့ လတ်တလောထိခိုက်နစ်နာရမှုကား စစ်စခန်းသစ်များဆောက်ပေးရန် အတင်းအဓမ္မ လုပ်အားစေခိုင်းမှုဒဏ်ကို တိုး၍ခံရခြင်းပင် ဖြစ်ပါသည်။

တပ်ရင်းအသီးသီးထဲသို့ (နအဖ)အရာရှိ(၆၀)ကို ထည့်သွင်းပြီးနောက်မှာ တပ်သားအချို့ တပ်မှ ထွက်ပြေးနေကြသော်လည်း နယ်ခြားစောင့်တပ်ဖွဲ့များရှိ လူမျိုးစုခေါင်းဆောင်များကမူ ၎င်းတို့ကိုယ်ကျိုးအတွက် သစ်ခုတ်ခြင်းနှင့် သတ္တုတွင်းလုပ်ငန်း လုပ်ပိုင်ခွင့်များရရှိရေးအတွက် အပြင်းအထန် ဆက်လက်လုံးပမ်းနေကြသည်။ သို့ရာတွင် လူမျိုးစုခေါင်းဆောင်များ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးမှ အခွန်ကောက်ခံခွင့်အာဏာသည် (၂၀၁၀) ခုနှစ်၊ ဩဂုတ်လတွင် ကန့်သတ်ခံရ၍ ယုတ်လျော့သွားခဲ့သည်။ အခြားသော စီးပွားလုပ်ငန်းလုပ်ရန် အခွင့်အလမ်းများလည်း ယုတ်လျော့သွားနိုင်သည့် သဘောဖြစ်သည်။


ကရင်နီအမျိုးသားသွေးစည်းညီညွတ်ရေးအဖွဲ့ (KNSO) သည် နယ်ခြားစောင့်တပ်တပ်ရင်းတခု ဖွဲ့နိုင်လောက်အောင် အင်အားမရှိသော်လည်း ဖရူဆိုးမြို့နယ်နှင့် ဖာဆောင်းမြို့နယ်တို့တွင် (နအဖ) စစ်အစိုးရအမိန့်အောက်က အရပ်သားလက်နက်ကိုင်အဖွဲ့တဖွဲ့အဖြစ် လှုပ်ရှားနေလျက်ရှိသည်။ မော်ချီး–တောင်ငူလမ်း ပြန်လည်ဖောက်လုပ်ရေးနှင့် သတ္တုတွင်းလုပ်ငန်း လုပ်ခွင့်ရရှိရေးတို့အတွက် (နအဖ– ကေအဲန်အက်စ်အို) ပူးတွဲတိုက်ကင်းများသည် ကျေးရွာပေါင်း (၃၀) တွင် လှုံ့ဆော်ရေးဆောင်ရွက်နေပြီး၊ အရပ်သားပြည်သူများ သွားလာခွင့်ကိုကန့်သတ်ချုပ်ချယ်ခြင်း၊ ချွေးတပ်ဆွဲခြင်း၊ ရွာများကိုမောင်းထုတ်မည် တကဲကဲခြိမ်းခြောက်ခြင်းများ ပြုနေကြသည်။ (KNSO) သည် ရန်ပုံငွေများကို အနိုင်ကျင့်တောင်းနေသည့်အပြင်၊ နယ်ခြားစောင့်တပ်ဖွဲ့ရေးအတွက် အင်အားတိုးအောင် ရွာသားများကိုတပ်ထဲသို့ ဆွဲသွင်းနေလျက်ရှိသည်။

သွားလာခွင့်ကန့်သတ်ချုပ်ချယ်မှုများသည် အနှံ့အပြားဖြစ်နေကာ၊ ရှားတောနှင့် လွိုင်ကော်မြို့နယ်များ၌ မြန်မာစစ်တပ်က တိုက်ရိုက်ချမှတ်နေလျက်ရှိသည်။ (နအဖ) စစ်အစိုးရ၏ တပ်ဖွဲ့များ 'ကိုယ်ထူကိုယ်ထ' ရပ်တည်ရေး မူဝါဒအရ အမိန့်ဆင့်ကာ ရွာသားများထံမှရိက္ခာများကို တောင်းယူစားသုံးနေသည့်အပြင်၊ ခြေမြန်တပ်ရင်း (၅၁၇) နှင့် ခြေလျင်တပ်ရင်း (၇၂) တို့သည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ တပ်များက တိုက်ခိုက်လာခြင်းကို လက်တုံ့ပြန်သောအားဖြင့် ကျေးရွာလူထုများထံမှ ပစ္စည်းများကိုလည်း အနိုင်ကျင့်တောင်းယူခဲ့သည်။

ဘီလူးချောင်းရှိ လောပိတရေအားလျှပ်စစ်စက်ရုံသည် ဆယ်စုနှစ်ပေါင်းများစွာ ကတည်းက နယ်ခံကျေးရွာများ၏ မြေများကိုသိမ်းယူကာ တည်ဆောက်ထားခြင်း ဖြစ်သည်။ တည်ဆောက်ပြီးစီး ကတည်းက ယခုအချိန်အထိ နယ်ခံကျေးရွာများအား လျှပ်စစ်ဓါတ်အားမျှဝေပေးခြင်း မရှိခဲ့ချေ။ ယခုအခါ၌ တိုင်းပြည်အာဏာပိုင်များက သံလွင်မြစ်ပေါ်၌လည်းကောင်း၊ ပွန်ချောင်းနှင့် ဘီလူးချောင်း မြစ်ဆုံ၌လည်းကောင်း နောက်ထပ် ရေအားလျှပ်စစ်ဆည်များတည်ဆောက်ရန် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်လုပ်ငန်းများလုပ်ရန်ကြံဆောင်နေလျက်ရှိသည်။ တိုင်းတာစစ်ဆေးမှု များကို (၂၀၁၀) ခုနှစ်၊ ဇန်နဝါရီလကစတင်ခဲ့သော်လည်း (နအဖ) စစ်အစိုးရသည် ပတ်ဝန်းကျင် နယ်မြေလုံခြုံရေးနှင့် ရှင်းလင်းရေးအတွက် နောက်ထပ် စစ်တပ်ဖွဲ့များကို တိုးချဲ့ချထားနှင့်ပြီး ဖြစ်နေကာ၊ သစ်ခုတ်ခွင့်များကိုလည်း ချပေးပြီးဖြစ်နေသည်။ ကရင်ပြည်နယ်မှာ ဆည်ဆောက်လုပ် လိုက်ပါက ဖာဆောင်းမြို့နယ်၏ သံလွင်မြစ်ကမ်းတလျှောက်ကျေးရွာများ ရေမြုပ်သွားလိမ့်မည်ဖြစ်ပြီး၊ မြစ်ညာပိုင်းရှိ ကျေးရွာများ၏ အသက်မွေးဝမ်းကျောင်းမှုများကိုလည်း ခြိမ်းခြောက်နေလျက် ရှိပါသည်။

ကရင်နီပြည်နယ်ရှိ ပြည်တွင်းဒုက္ခသည်ဦးရေသည် (၂၀၀၉) ခုနှစ်မှာ စစ်တမ်းကောက်ယူခဲ့သော ဦးရေနှင့်စာလျှင် သိသိသာသာလျော့နည်းသွားသည်ဟု ခန့်မှန်းရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် နယ်ခြားစောင့်တပ်များဖွဲ့ပြီးကတည်းက အပစ်အခတ်ရပ်စဲရေးအဖွဲ့များ၏ အာဏာ လျော့ပါးသွားသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ပြည်တွင်းဒုက္ခသည် ဦးရေခန့်မှန်းချက် လျော့သွားခြင်းသည် အိုးအိမ်အခြေပျက်ခဲ့သောကျေးရွာများအဖို့ မိမိတို့၏ နေရပ်ရင်းသို့ပြန်နေ ကြခြင်း၊ သို့မဟုတ် အခြားတနေရာရာမှာပြန်လည်အခြေချရန် အခွင့်အလမ်းများတိုးလာခြင်းကြောင့် ဖြစ်သည်ဟုတော့ မဆိုလိုနိုင်ချေ။ လက်ရှိအချိန်မှာ ပြည်တွင်းဒုက္ခသည် ဦးရေ ခန့်မှန်းရေး နည်းလမ်းများ အကန့်အသတ်ရှိနေခြင်းကြောင့်သာ ဖြစ်နိုင်ပါသည်။

# ကရင်နီပြည်နယ်



TBBC
အင်းလေးကန်
ကာလလတ
ဖယ်ခုံ
ရှမ်းပြည်နယ်
လွိုင်ကော်
ကာလလတ
ဒီမောဆိုး
ရှားတော
ရှမ်းပြည်နယ်
ဖရူဆိုး
ကာလလတ
ကရင်နီပြည်နယ်
ကာလလတ
ပိုင်းမြစ်
ဘောလခဲ
သံတောင်
ထိုင်းနိုင်ငံ
မော်ချီး
ဖာဆောင်း
မဲ့စက်
ကာလလတ
ကရင်ပြည်နယ်
မုန်း
၀
၂၅
၅၀
ကီလိုမီတာ
ပြောင်းရွှေ့ထွက်ပြေးရသည့်ကျေးရွာများ
စုစည်းကျေးရွာများ
စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်
တပ်ရင်းဌာနချုပ်များ
ရှေ့တန်းစခန်းများ
ဒုက္ခသည်စခန်း
လမ်းများ
ရထားလမ်းများ
မြစ်များ
နိုင်ငံတကာ နယ်နိမိတ်
ပြည်နယ်–တိုင်း နယ်နိမိတ်
အပစ်အခတ်ရပ်စဲရေးဒေသ
ပုန်းအောင်းနေထိုင်ရာဒေသ
လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေသော ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ
တာတမံတည်ဆောက်ခြင်း
သတ္တုတွင်းတူးဖော်ခြင်း
စိုက်ပျိုးရေးစီမံကိန်းများ
သစ်ထုတ်လုပ်ရေး
လမ်းဖောက်လုပ်ခြင်း
N

## ၄။ ၃။ ကရင်ပြည်နယ် မြောက်ပိုင်းဒေသများ

*"ကျနော်တို့ရွာကို ဗမာစစ်တပ်လာသွားတယ်။ ကျနော်တို့အိမ်တွေနဲ့ စပါးခင်းတွေကို ဖျက်ဆီးပစ်ပြီး၊ နေရာအနှံ့ မိုင်းတွေထောင်သွားခဲ့တယ်။ ဒီတော့ ကျနော်မပြန်ရဲတော့ဘူး။ သိမ်းထားတဲ့ စားစရာတွေ ကုန်သွားလို့ စားစရာမရှိတော့ဘူးဆိုရင်၊ ကျနော်တော့ ဒုက္ခသည်စခန်းကို သွားမှာပဲ။"*


ကရင်အမျိုးသားတဦး၊ ဖာပွန်မြို့နယ်၊ (KORD) ၏တွေ့ဆုံမေးမြန်းခန်း။ နိုဝင်ဘာလ၊ ၂၀၀၉ ခုနှစ်

တောင်ကုန်းထူထပ်သော ကရင်ပြည်နယ်မြောက်ပိုင်းနှင့် ပဲခူးတိုင်း အရှေ့ခြမ်းတို့သည် မြန်မာနိုင်ငံမှာ တိုက်ပွဲဖြစ်ပွားမှု အများဆုံးနယ်မြေဟု ဆိုနိုင်ပါသည်။ ဖာပွန်မြို့နယ်နှင့် သံတောင်မြို့နယ်တို့အတွင်းရှိ ကျေးရွာအုပ်စုတဝက်ကျော်လောက်ကို လာမည့်ရွေးကောက်ပွဲတွင် မဲပေးခွင့်ပြုမည်မဟုတ်ကြောင်း (နအဖ) စစ်အစိုးရ၏ ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာလအတွင်းမှာ ထုတ်ပြန်ကြေညာခဲ့သည်။ သည်ကြားထဲ၊ မြန်မာစစ်တပ်၏ သောင်းကျန်းသူသူပုန်နှိမ်နင်းရေး မဟာဗျူဟာအရ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ကို နှိမ်နင်းချေမှုန်းရေးအတွက် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေများကို ချိုးဖောက်ကာ၊ အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်နေပါသည်။

(၂၀၀၉)ခုနှစ်၊ ဩဂုတ်လမှ (၂၀၁၀)ခုနှစ် ဇူလိုင်လအတွင်းမှာ ဖာပွန်၊ သံတောင်နှင့် ကျောက်ကြီးမြို့နယ်တို့၌ လူပေါင်း (၂၈,၀၀၀) ကျော်တို့ အိုးမဲ့အိမ်မဲ့ ထွက်ပြေးပြောင်းရွှေ့ခဲ့ရသည်ဟု ခန့်မှန်းရပါသည်။ ဤကာလအတွင်း၊ မြန်မာစစ်တပ်၏ တိုက်ကင်းများရောက်လာခဲ့ခြင်းကြောင့် အနည်းဆုံး ကျေးရွာ (၉၅)ရွာ၊ သို့မဟုတ် ပုန်းအောင်းရာနေရာများ မီးရှို့ပြာကျခြင်း၊ အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း၊ သို့မဟုတ် စွန့်ပစ်ထားခံရခြင်းတို့ ရှိခဲ့ပါသည်။ ဤကဲ့သို့ အိုးအိမ်အခြေပျက်ခြင်းသည် ဝေးလံသီခေါင်သော တောင်ကုန်းများနှင့်တောများထဲတွင် အများဆုံးဖြစ်ပွားခဲ့သည်။ ထိုနေရာများ၌ လူပေါင်း (၆၉,၀၀၀) ကျော်တို့ ပုန်းအောင်းနေကြသည်ဟု ခန့်မှန်းရပြီး၊ (၂၀၁၀) ခုနှစ်၏ ပထမ (၆)လအတွင်းမှာ အရပ်သား (၁၃)ဦးကို မြန်မာစစ်တပ်က သတ်ဖြတ်ခဲ့သည်။ ကျောက်ကြီးမြို့အရှေ့ဘက်နှင့် သံတောင်မြို့မြောက်ဘက် တောင်ကုန်းနယ်မြေများတွင် လွှန်ခဲ့သော ခြောက်သွေ့ရာသီအတွင်းက အရပ်သားများ နေထိုင်ရာနေရာများကို ရှာဖွေကာ၊ စားဝတ်နေရေး ပစ္စည်းများကို ဖျက်ဆီးပစ်ခြင်းသည် အထူးထိခိုက်နစ်နာဖွယ်ရာအကြောင်း ဖြစ်ပါသည်။

မြေပြန့်နယ်မြေများ၌ကျေးရွာများသည် (နအဖ) စစ်အစိုးရအာဏာပိုင်များနှင့် ပို၍နီးနေသည်ဖြစ်ရာ၊ ကျူးလွန်နေကျ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပို၍ကြုံတွေ့ရလေသည်။ ကျေးရွာများသည် နယ်မြေကင်းစခန်းများအတွက် ဆက်သားလွှတ်ပေးရခြင်း၊ ရိက္ခာသယ်ယူပို့ဆောင်ပေးရခြင်း၊ စစ်တန်းလျားများပြုပြင်ပေးရခြင်း၊ တောက်တိုမယ်ရခိုင်းခြင်းပြုနိုင်အောင် နေ့စဉ်အလုပ်သမား ၃ ဦးမှ ၈ ဦးအထိ ပို့ဆောင်ပေးကြရလေ့ရှိသည်။ စစ်တောင်းမြစ်ကြောင်းတလျှောက်၌ နယ်မြေစစ်တပ်၏ ရိက္ခာဖိုးထောက်ပံ့ရန် အိမ်ထောင်စုတစုလျှင် လစဉ်ကျပ် (၁,၅၀၀) ပေးဆောင်ရန်လည်း အနိုင်ကျင့်၍

# ကရင်ပြည်နယ် မြောက်ပိုင်းဒေသများ



စစ်တပ်က တောင်းခံနေပါသည်။ ကုန်သွယ်ခြင်းနှင့်ပတ်သက်သော ကန့်သတ်ချုပ်ချယ်မှုများသည် တောင်ငူမှ ဘောဂလိကြီး–ကလားလဲသို့သွားသော လမ်းတလျှောက်တွင် အဆိုးရွားဆုံးဖြစ်သည်။ ထိုလမ်း၌ စစ်ဆေးရေးစခန်း (၁၃) ခုက မြေပြန့်နှင့်တောင်ပေါ်ဒေသအကြားတွင် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နေသောကုန်တင်ကားတစီးလျှင် ကျပ် (၂၀၀,၀၀၀) အထိ တောင်းယူသည်။ ကျောက်ကြီးမြို့အနီးရှိ အေးနဲ (Aye Neh) ဟုခေါ်သော အစိုးရထိန်းချုပ်ရာနယ်မြေထဲသို့ လူပေါင်း (၇,၀၀၀) ကို မောင်းသွင်းခဲ့ရာ ဤမြို့နယ် (၄)မြို့နယ်ရှိ စုစည်းကျေးရွာများ၏ ပြည်တွင်းဒုက္ခသည် ဦးရေသည် (၂၉,၀၀၀) အထိ တိုးလာခဲ့သည်။

ဖာပွန်မြို့နယ်တောင်ပိုင်း၌ ယခင်ကနယ်ခံရွာသားများ ရွှေရှာခဲ့သောရွှေတွင်းများကို တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) က (၂၀၀၉) ခုနှစ်၊ နိုဝင်ဘာလမှာ သိမ်းယူခဲ့ သည်။ ပတ်ဝန်းကျင်နယ်မြေလုံခြုံရေးအတွက် (DKBA) က စစ်ဆေးရေးစခန်းသစ်များဆောက်ခြင်း၊ လုပ်ကွက်ဆက်သွယ်ရေးလမ်းများဖောက်ခြင်း၊ မြေမြှုပ်မိုင်းများထောင်ထားခြင်း၊ သွားလာရေး ကန့်သတ်ချုပ်ချယ်မှုများချမှတ်ခြင်း ပြုခဲ့သည်။ အကျိုးဆက်အဖြစ် ရွာသားများအဖို့ ရွှေတွင်းများ သာမကဘဲ လယ်ကွက်ပေါင်း (၅၀) နှင့် ရေသွယ်မြောင်းများပါ ဆုံးရှုံးခဲ့ရသည်။


သံလွင်မြစ်ကြောင်းတလျှောက်မှာ တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းဆည်ကြီးများက အနာဂတ်မျိုးဆက်များကို ခြိမ်းခြောက်နေလျက်ရှိစဉ်မှာပင် ရွှေကျင်မြစ်ပေါ်မှာတည်ဆောက်သော ကျောက်နဂါးဆည်က (၂၀၁၀) ခုနှစ်၊ နှစ်ဆန်းပိုင်းမှာ ပြီးစီးသွားခဲ့သည်။ ရေလှောင်ကန်ကြီးကြောင့် မြစ်ညာပိုင်းရှိ စိုက်ပျိုးမြေဧက (၇၆၀)ကျော် ရေမြုပ်သွားခဲ့ပြီး၊ ဒေသခံပြည်သူများမှာ မည်သည့် လျော်ကြေးမျှလည်း မရရှိခဲ့ချေ။ အလားတူပင် ဒေးလို (ခေါ်) သောက်ရေခပ်မြစ်ပေါ်မှာ ဆည်တည်ဆောက်ရန် အစီအစဉ်ကြောင့် နောက်ထပ် (နအဖ) စစ်အစိုးရတပ်များချထားခြင်း၊ လမ်းဖောက်လုပ်ခြင်း နှင့် သစ်ခုတ်လုပ်ငန်းလုပ်ခြင်းတို့ ရှိလာကာ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း များကို ထိခိုက်စေခဲ့ပြီဖြစ်ပါသည်။

## ၄။ ၄။ ကရင်ပြည်နယ် အလယ်ပိုင်းဒေသများ

*"ကျမတို့ရွာနားမှာ (နအဖ) စစ်တပ်နဲ့ (ကေအင်ယူ) တပ်တွေ တိုက်ပွဲဖြစ်ပြီးတဲ့နောက်မှာ (နအဖ) စစ်တပ်က ကျမတို့ကို ရွာပြောင်းရမယ်လို့ အမိန့်ပေးပါတယ်။ မပြောင်းရင် အကုန်မီးရှို့ ပစ်မယ်လို့ ပြောတယ်။ ဒါနဲ့၊ တခြားရွာတွေဆီ ပြောင်းတဲ့လူကပြောင်း၊ တောထဲပြေးတဲ့လူကပြေးနဲ့ ဖြစ်ကုန် ကြတယ်။ တချို့လူတွေက ပြန်လာနေဖို့ ကြိုးစားကြတယ်။ ဒါပေမယ့် ပြန် ပြေးရတာပါပဲ။"*

ကရင်အမျိုးသမီးတဦး၊ ကျောက်ကြီးမြို့နယ်၊ (CIDKP) ၏ တွေ့ဆုံမေးမြန်းခန်း။ ဇွန်လ၊ ၂၀၁၀ ခုနှစ်

# ကရင်ပြည်နယ် အလယ်ပိုင်းဒေသများ



ရွေးကောက်ပွဲနှင့် အပစ်ရပ်အဖွဲ့များအား နယ်ခြားစောင့်တပ်ဖွဲ့အဖြစ်သို့ပြောင်းလဲဖွဲ့စည်းရန် (နအဖ) စစ်အစိုးရ၏ဖိအားပေးမှုကြောင့် ကရင်နိုင်ငံရေးအဖွဲ့အစည်းများ အချင်းချင်းမဟာမိတ်ဖွဲ့မှုများ မမျှော်လင့်ဘဲ တိုးလာခဲ့သည်လား မဆိုနိုင်ချေ။ ရွေးကောက်ပွဲဝင်မည့် အဓိကပါတီကြီးများက မဲဆန္ဒနယ်တခုထဲမှာ အချင်းချင်းယှဉ်ပြိုင်ခြင်းမပြုကြရန် သဘောတူထားကြသည်။ ထိုအချိန်မှာပင် **(KNU/KNLA)** ငြိမ်းချမ်းရေးကောင်စီနှင့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **(DKBA)** ၏ အဓိကအုပ်စုတို့က (နအဖ) စစ်အစိုးရ၏ အမိန့်ကိုမနာခံဘဲနေကြသည့်အပြင်၊ ကရင်အမျိုးသားအစည်း အရုံး **(KNU)** နှင့် အဆက်အသွယ်များ ပို၍လုပ်ဆောင်လာခဲ့ကြသည်။

နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်၍ **(DKBA)** ထဲမှာ အကွဲအပြဲဖြစ်ခဲ့သည်။ မြဝတီမြို့ မြောက်ဘက်ရှိ တပ်မဟာ (၉၉၉) က ပြောင်းလဲဖွဲ့စည်းရေးကိုသဘောတူခဲ့ပြီး၊ မြို့တောင်ဘက်ရှိ တပ်မဟာ (၅) ကမူ သဘောမတူခဲ့ချေ။ မြောက်ပိုင်းခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်အပေါ်မှာ စီးပွားရေးမက်လုံးများက လွှမ်းမိုးနေဟန်ရှိပါသည်။ သို့ရာတွင် မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ (နအဖ) စစ်တပ်၏ အမိန့်ကိုနာခံခဲ့သည်သာ ဖြစ်ပါသည်။ **(DKBA)** စစ်သားများက မိမိတို့၏ တပ်ဖွဲ့များမှနေ၍ ထွက်ပြေးသွားသည်ဖြစ်စေ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** နှင့် တိုက်ပွဲဖြစ်ပွားသည်ဖြစ်စေ၊ **(DKBA)** နှင့် (နအဖ) စစ်အစိုးရတို့က နယ်မြေဒေသထဲမှာ မိမိတို့၏အာဏာစက်ခိုင်မြဲအောင် ရွာသားများအား လက်တုံ့ပြန်ခဲ့သည်ချည်းဖြစ်သည်။ (နအဖ) စစ်အစိုးရနှင့် အတူလိုက်ပါကာ၊ **(DKBA)** ၏ တပ်မဟာ (၉၉၉) သည် (၂၀၁၀) ခုနှစ်၊ မတ်လ အတွင်းက ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာ (၂) ရွာမှလူများကို ရွာလုံးကျွတ်မောင်းထုတ်ခဲ့သည်။ ထို့နောက် မေလကုန်တွင် လှိုင်းဘွဲ့မြို့နယ်ရှိ၊ ရွာ (၃) ရွာမှ အိမ်များကိုလည်း မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။ **(DKBA)** နှင့် (နအဖ) စစ်တပ်တို့၏ ပူးတွဲစစ်ဆင်ရေးနှင့် မိုးဦးခေါင်ခြင်းတို့ကြောင့် ကျေးရွာလူထုများသည် မိမိတို့၏လယ်ယာများနှင့် ဥယျာဉ်ခြံများကို စွန့်ခွာပြောင်းရွှေ့ခဲ့ကြရသည်။

လွန်ခဲ့သောနှစ်အတွင်းမှာ လှိုင်းဘွဲ့မြို့နယ်၌ ပြည်တွင်းဒုက္ခသည်ဖြစ်သွားခဲ့ရသူ ကျေးရွာလူထု (၁,၀၀၀) ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ သည်ကြားထဲ (၂၀၁၀) ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ထိုင်းနိုင်ငံအတွင်း ယာယီနေထိုင်ရာ နေရာများမှနေ၍ နောက်ထပ်လူထု (၂,၀၀၀) ခန့်သည် ပြည်တွင်းသို့ ပြန်ပို့ခံခဲ့ရသည်။ ဤပြန်ပို့ခံသူများသည် (၂၀၀၉) ခုနှစ်၊ ဇွန်လအတွင်းက **(DKBA)** ၏ တိုက်ခိုက်မှုကြောင့် ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးသွားခဲ့သော လူပေါင်း (၄,၀၀၀) ထဲမှ အုပ်စုတစု ဖြစ်သည်။ ထိုင်းအာဏာပိုင်များက ယာယီတဲများကိုဖျက်သိမ်းပေးရန် ဖိအားပေးလာသောအခါ၌ ဤ ဒုက္ခသည်များအနက်မှ တဝက်သည် တရားဝင်ဒုက္ခသည်စခန်းတခုထဲသို့ ပြောင်းရွှေ့သွားသူကသွား၊ ထိုင်းကျေးရွာများထဲသို့ ခိုးဝင်ပြောင်းရွှေ့သွားသူသွားနှင့် ဖြစ်ကုန်ခဲ့ကြသည်။ အခြားတဝက်က လုံခြုံမှုမရှိသည့် ကြားကပင် လှိုင်းဘွဲ့မြို့နယ်ထဲသို့ ပြန်သွားခဲ့ကြခြင်း ဖြစ်သည်။

မြဝတီနှင့် ကော့ကရိတ်မြို့နယ်တို့၌ (နအဖ) စစ်အစိုးရနှင့် **(DKBA)** ၏ တပ်မဟာ (၅) တို့ တိုက်ပွဲဖြစ်ကြမည်ကိုစိုးရိမ်ကာ ကျေးရွာလူထုများက ကြို၍နေအိမ်များကို စွန့်ခွာသွားခဲ့ကြသည်။ (၂၀၁၀) ခုနှစ်၊ ဇွန်လအကုန်လောက်က မြဝတီမြို့တောင်ဘက်မှ ကျေးရွာသား (၁,၀၀၀) ခန့်သည်

လုံခြုံမှုမရှိသည့်နေရာများမှနေ၍ နယ်စပ်သို့ပြောင်းရွှေ့သွားခဲ့ကြသည်။ အိုးအိမ်အခြေပျက်မှုကြောင့် အကျပ်အတည်းတွေ့နေရစဉ်မှာပင် ရေပြည့်နေသည့်မြစ်ထဲမှာ လှေဖြင့်သွားရင်း လှေနစ်ပြီးကလေးသူငယ် (၃)ယောက် ရေနစ်သေဆုံးခဲ့ရသည်။ ထိုင်းနိုင်ငံထဲမှာ ခိုလှုံရာရှာသူများသည် ကြိုဆိုခြင်းမခံခဲ့ရသဖြင့် နေရပ်ရင်းသို့ပြန်သွားကြပြီး မြဝတီမြို့နယ်၏ တောတောင်များထဲမှာ တိုက်ပွဲဖြစ်လာမည့်အရေးကို စောင့်ကြည့်နေကြရခြင်းဖြစ်ပါသည်။ အလားတူပင်၊ ကော့ကရိတ်မြို့နယ်ရှိ (KNU/KNLA) ငြိမ်းချမ်းရေးကောင်စီ၏ ဌာနချုပ်အနီးအနားမှာနေထိုင်နေကြသော အရပ်သား (၅,၀၀၀) ခန့်သည်လည်း တိုက်ပွဲများဖြစ်လာမည့်အလားအလာကို စက်တင်ဘာလအတွင်းက ကြိုသိထားကြကာ၊ ထိုင်းနိုင်ငံထဲရှိ ဒုက္ခသည်စခန်းများသို့ ဝင်ပြေးရန် ပြင်ဆင်နေကြသည်။

လက်နက်ကိုင် တိုက်ပွဲများ ဖြစ်ပွားခြင်း မရှိပဲ ဆိုလျှင်ပင်၊ နိုင်ငံရေး မတည်ငြိမ်မှုကြောင့် သွားလာရေးကန့်သတ်ချုပ်ချယ်မှုများ ပိုဆိုးလာခြင်းနှင့် မြေမြှုပ်မိုင်းအန္တရာယ်ကို တွေးကြောက်ရခြင်းများ ရှိနေပါသည်။ ကျေးရွာသားများအဖို့ မိမိတို့၏လယ်ယာများကို သွားရောက်လုပ်ကိုင်ရေးတွင် ပို၍ခက်ခဲလာခဲ့ကာ၊ ဤအခြေအနေကြောင့် လာမည့်နှစ်တွင် ရိက္ခာလုံခြုံရေးပြဿနာများ တိုး၍ရင်ဆိုင်ရမည် ဖြစ်ပါသည်။

## ၄။ ၅။ မွန်ဒေသများ

> *“ဇမာစစ်တပ်က အနီးအနားတဝိုက်မှာ မွန်ခွဲထွက်အုပ်စုရှိနေတယ်လို့ ကြားတော့၊ ကျမတို့ရွာသားတွေကို အနည်းဆုံး တလ ရွာထဲကနေ အပြင်မထွက်ရဘူးလို့ ပိတ်ထားတယ်။ တခါတလေတော့ မနက် (၆) နာရီကနေ ညနေ (၅) နာရီအထိ ထွက်လို့ရပါတယ်။ ဒါပေမယ့် ရွာအပြင်ကို စားစရာယူသွားလို့မရဘူး။ ညအိပ် နေလို့မရဘူး။ အလုပ်လုပ်လို့မရတော့ ကျမတို့မှာ စားစရာလည်း မရှိဘူးပေါ့။”*
>
> မွန်အမျိုးသမီး တဦး၊ ရေးမြို့နယ်၊ (MRDC) ၏ တွေ့ဆုံမေးမြန်းခန်း။ မေလ၊ ၂၀၁၀ ခုနှစ်

(၂၀၀၉) ခုနှစ်ကုန်မှစ၍ (နအဖ) စစ်အစိုးရ၏ အရှေ့တောင်တိုင်းစစ်ဌာနချုပ်က မွန်ပြည်သစ်ပါတီကို ရွေးကောက်ပွဲဝင်ရန်နှင့် ပါတီ၏လက်နက်ကိုင်တပ်ကို နယ်ခြားစောင့်တပ်အဖြစ်သို့ အသွင်ပြောင်းလဲရန် ဖိအားပေးလာခဲ့သည်။ မွန်ပြည်သစ်ပါတီက ဤနှစ်ချက်စလုံးကို ပယ်ချခဲ့သည့်အပြင်၊ (၂၀၀၈) ခုနှစ်အခြေခံဥပဒေကို ပြန်လည်သုံးသပ်ပြင်ဆင်ပေးရန်နှင့် စစ်အစိုးရ၊ ဒီမိုကရေစီပါတီများ၊ လူမျိုးစုအတိုက်အခံအဖွဲ့များ ပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲတရပ်ကျင်းပပေးရန် တောင်းဆိုခဲ့သည်။ ရာဇသံနောက်ဆုံးရက်ကို လွန်သောဧပြီလအတွင်းမှာ တင်းမာမှုအရှိန်မြင့်လာခဲ့ပြီး၊ မွန်ပြည်သစ်ပါတီက မော်လမြိုင်မြို့နှင့် ရေးနှင့် သံဖြူဇရပ်မြို့များပေါ်ရှိ ၎င်း၏ ဆက်ဆံရေးရုံးများကို ပိတ်ပစ်ခဲ့သည်။


ဤပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်သွားမည်ကိုစိုးရိမ်၍ ရေးမြို့နယ်မှာ ရွာသား (၆၀၀) ခန့်သည် ဘုရားသုံးဆူတောင်ကြားအနီး နယ်စပ်ဆီသို့ထွက်ပြေးခဲ့ကြပြီး၊ ရေဖြူမြို့နယ်မှ နောက်ထပ်လူထု (၄၀၀) ခန့်ကလည်း တောင်ဘက်သို့ ထွက်ပြေးပုန်းအောင်းကြသည်။ မြန်မာစစ်တပ်သည် မွန်ပြည်သစ်ပါတီ၏ အပစ်အခတ်ရပ်စဲထားရာ နယ်မြေပတ်ပတ်လည်တွင် နောက်ထပ်စစ်တပ်များ တိုးချဲ့ချထားခဲ့ကာ၊ တိုက်ကင်းများအတွက်ရိက္ခာနှင့် ခဲယမ်းမီးကျောက်များသယ်ရန် ပေါ်တာများ ပို၍တောင်းခဲ့လာခဲ့သည်။ ထို့အပြင် သွားလာမှုနှင့် ကုန်သွယ်မှုတို့ကို ပိုမို ချုပ်ချယ်ကန့်သတ်လာခဲ့သည်။ တင်းမာမှုက လက်နက်ကိုင်ပဋိပက္ခအဖြစ်သို့ ရောက်မလာခဲ့ဘဲ၊ အိုးအိမ်စွန့်ခွာလာခဲ့သောကျေးရွာလူထုများက မေလကုန်တွင် မိမိတို့နေအိမ်များသို့ ပြန်သွားခဲ့ကြသည်။ သို့ဖြစ်သည့်တိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ကန့်သတ်ချုပ်ချယ်မှုများနှင့် လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများကား ရှိမြဲရှိနေပါသည်။

ဤအခြေအနေ၌ မွန်ပြည်သစ်ပါတီ၏ အနားယူထားပြီးသောရဲဘော်ဟောင်းများက မွန်အမျိုးသားကာကွယ်ရေးတပ်မတော် (Mon National Defense Army-MNDA) ကိုဖွဲ့စည်းလိုက်ကြပြီး၊ (နအဖ) စစ်အစိုးရ ဆန့်ကျင်ရေးလက်နက်ကိုင်တိုက်ပွဲကို ပြန်လုပ်ခဲ့သည်။ အခြားသော မွန်ခွဲထွက် အုပ်စုများက ဓားပြများအဖြစ်သို့ပြောင်းလဲသွားကြပြီး၊ ကျေးရွာများအပေါ် မတော်မတရား လုပ်ခဲ့ကြ သော်လည်း၊ ဤအဖွဲ့ကမူ မြန်မာစစ်တပ်များနှင့် ရတနာဓာတ်ငွေ့ပိုက်လိုင်းနယ်မြေ အနီးအနား ဖြစ်သော ရေးမြို့နယ်တောင်ပိုင်းနှင့် ရေဖြူမြို့နယ်များရှိ အခြေခံအဆောက်အဦများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြသည်။ တိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့ရာ၊ မြန်မာစစ်တပ်က နယ်မြေထဲသို့ ၎င်း၏ တပ်ရင်း (၄) ရင်းမှ စစ်ကူတပ်များကို စေလွှတ်ခဲ့သည်။ ဤစစ်အင်အားဖြင့် (MNDA) ကို မနိုင်နင်းနိုင်ခဲ့သော်လည်း သွားလာရေး ကန့်သတ်ချုပ်ချယ်မှုများကို တိုး၍လုပ်ခဲ့ရာ ကျေးရွာလူထုများအဖို့ မေလနှင့် ဇွန်လတို့တွင် ဒူးရင်းခြံများမှ ဒူးရင်းသီးများကို မကောက်ယူနိုင်ခဲ့ကြချေ။

လွန်ခဲ့သောနှစ်အတွင်းက မြန်မာစစ်တပ်သည် နယ်မြေကင်းလှည့်ရေး၊ သတင်းထောက်လှမ်းရေး၊ သူပုန်အဖွဲ့များကို တိုက်ခိုက်ရေးအတွက် ကျေးရွာအများအပြားအား အရပ်သားလက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းရန် အမိန့်ထုတ်ဆင့်ခဲ့သည်။ တပ်ဖွဲ့တဖွဲ့လျှင် လူအင်အား (၁၀) မှ (၃၀) ဦးအထိ ရှိသည်။ ကျေးရွာ၏အရွယ်အစားအပေါ်မူတည်၍ ဖွဲ့စည်းခိုင်းသည်။ ဤအရပ်သားပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များသည် နယ်မြေဆိုင်ရာ (နအဖ) တပ်ရင်းများကို သတင်းပို့ရသည်။ အခြေခံစစ်သင်တန်းသားနှင့် တပ်ဖွဲ့ဝင်အဖြစ် အိမ်သားတဦးထည့်ပေးရသည်။ ထည့်မပေးနိုင်ပါက တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ကြေး နှင့် အထွေထွေ အသုံးစားရိတ်အတွက် ထိုအရပ်သားတပ်ဖွဲ့သို့ လစဉ် ငွေကျပ်(၆,၀၀၀)ပေးရသည်။

ရေးမြို့နယ်နှင့် ရေဖြူမြို့နယ်များ၏ ဒုက္ခသည်ဦးရေခန့်မှန်းချက်သည် (၂၀၀၈) ခုနှစ်ကခန့်မှန်းချက်နှင့်စာလျှင် လူဦးရေ (၁၂,၀၀၀) တိုးလာခဲ့သည်။ ဤသို့တိုးလာခဲ့ခြင်း၏ အဓိကအကြောင်းရင်းမှာ ၎င်း၏ အာဏာစက်ကို တိုးမြှင့်ခြင်းနှင့် သွားလာမှုကိုကန့်သတ်ချုပ်ချယ်ခြင်းပြုသောအားဖြင့် မြန်မာစစ်တပ်က ကျေးရွာများ၏ အစွန်အဖျားမှာ နေထိုင်သူများကို ကျေးရွာအတွင်းသို့ ပြောင်းရွှေ့စေခဲ့ခြင်းကြောင့်

# မွန်ဒေသများ



TBBC
သံဖြူဇရပ်
မွန်ပြည်သစ်ပါတီ
ကရင်ပြည်နယ်
ထိုင်းနိုင်ငံ
မွန်ပြည်နယ်
ရေး
ဘုရားသုံးဆူတောင်ကြား
မွန်ပြည်သစ်ပါတီ
ရေး
ရားဖူး
ကပ္ပလီပင်လယ်
ရေဖြူ
ပြောင်းရွှေ့ထွက်ပြေးရသည့်ကျေးရွာများ
စုစည်းကျေးရွာများ
စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်
တပ်ရင်းဌာနချုပ်များ
ရှေ့တန်းစခန်းများ
ပြည်တွင်းဒုက္ခသည်စခန်းများ
ဒုက္ခသည်စခန်း
လမ်းများ
ရထားလမ်း
မြစ်များ
နိုင်ငံတကာ နယ်နိမိတ်
ပြည်နယ်–တိုင်း နယ်နိမိတ်
အပစ်အခတ်ရပ်စဲရေး ဒေသ
ပုန်းလျှိုးနေထိုင်ကြရာ နေရာများ
လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေသော ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ
သဘာဝဓာတ်ငွေ့ပိုက်လိုင်း
လမ်းဖောက်လုပ်မှု
N
၀
၂၀
၄၀
ကီလိုမီတာ

ဖြစ်ပါသည်။ ဤပြည်တွင်းဒုက္ခသည်တိုးပွားမှုသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပျက်ပြားသွားမည့်အလားအလာကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးမတည်ငြိမ်မှုကိုလည်း ထင်ဟပ်ဖော်ပြနေပါသည်။ ထို့အပြင် စုစည်းစခန်းများနှင့် စုစည်းကျေးရွာများကို ပို၍ပြည့်ပြည့်စုံစုံ စစ်တမ်းကောက်ယူခဲ့ခြင်းနှင့်လည်း သက်ဆိုင်ပြီး၊ ယခင်နှစ်များ၏ ခန့်မှန်းချက်များသည် လျှော့ပေါ့ခန့်မှန်းချက်များ ဖြစ်နေကြောင်းကိုလည်း ဖော်ပြနေပါသည်။

## ၄။ ၆။ တနင်္သာရီတိုင်း


*"ဗမာစစ်တပ်က ကျမ ယောကျ်ားကို သူပုန်အားပေးသူလို့ မသင်္ကာဖြစ်ပြီး၊ ဖမ်းသွားခဲ့ပါတယ်။ သူနဲ့ တွေ့ခွင့်ပေးဖို့ ကျမပြောပါတယ်။ ဒါပေမယ့် မရပါဘူး။ စစ်သားတွေက ကျမယောကျ်ားကို ညှဉ်းပမ်းနှိပ်စက်ပြီး၊ သတ်ပစ်လိုက်ကြပါတယ်။*

မွန်အမျိုးသမီး တဦး၊ ရေဖြူမြို့နယ်၊ (MRDC) ၏ တွေ့ဆုံမေးမြန်းခန်း။ ဖေဖော်ဝါရီလ၊ ၂၀၁၀ ခုနှစ်

(နအဖ) စစ်အစိုးရတပ်သည် တနင်္သာရီတိုင်းတကြောလုံးသို့ ပေါက်ရောက်သည်။ မြို့များမှနေ၍ ထိုင်းနယ်စပ်တလျှောက်ရှိ မဟာဗျူဟာမြောက်နေရာများအထိ ဖြစ်သည်။ ကျေးရွာအုပ်စုအဆင့်မှာ အရပ်သားလက်နက်ကိုင်ပြည်သူ့စစ်တပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ အမျိုးသမီးရေးရာကော်မီတီများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA) များကို ဖွဲ့စည်းခြင်းအားဖြင့် အများပြည်သူဆိုင်ရာကိစ္စအဝဝကို ချုပ်ကိုင်ရာ၌ အထောက်အကူဖြစ်စေပါသည်။ စုစည်းစခန်းများတွင် ပြည်တွင်းဒုက္ခသည်ဦးရေများနေခြင်းသည် ဤထိန်းချုပ်မှု၏အတိုင်းအတာကိုလည်းကောင်း၊ ဒုက္ခသည်များအဖို့ နေရပ်ရင်းသို့ပြန်ရန်၊ သို့မဟုတ် အခြားတနေရာရာမှာအခြေချနေထိုင်ရန် အခွင့်အလမ်း ကင်းမဲ့နေကြောင်းကိုလည်းကောင်း ထင်ဟပ်ဖော်ပြနေပါသည်။

အတင်းအဓမ္မလုပ်အားစေခိုင်းမှုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်နေစေဆဲပင်ရှိသည်။ (၂၀၁၀) ခုနှစ်၊ ခြောက်သွေ့ရာသီအတွင်း၌ တနင်္သာရီမြစ်ရိုးတလျှောက်ရှိ ကျေးရွာများအားထိုင်းနယ်စပ်ရှိ မြန်မာစစ်တပ်၏တပ်စခန်းများသို့ စစ်တပ်၏ ထောက်ပံ့ရေးပစ္စည်းများကို ပေါ်တာများ၊ လှေများဖြင့်ပို့ပေးရန် အတင်းအဓမ္မစေခိုင်းခဲ့သည်။ အလားတူပင် ထားဝယ်မြို့နယ်၊ ဂမုန်းသွယ်ကျေးရွာသားများသည်လည်း နယ်စပ်ကင်းစခန်းများသို့ ကားများ၊ နွားလှည်းများ၊ ဆင်များဖြင့်စစ်တပ်ထောက်ပံ့ရေးပစ္စည်းများကို ပို့ပေးခဲ့ကြရသည်။ ထို့နောက် (၂၀၁၀) ခုနှစ်၊ ဩဂုတ်လတွင် (နအဖ) စစ်အစိုးရ၏ ခရိုင်နှင့် မြို့နယ်အာဏာပိုင်များက ကျေးရွာတိုင်းအပေါ် အစိုးရအတွက် ငရုတ်ကောင်း၊ ရော်ဘာ၊ ကြက်ဆူပင်၊ သီဟိုဠ်ပင်များကို (၁) ကေစီ စိုက်ပေးရမည်ဟု အမိန့်ထုတ်ဆင့်ခဲ့သည်။

# တနင်္သာရီတိုင်း



ရေဖြူ
ထားဝယ်
ကန်ချနဘူရီ
လောင်းလုံ
သရက်ချောင်း
ဘန်းချောင်း
ကပ္ပလီပင်လယ်
ပုလော
မြိတ်
တနင်္သာရီ
မိုးတောင်
ဘုတ်ပြင်း
ကော့သောင်း
၀ ၂၅ ၅၀
ကီလိုမီတာ
N
ပြောင်းရွှေ့ထွက်ပြေးရသည့်ကျေးရွာများ
စုစည်းကျေးရွာများ
တိုင်းစစ်ဌာနချုပ်
စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်
တပ်ရင်းဌာနချုပ်များ
ရှေ့တန်းစခန်းများ
ပြည်တွင်းဒုက္ခသည်စခန်းများ
ဒုက္ခသည်စခန်း
လမ်းများ
ရထားလမ်း
မြစ်များ
နိုင်ငံတကာ နယ်နိမိတ်
ပြည်နယ်–တိုင်း နယ်နိမိတ်
ပုန်းလျှိုးနေထိုင်ကြရာ နေရာများ
လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေသော ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ
စိုက်ပျိုးရေးစီမံကိန်းများ
သဘာဝဓာတ်ငွေ့တူးဖော်ရာနေရာများ
ရာထားသည့် ပင်လယ်ရေနက်ဆိပ်ကမ်း
ရထားလမ်းတိုးချဲ့ရေး စီမံကိန်း
သဘာဝဓာတ်ငွေ့ပိုက်လိုင်း

မြေယာများကိုသိမ်းယူပြီး၊ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ရန် စစ်တပ်၏ စီးပွားရေးအပေါင်းအပါများအား ပေးသည်။ လွန်ခဲ့သော (၁၂)လအတွင်း၌ မြိတ်မြို့အရှေ့ဘက်၊ တနင်္သာရီမြို့နယ်တခွင်လုံးနှင့် ပုလောမြို့၏မြောက်ဘက်တို့တွင် မြန်မာစစ်တပ်နှင့် ၎င်းတို့၏ ဖက်စပ်စီးပွားရေးလုပ်ငန်းရှင်တို့က မြေကေထောင်ပေါင်းများစွာကို သိမ်းယူခဲ့သည်။ မြေယာဦးပိုင် လက်မှတ်များကိုပင်လျှင် သိမ်းယူခဲ့ရာ အသိမ်းခံရသူများအဖို့ မိမိတို့၏မြေယာများနှင့်ပတ်သက်၍ အရေးဆိုစရာအထောက်အထားမရှိ တော့ချေ။

မြန်မာစစ်တပ်၏ ခေါင်းဆောင်များသည် သောင်းကျန်းသူသူပုန်များကို ပစ်မှတ်ထား တိုက်ခိုက်သည် ထက် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ရန် အမိန့်ပေးနေဆဲဖြစ်သည်။ သတ်သတ်မှတ်မှတ် ဖော်ပြရပါလျှင်၊ (နအဖ) စစ်အစိုးရ၏ ခြေမြန်တပ်ရင်း ခမရ–၅၉၄ မှ တပ်ရင်းမှူးသည် (၂၀၁၀) ခုနှစ် အတွင်းက အကျဉ်းရုံးကွပ်မျက်စီရင်မှုတခုနှင့် တိုက်ရိုက်ပတ်သက်နေသည်။ ၎င်း၏ အမိန့်အရ စစ်သားများက ဖေဖော်ဝါရီလအတွင်းမှာ ထားဝယ်မြို့နယ်ရှိ ကရင်ရွာသားတဦးကို ပစ်သတ်ခဲ့ကြောင်း သတင်းရရှိပါသည်။ ထို့နောက် ဧပြီလအတွင်းမှာလည်း တနင်္သာရီမြို့နယ်ရှိ ကရင်ရွာသားတဦးကို အလားတူ သတ်ဖြတ်ခဲ့ပါသည်။

တရားဥပဒေစိုးမိုးရေးကို ဤသို့ မထေမဲ့မြင်ပြုနေပါလျက်နှင့်၊ ထိုင်းအစိုးရသည် ၎င်း၏ ရင်းနှီးမြှုပ်နှံသူများ ထားဝယ် နှင့် ကန်ချနပူရီ ကားလမ်း၊ မီးရထားလမ်း ဆက်သွယ်ကာ ရေနက်ဆိပ်ကမ်း နှင့် စက်မှုဇုန်နယ်မြေတည်ဆောက်နိုင်ရေးအတွက် မြန်မာအစိုးရနှင့် နားလည်မှု စာချွန်လွှာတရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ရတနာဓာတ်ငွေ့ပိုက်လိုင်းကိစ္စနှင့်ပတ်သက်၍ လက်ရှိ လုပ်နေဆဲဖြစ်သော အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း၊ မြေသိမ်းခြင်း၊ အနိုင်ကျင့်ငွေတောင်းခံခြင်း၊ သွားလာရေးတွင်ကန့်သတ်ချုပ်ချယ်ခြင်းတို့ကို ထောက်ချင့်ကြည့်လိုက်ပါက အကောင်အထည်ဖော် မည့် ဘီလျံပေါင်းများစွာတန်သော ဤတည်ဆောက်ရေးလုပ်ငန်းစီမံကိန်းကြီးကြောင့် ဆင်းရဲမွဲတေမှု လျော့ပါးသွားမည့်အစား၊ နောက်ထပ် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုး၍ဖြစ်ပွားလာမည့် အလား အလာ ရှိနေပါသည်။

ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်အနေနှင့် (နအဖ) စစ်အစိုးရက နယ်မြေတပ်မှူးများအား မဲဆန္ဒရှင်ဖြစ်ရန် အဆင့်မီသူများကို မှတ်ပုံတင်ပေးရန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA) ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရေး အတွက်စီစဉ်ပေးရန် ညွှန်ကြားခဲ့သည်။ အတိုက်အခံပါတီများသည် ခြိမ်းခြောက်ခံထားရသဖြင့် တနင်္သာရီတိုင်းမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ကို ယှဉ်ပြိုင်လိုသည့် ကိုယ်စားလှယ်လောင်းဟူ၍ အနည်းမျှသာရှိပါသည်။



# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ (၁)
## ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးနေရသော ဒုက္ခသည်ဦးရေ ခန့်မှန်းချက် (၂၀၁၀ ခုနှစ်)

| ပြည်နယ်၊ တိုင်းနှင့် မြို့နယ် | လွန်ခဲ့သည့် ၁၂-လ အတွင်းရွှေ့ပြောင်း ထွက်ပြေးသူ ဦးရေ | ပုန်းအောင်းနေရသောနေရာများ ရှိ ဒုက္ခသည် | စုစည်းကျေးရွာများရှိ ဒုက္ခသည် | အပစ်အခတ် ရပ်စဲရေးဒေသများရှိ ဒုက္ခသည် | စုစုပေါင်း ပြည်တွင်း ဒုက္ခသည် |
|---|---|---|---|---|---|
| **ရှမ်းပြည်နယ်** | **၂၉၄၀၀** | **၂၃၉၀၀** | **၁၆၆၅၀** | **၈၈၂၀၀** | **၁၂၈၇၅၀** |
| မောက်မယ် | ၄၀၀၀ | ၁၇၀၀ | ၁၃၀၀ | ၀ | ၃၀၀၀ |
| မိုးကောင်း | ၁၈၀၀ | ၂၅၀၀ | ၁၀၀၀ | ၀ | ၃၅၀၀ |
| လဲချား | ၃၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၇၅၀၀ |
| လွိုင်လင် | ၁၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၀၀ | ၂၂၀၀ |
| နမ့်ဆမ် | ၃၅၀၀ | ၂၀၀၀ | ၃၅၀၀ | ၁၆၀၀ | ၇၁၀၀ |
| ကွန်ဟိန်း | ၃၉၀၀ | ၃၅၀၀ | ၀ | ၅၅၀၀ | ၉၀၀၀ |
| မိုင်းဆတ် | ၁၅၀၀ | ၁၀၀၀ | ၀ | ၃၂၀၀၀ | ၃၃၀၀၀ |
| မိုင်းတုန် | ၂၈၀၀ | ၁၃၀၀ | ၀ | ၂၉၀၀၀ | ၃၀၃၀၀ |
| မိုင်းပန် | ၁၈၀၀ | ၁၆၀၀ | ၁၇၅၀ | ၁၃၀၀ | ၄၆၅၀ |
| ကျေးသီး | ၂၀၀၀ | ၁၃၀၀ | ၀ | ၁၁၂၀၀ | ၁၂၅၀၀ |
| လင်းခေး | ၁၆၀၀ | ၆၀၀ | ၁၀၀၀ | ၅၀၀ | ၂၁၀၀ |
| မိုးနဲ | ၂ယ၀၀၀ | ၁၄၀၀ | ၂၅၀၀ | ၀ | ၃၉၀၀ |
| **ကရင်နီပြည်နယ်** | **၁၈၂၀** | **၇၄၀၀** | **၃၉၀၀** | **၂၃၀၀၀** | **၃၄၃၀၀** |
| ရှားတော | ၂၅၀ | ၃၀ | ၁၁၄၀ | ၀ | ၁၁၇၀ |
| လွိုင်ကော် | ၁၀၀ | ၀ | ၁၄၀၀ | ၂၀၀၀ | ၃၄၀၀ |
| ဒီမောဆိုး | ၁၀၀ | ၀ | ၀ | ၉၅၀၀ | ၉၅၀၀ |
| ဖရူးဆိုး | ၂၅၀ | ၁၆၀၀ | ၀ | ၃၇၀၀ | ၅၃၀၀ |
| ဘောလခဲ | ၆၀၀ | ၅၃၀ | ၁၂၄၀ | ၀ | ၁၇၇၀ |
| ဖားဆောင်း | ၅၀၀ | ၅၂၄၀ | ၁၂၀ | ၃၃၀၀ | ၈၆၆၀ |
| မဲ့စက် | ၂၀ | ၀ | ၀ | ၄၅၀၀ | ၄၅၀၀ |
| **ပဲခူးတိုင်း** | **၁၈၈၅၀** | **၂၁၆၀၀** | **၂၂၁၅၀** | **၀** | **၄၃၇၅၀** |
| တောင်ငူ | ၀ | ၀ | ၁၃၀၀ | ၀ | ၁၃၀၀ |
| ကျောက်ကြီး | ၁၇၀၀၀ | ၁၂၃၀၀ | ၂၀၁၅၀ | ၀ | ၃၂၄၅၀ |
| ရွှေကျင် | ၁၈၅၀ | ၉၃၀၀ | ၇၀၀ | ၀ | ၁၀၀၀၀ |
| **ကရင်ပြည်နယ်** | **၁၄၃၆၀** | **၅၂၅၀၀** | **၁၂၇၀၀** | **၄၈၃၀၀** | **၁၁၃၅၀၀** |
| သံတောင် | ၃၁၀၀ | ၉၈၀၀ | ၆၁၀၀ | ၀ | ၁၅၉၀၀ |
| ဖာပွန် | ၆၁၆၀ | ၃၈၇၀၀ | ၂၃၀၀ | ၀ | ၄၁၀၀၀ |
| လှိုင်းဘွဲ့ | ၁၁၀၀ | ၀ | ၀ | ၇၀၀၀ | ၇၀၀၀ |
| မြဝတီ | ၁၅၀၀ | ၃၀၀၀ | ၅၀၀ | ၅၀၀၀ | ၈၀၀၀ |
| ကော့ကရိတ် | ၁၀၀၀ | ၀ | ၀ | ၂၃၀၀ | ၂၃၀၀ |
| ကြာအင်းဆိပ်ကြီး | ၁၅၀၀ | ၁၀၀၀ | ၃၈၀၀ | ၃၄၀၀၀ | ၃၈၈၀၀ |
| **မွန်ပြည်နယ်** | **၁၇၈၀** | **၁၅၅၀** | **၇၅၀၀** | **၄၀၀၀၀** | **၄၉၀၅၀** |
| ဘီးလင်း | ၈၀ | ၅၀ | ၀ | ၀ | ၅၀ |
| ရေး | ၂ယ၅၀၀ | ၁၅၀၀ | ၇၅၀၀ | ၄၀၀၀၀ | ၄၉၀၀၀ |
| **တနင်္သာရီတိုင်း** | **၆၇၉၀** | **၈၀၅၀** | **၆၂၁၀၀** | **၆၅၀၀** | **၇၆၆၅၀** |
| ရေဖြူ | ၆၀၀၀ | ၄၁၀၀ | ၁၆၂၀၀ | ၆၅၀၀ | ၂၆၈၀၀ |
| ထားဝယ် | ၂၇၀ | ၅၇၀ | ၇၁၀၀ | ၀ | ၇၆၇၀ |
| သရက်ချောင်း | ၀ | ၀ | ၄၁၀၀ | ၀ | ၄၁၀၀ |
| ပုလော | ၀ | ၁၄၈၀ | ၁၂၅၅၀ | ၀ | ၁၄၀၃၀ |
| မြိတ် | ၄၅၀ | ၁၄၀ | ၇၅၀၀ | ၀ | ၇၆၄၀ |
| တနင်္သာရီ | ၅၀ | ၁၂၄၀ | ၁၂၀၀၀ | ၀ | ၁၃၂၄၀ |
| ဘုတ်ပြင်း | ၂၀ | ၅၂၀ | ၂၆၅၀ | ၀ | ၃၁၇၀ |
| **စုစုပေါင်း** | **၇၃၀၀၀** | **၁၁၅၀၀၀** | **၁၂၅၀၀၀** | **၂၀၆၀၀၀** | **၄၄၆၀၀၀** |

# နောက်ဆက်တွဲ (၂)
# ၂၀၁၀ ခုနှစ်စစ်တမ်းနမူနာ

## လူဦးရေအားစစ်တမ်းကောက်ခြင်း (POPULATION SURVEY)

ယင်းလူဦးရေစစ်တမ်းကောက်ယူခြင်း၏ရည်ရွယ်ချက်မှာ အခြေမဲ့နေမှုအတိုင်းအတာနှင့် အခြားဆက်စပ်သည့် အခြေအနေများ၊ စစ်တပ်၏လွှမ်းမိုးမှုနှင့် ၄င်းတို့၏ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်ဆုံးရှုံးမှုများကို အကဲဖြတ်နိုင်ရန် ဖြစ်သည်။

**မြို့နယ်အမည် (မြန်မာပြည်မြေပုံအတိုင်း)** ..............................................................

**အချက်အလက်ပေးသူများ၏နောက်ကြောင်း** ..............................................................

၁။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လုံးလုံးပျက်စီး၊ရွှေ့ပြောင်း သို့မဟုတ် ဖျက်ဆီးခံခဲ့ရသော **ရွာပေါင်း** ဘယ်လောက်များများရှိပါသလဲ။ ထိုရွာများသည် မည်သည့်နေရာတွင်တည်ရှိခဲ့ပါသလဲ?
*(ဇယားနှင့်မြေပုံထဲတွင်ထည့်သွင်းရန်)*

၂။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း စစ်ပွဲများနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ၎င်းတို့အိမ်များကိုစွန့်ခွာ၍ အခြားတနေရာသို့ ထွက်ပြေး **နေထိုင်နေရသူပေါင်း** ဘယ်လောက် ရှိပါသလဲ? ***(အောက်ဇယားထဲတွင်ထည့်သွင်းရန်)***

၃။ (ရွာစုများအပါအဝင်) ယခုလက်ရှိတွင် နအဖ၏အမှန်တကယ် **အတင်းအဓမ္မ** နေထိုင်နေရ သည့်ပြောင်းရွှေ့စခန်းများ မည်မျှကျန်ရှိနေပါသလဲ။ ၎င်းရွှေ့ပြောင်းရေးစခန်းများသည် မည်သည့်နေရာ တွင်တည်ရှိပါသလဲ?
*(ဇယားနှင့်မြေပုံထဲတွင်ထည့်သွင်းရန်)*

၄။ (ရွာစုများအပါအဝင်) နအဖ၏ရွှေ့ပြောင်းရေးစခန်းများတွင် ဝတ္တရားအရ နေထိုင်နေရသော **လူဦးရေပေါင်း** ဘယ်လောက်ရှိပါသလဲ? ***(အောက်ဇယားထဲတွင်ထည့်သွင်းရန်)***

၅။ နအဖ၏ကင်းလှည့်စစ်ကြောင်းများအားရှောင်ရှား၍ လူထုများရှောင်တိမ်းပုန်းခိုနေသော **"တောပုန်းနေရာများ၊ (Hiding Areas)"** မည်သည့်နေရာများတွင်ရှိပါသလဲ? (အတိုက်အခံများ ထိန်းချုပ်သောဒေသထဲအပါအဝင်)။
*(မြေပုံထဲတွင်ထည့်သွင်းရန်)*

၆။ ယခုလက်ရှိတွင်နအဖကင်းလှည့်တပ်ဖွဲ့များမတွေ့စေရန် ပုန်းအောင်းနေသော သို့မဟုတ် လုံးလုံး အတွေ့မခံရဲသော **လူဦးရေပေါင်း** ဘယ်လောက်ရှိပါသလဲ? ***(အောက်ဇယားထဲတွင်ထည့်သွင်းရန်)***

၇။ နအဖတိုက်ခိုက်မှုများအတွက် အာမခံချက်ပေးနိုင်ပြီး အကန့်အသတ်ဖြင့်သာလုပ်ပိုင်ခွင့်ရှိသော တိုင်းရင်းသားလူမျိုးစု အာဏာပိုင်များ ထိန်းချုပ်ရာ **"အပစ်အခတ်ရပ်စဲရေးဒေသများ"** သို့မဟုတ် "အထူးဒေသများ" မည်သည့်နေရာတွင် တည်ရှိပါသလဲ? ***(မြေပုံထဲတွင်ထည့်သွင်းရန်)***

၈။ တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးဒေသများတွင် ယခုလက်ရှိ နေထိုင်နေရသော **အခြေမဲ့လူဦးရေပေါင်း** ဘယ်လောက်ရှိပါသလဲ? ***(အောက်ဇယားထဲတွင်ထည့်သွင်းရန်)***

၉။ လွန်ခဲ့သည့် ၁၂လတာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စေခဲ့သော ဖွံ့ဖြိုးရေး စီမံကိန်းများ မည်သည့်နေရာများတွင်ရှိပါသလဲ? *(ကားလမ်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မိုင်း၊ သစ်ထုတ်လုပ်ရေး၊ ရေကာတာ၊ သဘာဝဓါတ်ငွေ့ ပိုက်လိုင်း စသည်တို့ကိုမြေပုံပေါ်တွင်ဖော်ပြရန်)*
*(အတင်းအဓမ္မလုပ်အားပေး၊ ပြောင်းရွှေ့၊ မြေယာသိမ်း သည့်နေရာများကိုပါ မြေပုံပေါ်တွင် ဖော်ပြပေးရန်)*

၁၀။ လက်ရှိနအဖစစ်တပ်၏ အခြေချစခန်းများ၊ တပ်စွဲထားရာဌာနချုပ်၊ ခြေမြန်တပ်မများ၊ စစ်ကွပ်ကဲရေးဌာနချုပ်၊ တိုင်းစစ်ဌာနချုပ်တပ်များ တည်နေရာမည်သည့်နေရာများတွင်ရှိပါသလဲ။
*(အောက်တွင်ပေးထားသည့်မြေပုံထဲတွင်တပ်တည်နေရာ၊ အမျိုးအစားနှင့် တပ်နံပါတ်များ ထည့်သွင်းရန်)*

# အိမ်ထောင်စုအလိုက် ဆင်းရဲမွဲတေမှု စစ်တမ်းကောက်ယူခြင်း
(HOUSEHOLD POVERTY SURVEY)

ဝန်ထမ်းအမည် နှင့်အဖွဲ့အစည်း .................................................................
ပြည်နယ် (သို့) တိုင်း .................................................................
မြို့နယ် .................................................................
ကျေးရွာ .................................................................

ကျနော်/မနာမည်က ------- ဖြစ်ပါတယ်။ ကျနော်/မက ------ လို့ခေါ်တဲ့ လူသားချင်း စာနာတဲ့အဖွဲ့အစည်းမှာ အလုပ်လုပ်ပါတယ်။ ကျနော်/မအနေနဲ့ သင့်မိသားစုဘယ်လို အသက်ရှင်ရပ်တည်သလဲဆိုတာကိုသိချင်လို့ မေးခွန်းမေးချင်ပါတယ်။ သင့်ရဲ့နာမည်ကို ကျနော်/မတို့ သိစရာမလိုတဲ့အပြင် သင်တဦးချင်းဖြေကြားချက်တွေကိုလည်း လျှို့ဝှက်စွာထားရှိပေးပါ့မယ်။ သင့်၏ပါဝင်ဖြေကြားပေးခြင်းအတွက် အကူအညီပေးခြင်းနဲ့တော့ ဘာမှမပတ်သက်ပါဘူး။ နောက်ဆိုယင် အကူအညီရလိမ့်မယ်လို့လဲ ဂတိမပေးရဲပါဘူး။ ကျေးဇူးပြုပြီးတော့ ကျနော်/မတို့ မေးခွန်းကို ပွင့်ပွင့်လင်းလင်းပဲ ဖြေစေချင်ပါတယ်။ ဒီတရက်အတွက် မေးခွန်းတွေဖြေဖို့ အချိန်ပေးနိုင် မယ်လို့ ယုံကြည်ပါတယ်။

၁။ လိင်

☐ 1. ကျား ☐ 2. မ

၂။ ဘယ်ဘာသာ ကိုးကွယ်ပါသလဲ? *(တခုထဲသာမှတ်ပါ)*

☐ 1. မိရိုးဖလာနတ်ကိုးကွယ်သည့်ဘာသာ ☐ 2. ဗုဒ္ဓဘာသာ ☐ 3. ခရစ်ယာန်ဘာသာ
☐ 4. မူဆလင် ☐ 5. ဘာမှမကိုးကွယ်
☐ 6. အခြား ................................

၃။ သင်မည်သည့်လူမျိုးစုထဲကပါသလဲ? *(တခုထဲသာမှတ်ပါ)*

☐ 1. စကောကရင် ☐ 2. ပိုးကရင် ☐ 3. ကယား
☐ 4. ကယော ☐ 5. ပကူး ☐ 6. ကယန်း
☐ 7. ရှမ်း ☐ 8. ပလောင် ☐ 9. ပအို့ဝ်
☐ 10. လားဟူ ☐ 11. မွန် ☐ 12. ဗမာ
☐ 13. အခြား ................................

၄။ မိသားစုအတွင်း နေထိုင်သူဦးရေဘယ်လောက်ရှိသည်ကို အသက်၊ ကျား၊မ ခွဲ၍ဖေါ်ပြပေးပါ။
*(သင့်လျော်သည့်အကွက်များတွင်နံပါတ်ထဲ့ပါ)*

| အသက် | ကျား | မ |
|---|---|---|
| ၅နှစ်အောက် | | |
| ၅-၁၄ ကြား | | |
| ၁၅-၂၉ ကြား | | |
| ၃၀-၄၄ ကြား | | |
| ၄၅-၅၉ ကြား | | |
| ၆၀နှစ် အထက် | | |

၅။ သင်မြန်မာနိုင်ငံသား ဖြစ်တယ်ဆိုတာ ဘာနဲ့သက်သေပြနိုင်မလဲ? *(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. မွေးလက်မှတ် ☐ 2. တရားဝင်မှတ်ပုံတင်စီစစ်ရေးကဒ်ပြား
☐ 3. ရက်ကုန်ဆုံးသည့်မှတ်ပုံတင်လက်မှတ် ☐ 4. ဒေသခံအာဏာပိုင်ထောက်ခံစာ၊ ပုံစံ၁၀
☐ 5. ရွာသူကြီးထောက်ခံစာ ☐ 6. မိသားစု အပေါင်းအသင်းများ
☐ 7. ဘာမှသက်သေပြရန်မရှိပါ ☐ 8. အခြား (ဖေါ်ပြပါ) ......................

၆။ လွန်ခဲ့တဲ့ ၁၂လအတွင်း ကျနော်တို့အဖွဲ့အစည်းကမှ ငွေ (သို့) အစားအစာကူညီမှုရဖူးသလား ?

☐ 1. ရဖူးတယ်။ ☐ 2. မရဖူးပါ။

၇။ သင့်မိသားစုသောက်သုံးရေအတွက် အဓိက ဘယ်ကနေရသလဲ? *(တခုသာမှတ်ပါ)*

☐ 1. ပြည်သူပိုင်ရေပိုက် ☐ 2. အဝီစိတွင်း
☐ 3. ကာကွယ်ထားသည့် ရေတွင်း/ကန်/ချောင်းငယ်/တိုင်ကီ
☐ 4. မကာကွယ်ထားသည့် ရေတွင်း/ကန်/ချောင်းငယ်/တိုင်ကီ
☐ 5. မြစ်/ရေချောင်း ☐ 6. အခြား (ဖော်ပြပါ) ................................

၈။ သင့်အိမ်ခေါင်မိုးအတွက် လက်ရှိဘာပစ္စည်းနဲ့အဓိကသုံးပြီး ဆောက်လုပ်ထားသလဲ? *(တခုသာမှတ်ပါ)*

☐ 1. သက်ကယ်၊ ဖက်မိုး ☐ 2. ဝါးအမိုး ☐ 3. ပလပ်စတစ်တာလပတ်အမိုး
☐ 4. သစ်သားပြားအမိုး ☐ 5. သံ၊ သွပ်မိုး ☐ 6. အမိုးမရှိ
☐ 7. အခြား (ဖော်ပြပါ) ................................

၉။ သင့်အိမ်နံရံအတွက် လက်ရှိဘာပစ္စည်းနဲ့အဓိကသုံးပြီး ဆောက်ထားသလဲ? *(တခုသာမှတ်ပါ)*

☐ 1. သက်ကယ်၊ ဖက်ကာ ☐ 2. ဝါးအကာ ☐ 3. ပလပ်စတစ်တာလပတ်အကာ
☐ 4. သစ်အကာ ☐ 5. အုတ်၊ ကျောက်တုံးအကာ ☐ 6. အကာမရှိ
☐ 7. အခြား (ဖော်ပြပါ) ................................

၁၀။ သင့်မိသားစု ဘယ်လို အိမ်သာမျိုးသုံးပါသလဲ? *(တခုသာမှတ်ပါ)*

☐ 1. ရေသုံးအိမ်သာ ☐ 2. မြေတွင်းတူးရေမလိုအိမ်သာ ☐ 3. မြေတွင်းမတူးအိမ်သာ
☐ 4. အိမ်သာမရှိပါ ☐ 5. အခြား (ဖော်ပြပါ) ................................

၁၁။ အကယ်၍ သင့်ကလေး ၅နှစ်အထက်မှ ၁၃နှစ်အရွယ်အထိရှိပါက သူကျောင်းပုံမှန်မတက်နိုင်ခဲ့ သည်ရှိသော် အဓိကအကြောင်းအရင်း ကဘာလဲ? *(တခုသာမှတ်ပါ)*

☐ 1. ၁၃နှစ်အောက်ကလေးမရှိပါ ☐ 2. ကလေးကျောင်းပုံမှန်တက်ပါသည်
☐ 3. နာမကျန်းဖျားနာ၊ ဒုက္ခိတ ☐ 4. ကျောင်းလခ၊ ဝတ်စုံဖိုးမပေးနိုင်
☐ 5. ကျောင်းသွားလာစရိတ်မတတ်နိုင်၊ ခရီးဝေးလွန်း ☐ 6. အိမ်ထောင်စောစောကျ
☐ 7. ဆရာမရှိ၊ အဆင့်အတန်းနိမ့် ☐ 8. လုံခြုံရေးအခြေအနေမကောင်း
☐ 9. အိမ်အလုပ်ကူလုပ်ရန်လိုအပ် ☐ 10. ဝင်ငွေ၊အစာအတွက်အလုပ်လုပ်ရန်လိုအပ်
☐ 11. ကျောင်းသွားရန်စိတ်ဝင်စားမှုမရှိ ☐ 12. အခြား (ဖော်ပြပါ) ...........................

၁၂။ သင့်မိသားအတွင်း ၁၂လနဲ့၅နှစ်အကြားကလေးငယ်ရှိပါက **MUAC** အဟာရဓါတ်တိုင်းပါရစေ။

| | သာမန် (အစိမ်း) | စိုးရိမ်ဖွယ် (အဝါ) | အတော်အတန်ချို့တဲ့ (လိမ္မော်) | လွန်ကဲစွာချို့တဲ့ (အနီ) |
|---|---|---|---|---|
| ကလေး | | | | |
| အရေအတွက် | | | | |

၁၃။ သင့်မိသားစုစိုက်ပျိုးရေးအတွက် သင်ဘယ်လိုစိုက်ပျိုးမြေမျိုးရှိသလဲ?

*(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

☐ 1. လယ်မြေခြံမြေမရှိပါ ☐ 2. မီးဖိုချောင်အတွက် ခြံသေးသေးသာ
☐ 3. ၂ ကေထက်ငယ်၍ ရေသွယ်မြောင်းမရှိ ☐ 4. ၂ ကေထက်ငယ်၍ ရေသွယ်မြောင်းရှိ
☐ 5. ၂–၅ ကေကြား ရေသွယ်မြောင်းမရှိ ☐ 6. ၂–၅ ကေကြား ရေသွယ်မြောင်းရှိ
☐ 7. ၅–၁၀ ကေကြား ရေသွယ်မြောင်းမရှိ ☐ 8. ၅–၁၀ ကေကြား ရေသွယ်မြောင်းရှိ
☐ 9. ၁၀ ကေကျော် ရေသွယ်မြောင်းမရှိ ☐ 10. ၁၀ ကေကျော် ရေသွယ်မြောင်းရှိ

၁၄။သင့်မိသားစုမှာအောက်ဖော်ပြပါသင့်လုပ်ငန်းအထောက်အကူပြုပစ္စည်းများပိုင်ဆိုင်ပါသလား?

*(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

- ☐ 1. လယ်ယာသုံးကိရိယာ (ထွန်သွား၊ နွားလှည်း)
- ☐ 2. ထွန်စက်၊ ထရော်လော်ဂျီ
- ☐ 3. စိုက်ပျိုးသုံးပစ္စည်း (ဓါး၊ ပေါက်ပြား စသဖြင့်)
- ☐ 4. အပ်ချုပ်စက်
- ☐ 5. ယက်ကန်းစက်
- ☐ 6. စက်လှေ
- ☐ 7. လှော်လှေ
- ☐ 8. ကား
- ☐ 9. လယ်ထွန်၊ လှည်းဆွဲ (ကျွဲ၊ နွား)
- ☐ 10. ဆိုင်ကယ်
- ☐ 11. ဘာတခုမှမရှိပါ
- ☐ 12. အခြား (ဖော်ပြပါ) ..............................

၁၅။ သင့်မိသားစုမှာ အိမ်မွေးတိရိစ္ဆာန် ဘယ်လောက်ပိုင်ဆိုင်သလဲ? *(အကွက်ထဲတွင် ကောင်ရေ ထည့်ပေးပါ)*

- ☐ 1. ကျွဲ ၊ နွားထီးကြီး
- ☐ 2. နွား
- ☐ 3. မြင်း၊ လား
- ☐ 4. ဝက်
- ☐ 5. ဆိတ်
- ☐ 6. ကြက်၊ ဘဲ၊ ငန်း၊ အခြားတောင်ပံပါသတ္တဝါ
- ☐ 7. ငါး၊ ပုဇွန်၊ ဂဏန်းမွေးကန် (ကန်)
- ☐ 8. အခြား (ဖော်ပြပါ) ..............................

၁၆။ လွန်ခဲ့တဲ့တလအတွင်း သင့်မိသားစုစားသုံးဆန် အများဆုံးဘယ်ကရလာခဲ့သလဲ? *(တခုထဲသာမှတ်ပါ)*

- ☐ 1. ကိုယ်တိုင်စိုက်ပျိုး၍ရသောဆန်မှရသည်
- ☐ 2. ငွေဖြင့်ဝယ်ယူသည်
- ☐ 3. ချေးစား၍ ပြန်ပေးရန်ရှိသည်
- ☐ 4. မိသားစုမိတ်ဆွေထံမှ လက်ဆောင်ရသည်
- ☐ 5. အလုပ်လုပ်ပေး၍ ရသည်
- ☐ 6. အခြားပစ္စည်းဖြင့်လဲစားသည်
- ☐ 7. အဖွဲ့အစည်းတခုခုမှအကူအညီရသည်
- ☐ 8. အခြား (ဖော်ပြပါ) ..............................

၁၇။ လွန်ခဲ့တဲ့တလအတွင်း သင့်မိသားစုရဲ့ အဓိကဝင်ငွေဘယ်ကရခဲ့သလဲ? *(တခုထဲသာမှတ်ပါ)*

- ☐ 1. ကျဘမ်း (တနေ့လုပ်တနေ့စား)
- ☐ 2. လစာရအလုပ်
- ☐ 3. တောင်ယာမှရသည့်ဆန်
- ☐ 4. လယ်ထွက်ဆန်
- ☐ 5. အသေးစားကုန်၊ လက်လီလက်ကား
- ☐ 6. ငါးဖမ်း၊ တောလိုက်
- ☐ 7. ထင်းရှာ၊ တောထွက်ပစ္စည်း
- ☐ 8. အိမ်မွေးတိရိစ္ဆာန်
- ☐ 9. အခြားခင်မင်သူကပို့လာသည်
- ☐ 10. တလအတွင်းဘာဝင်ငွေမှမရှိပါ
- ☐ 11. အခြား (ဖော်ပြပါ) ..............................

၁၈။ လွန်ခဲ့တဲ့တလအတွင်း သင်စုစုပေါင်းသုံးငွေထဲမှာ အစားအစာနဲ့အခြားအခြေခံလိုအပ်မှုအတွက် ဘယ်လောက်ရာခိုင်နှုန်းအထိ သုံးခဲ့ပါသလဲ? *(သုံးငွေအားလုံးဖော်ပြပြီးတာနဲ့ ကျော်ခဲ ၁၀လုံးယူပြီး အချိုးအစားလုပ်ပါ)*

| အသုံးစားရိတ် | ％ သုံးငွေ |
|---|---|
| ဘာမှမသုံးခဲ့ပါ | |
| အစားအစာ | |
| အဝတ်အစား နှင့် နေထိုင်ခင်း | |
| အိမ်သုံးပစ္စည်း (ဆပ်ပြာ၊ ရေနံဆီ၊ ဖယောင်းတိုင်၊ စသဖြင့်) | |
| ကျန်းမာရေး၊ ဆေးဝါး | |
| ပညာရေး | |
| သယ်ယူပို့ဆောင်ရေး | |
| ခြံမြေ ၊ စီးပွားရေးအရင်းအနှီး | |
| အကြွေးပြန်ဆပ် | |
| အခြား (ဖော်ပြပါ) | |
| စုစုပေါင်း | ၁၀၀ ％ |

၁၉။ လွန်ခဲ့တဲ့၆လအတွင်း သင့်စားဝတ်နေရေးအတွက် အဓိကအခက်အခဲ၊ တုန်လှုပ်ချောက်ချားစေ တာဘာတွေရှိလဲ?
*(အများဆုံး ၂မျိုးသာမှတ်ပါ)*

- ☐ 1. အလုပ်ပြုတ်၊ လစာလျှော့ခံရ
- ☐ 2. ရေကြီး၊ မိုးကြီး၊ မိုးခေါင်၊ မြေပြို
- ☐ 3. ကြွက်၊ ပိုးမွှားသီးနှံများကိုဖျက်
- ☐ 4. လက်နက်ကိုင်အဖွဲ့သီးနှံဖျက်၊ ခိုးယူသွား
- ☐ 5. ဖျားနာ၊ သေဆုံး – ဆေးဝါး၊ အသုဘစရိတ်
- ☐ 6. ဆီဈေး၊ ကုန်ဈေးတက်
- ☐ 7. သွားလာ၊ ကုန်ကူး ကန့်သတ်ချုပ်ချယ်
- ☐ 8. မြေယာရနိုင်မှုအကန့်အသတ်၊
- ☐ 9. မြေမြုပ်မိုင်း
- ☐ 10. တိုက်ပွဲ၊ စစ်ကြောင်း
- ☐ 11. အတင်းအဓမ္မလုပ်အားပေး
- ☐ 12. အတင်းအဓမ္မငွေတောင်း၊ ဆက်ကြေး
- ☐ 13. အတင်းပြောင်းရွှေ့ခံရ
- ☐ 14. အခြား (ဖော်ပြပါ) ..............................

၂၀။ သင့်မိသားစုထဲမှာ အောက်ပါအစားအစာတမျိုးစီကို လွန်ခဲ့တဲ့တပတ်အတွင်း ဘယ်နှစ်ရက် စားသုံးပါသလဲ?
*(အစားအစာတခုချင်းအတွက် ရက်အရေအတွက်ထဲ့ပေးပါ)*

| အစားအစာအမျိုးအစား | တပတ်အတွင်း |
|---|---|
| စားသုံးရက်ပေါင်း | |
| ထမင်း | |
| အခြားသားရည်စာ (ပေါင်မုန့်၊ ဂျုံပြောင်းနှင့်လုပ်သောမုန့်၊ ခေါက်ဆွဲ) | |
| သစ်ဥသစ်ဖု (ဥပမာ– အာလူး၊ကန်စွန်းဥ) | |
| ပဲ၊ ပဲပင်ပေါက်၊ အခွံမာသောအသီးများ၊ တိုဟူး | |
| ငါး (ငါးပိမပာတ်ပါ) | |
| ကြက်ဥ | |
| ခြေလေးချောင်းကောင်အသား (အမဲသား၊ ဆိတ်သား၊ ဝက်သား) | |
| ခြေနှစ်ချောင်းကောင်အသား (ကြက်၊ ဘဲ) | |
| ဟင်းသီးဟင်းရွက်ဆီ၊ အဆီဓါတ် | |
| နွားနို့၊ ဒိန်ခဲ၊ ဒိန်ချဉ် | |
| ဟင်းသီးဟင်းရွက် (အရွက်များအပါအဝင်) | |
| သစ်သီးများ | |
| အချိုစာ၊ သကြား၊ ထန်းလျက်၊ | |
| မီးဖိုချောက်အဆာပလာ (ဆား၊ ငရုပ်သီး၊ ငပိ) | |
| အခြား (ဖော်ပြပါ) | |

၂၁။ ယခုသင်စုဆောင်းထားတဲ့အစားအစာ ဘယ်ကာလအတိုင်းအတာအထိ လုံလောက်မယ် ထင်ပါ သလဲ?
*(တခုထဲသာမှတ်ပါ)*

- ☐ 1. စုထားဆန်မရှိတော့ပါ
- ☐ 2. တရက်သာ
- ☐ 3. ၂–၇ ရက်
- ☐ 4. တပတ်ကျော် – တလအောက်
- ☐ 5. တလ မှ ၃လအထိ
- ☐ 6. ၄လ – ၆လအထိ
- ☐ 7. ၆လအထက်

၂၂။ လက်ရှိသင့်ဆီမှာသူများကိုပြန်ပေးဖို့အကြွေးရှိနေတယ်ဆိုယင် သင်အဓိကဘာကိစ္စကြောင့် ချေးခဲ့ရတာလဲ?

*(တခုထဲသာမှတ်ပါ)*

- ☐ 1. လက်ရှိအကြွေးမရှိပါ
- ☐ 2. အစားအစာဝယ်ရန်
- ☐ 3. ကျန်းမာရေး၊ ဆေးဝါးကုသရန်
- ☐ 4. ကလေးကျောင်းလခ၊ ပညာရေးစရိတ်
- ☐ 5. စိုက်ပျိုးရေး၊ စီးပွားရေးအရင်းအနှီးမြုပ်နှံရန်
- ☐ 6. မြေ၊ အိမ် ဝယ်ရန်၊ ငှားရန်
- ☐ 7. ပွဲလမ်းသဘင်အတွက်ပေးရန်
- ☐ 8. မတရားအခွန်ငွေ၊ ဒဏ်ငွေပေးရန်
- ☐ 9. အခြား (ဖော်ပြပါ) ................................

၂၃။ လွန်ခဲ့တဲ့တလအတွင်း သင့်မိသားစု အစားအစာမလုံလောက်မှုအပေါ် ဘယ်လိုဖြေရှင်းခဲ့သလဲ?

*(သင့်လျော်သည့်အကွက်များတွင်မှတ်ပါ)*

- ☐ 1. လွန်ခဲ့တဲ့လအတွင်း မလုံလောက်မှုမရှိပါ
- ☐ 2. ဈေးသက်သာစာ ဝယ်စားသည်
- ☐ 3. ဆန်ပြုတ်စားသည်၊ လျှော့စားသည်
- ☐ 4. တရက်လုံးမစားပဲနေလိုက်သည်
- ☐ 5. မိတ်ဆွေ၊ ဆွေမျိုးများကိုမှီခိုသည်
- ☐ 6. အကြွေးဖြင့်ဝယ်ယူခဲ့သည်
- ☐ 7. ပိုင်ဆိုင်မှုရောင်းချသည်
- ☐ 8. အလှူအဒါန်းမှအကူအညီရသည်
- ☐ 9. ဝင်ငွေရရန်အတွက် ရွှေ့ပြောင်းလိုက်သည်
- ☐ 10. အခြား (ဖော်ပြပါ) ...............................

TBBC

www.tbbc.org

# ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေး ညွန့်ပေါင်းအသင်း (တီဘီဘီစီ)

မြန်မာနိုင်ငံမှ အိုးအိမ်အခြေပျက်ထွက်ပြေးလာရသူများအတူ လုပ်ကိုင်ဆောင်ရွက်ခြင်း
၂၆ နှစ်ပြည့်–နှစ်ပတ်လည်နှစ်

## ရည်ရွယ်ချက်

ထိုင်း–မြန်မာနယ်စပ်တလျှောက် ကူညီစောင့်ရှောက်ရေးညွန့်ပေါင်းအသင်း(တီဘီဘီစီ) သည် အစိုးရမဟုတ်သည့်၊ အကျိုးအမြတ်အတွက်မမျှော်ကိုးသော လူသားချင်းစာနာမှုကယ်ဆယ်ရေးအကူအညီများနှင့် ဖွံ့ဖြိုးရေးအကူအညီများပေးအပ်နေသည့် အဖွဲ့အစည်းတခုဖြစ်ပါသည်။ အစိုးရမဟုတ်သည့် အဖွဲ့များ၏ညွန့်ပေါင်းအဖွဲ့အစည်းတခုဖြစ်ပြီး၊ မြန်မာနိုင်ငံမှ အိုးအိမ်အခြေပျက်ထွက်ပြေးလာသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာလိုအပ်ချက်များဖြည့်ဆီးပေးရန်၊ မိမိဘာသာ ကိုယ်ထူကိုယ်ထရပ်တည်နိုင်ရေးအတွက် သန်စွမ်းအားကောင်းလာစေရန်၊ ထိုသူများ၏ ဂုဏ်သိက္ခာ၊ တရားမျှတမှု၊ ငြိမ်းချမ်းရေး ရည်ရွယ်ချက်များနှင့်လျှော်ညီစွာ သင့်လျော်သည့်ရေရှည်အဖြေရှာဖွေနိုင်ရေးအတွက် တုံ့ပြန်ကူညီပံ့ပိုးမှုပေးနေပါသည်။

2010